
www.burmeseclassic.com

# ကဝေဆယ့်နှစ်ကြိုး
# ဂါထာ




ညဖဖတ်ရ

www.burmeseclassic.com

www.burmeseclassic.com

# အရှေ့ဘက်ကောင်းကင်

ဘုန်းဇော်စီစဉ်သည်

အရှေ့ဘက်ကောင်းကင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၀၁၃ ခုနှစ်  ဖွန်လ ပထမအကြိမ်

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး (မြဲ - ၀၄၁၀၀)
လာဘ်မိုးဖွဲ့စာပေ၊ အမှတ် (၂၀၅/က)
ပိတောက် (၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပုံနှိပ်သူ - ဦးစည်သူကိုကို၊ (မြဲ - ၁၀၉၈၁)၊
တော်ဝင်ထွန်းပုံနှိပ်တိုက်၊ အမှတ် (၁၇)၊
(၅၂လမ်း)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပန်းချီ - ကိုနေခြည်

ကွန်ပြူတာစာစီ - ဇာနည်မော်

အတွင်းဖလင် - ရာဇာမျိုးဝင်း (လမ်း၄၀)

အဖုံးဖလင် - (Eagle)

စာအုပ်ချုပ် - စိုးနိုင်

အုပ်ရေ - ၁၀၀၀ အုပ်

တန်ဖိုး - ၁၂၀၀ ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင်စာပေ
အမှတ် (၂၈၄)၊ ပထပ်၊ လမ်း(၄၀)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၉၇၃၁၇၃၃၈၃၊ ၀၉၄၂၀၅၆၃၅၄၊ ၀၉၄၅၈၀၄၇၆၁၆




www.burmeseclassic.com

www.burmeseclassic.com



## [illegible] ကဝေဆယ့်နှစ်ကြိုး [illegible]

၁။ ကပ္ပလီကဝေမ

၂။ လူစားစားကဝေ

၃။ မှန်တော်ကဝေမ

၄။ ဂူအောင်းကဝေ

၅။ ကန်တော်ကဝေမ





### ကပ္ပလီကဝေမ

ဒီလောကကို ဟာဖေ ရောက်မှန်းမသိ ရောက်လာခဲ့တယ်။ ခင်ဗျားတို့ သိထားတဲ့အတိုင်း ကျုပ်က ယူးယူးဆန်းဆန်းကိစ္စဆိုရင် လွှတ်သိချင်တာဗျ။ အဲဒီဝါသနာကြောင့်ပဲညီး ဟသက်လုပြီး ပြေးခဲ့ရတာ အကြိမ်ကြိမ်ပါပဲ။ ဒါပေမဲ့ တာတေဆိုတဲ့ကောင်က နေခင်ကျဉ်သွားသလားဆိုတော့ ဝေးပဗျာ။ ကျုပ်ရှင်သရွေ့ မွေးရာပါ စူးစမ်းချင်တဲ့စိတ်က ပိုတောင်ဆိုးလာပသေးတယ်။

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား မှတ်မိသေးလား။ တာတေကို နာနာဘာဝမြင်နိုင်တဲ့ 'မျက်ကွင်းဆေး' ပေးခဲ့တဲ့ ဆရာကြီးလေဗျာ။ ဆရာကြီး စိုးနွံ့မလေ။ အဲဒီဆရာကြီးကြောင့် တာတေ ဒီလောကထဲကို ကျွမ်းမသိ ကျူးဝင်ခဲ့တာပျို့။ ကျုပ်က ဆရာနွံ့ဖကို အားကြီးလေးစားတာဗျ။

ဆရာနွံ့ဖ ကျုပ်တို့ ထနောင်းကုန်းကို တစ်ခေါက်ပြန်ရောက်လာတာကနေ ဒီဇာတ်လမ်း စခဲ့တာပဲဗျာ။

"ကိုကြီးတာတေကို ဆရာတော် ခေါ်ခိုင်းလို့ အခု လာခဲ့ပါတဲ့"

ပုဗ္ဗာရုံကျောင်းက ကျောင်းသားလေး တောကျော် ကျုပ်ကို လာခေါ်တယ်။

"ဘာကိစ္စတုံးကွ တောကျော်ရဲ့"

တောကျော်ဆိုတဲ့ကောင်က ကျုပ်ကို လှမ်းခေါ်တာဗျ။

"အဲဒါတော့ ကျုပ်မသိဘူးဗျ၊ ကိုကြီးတာတေကို အရေးကြီးတဲ့ကိစ္စရှိလို့ အခုချက်ချင်း သွားခေါ်ခဲ့ဆိုပဲ ဆရာတော်က မိန့်လိုက်တာဗျ"

"အေး အေး ငါ အခုပဲ လိုက်ခဲ့ပါ့မယ် တောကျော်ရာ၊ လုံချည်ကလေးတော့ လဲဦးမှကွ"

ကျုပ်က ပြောပြောဆိုဆိုနဲ့ အိမ်ထဲဝင်ပြီး အမေ့ကို ပြောတယ်။ ပြီးတော့ လုံချည်ကလေးလဲပြီး. . .

"ကဲ လာ၊ သွားစို့ တောကျော်"

တောကျော်ကို ခေါ်ပြီး ရွာအရှေ့ပိုင်းက ပုဗ္ဗာရုံကျောင်းဘက်ကို နှမ်းယောက်သား ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်။





ပုဗ္ဗာရုံကျောင်းကြီးကိုရောက်တော့ ဆရာတော် ဦးဂုဏရဲ့ တိုက်ကျောင်းပေါ်ကို တက်ခဲ့တယ်။ အပေါ်ထပ်ကိုတက်တဲ့ ကျွန်းလှေကားကြီးရဲ့ လက်ရမ်းပွတ်လုံးတိုင်ပေါ်က ပန်းကနုတ်တွေကို ကြည့်ရင်း ကျုပ်စိတ်ထဲမှာ ရှေးလက်ရာတွေ တော်တော်ကောင်းတာပဲလို့ တွေးမိတယ်ဗျ။ ဒီကျောင်းကြီးက တကယ့်ကို လက်ရာမြောက်တဲ့ ရှေးဟောင်းကျောင်းကြီးလေဗျာ။

အပေါ်ထပ်ကိုရောက်တော့ ကျုပ်ကို စောင့်နေတဲ့ ပုဗ္ဗာရုံဆရာတော် ဦးဂုဏရယ်၊ ပြီးတော့ သူ့ဘေးမှာထိုင်ပြီး ကျုပ်ကို ပြုံးကြည့်နေတဲ့ ဆရာနွံ့ဖ။

"ဟာ ဆရာကြီးပါလား၊ ဘယ်တုန်းက ရောက်တုံး"

ကျုပ်ဖြင့် ဝမ်းသာလိုက်တာဗျာ။ တောကျော်ကတော့ သူ့ကိစ္စပြီးလို့ ဆရာတော်ကို ဦးချပြီး အောက်ကိုဆင်းသွားတယ်။

"မောင်တာတေ ဆရာနွံ့ဖကိုတွေ့တော့ စိတ်ထဲ ဘယ်လိုနေတုံး"

"ဟာ ဝမ်းသာသွားတာပေါ့ဘုရား၊ အခုတလော တပည့်တော်စိတ်ထဲမှာ ဆရာကြီးကို မကြာ မကြာ သတိရနေတာဘုရား"

ဆရာနွံ့ဖကလည်း ကျုပ်ကို ပြန်တွေ့ရတာ တော်တော်ဝမ်းသာနေပုံပဲဗျ။ ပြုံးပြုံးကြီးနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေတာပျို့။

"ဆရာ ထနောင်းကုန်းကို အလည်လာတာလား"

လို့ ကျုပ်က ဆရာနွံ့ဖကို မေးလိုက်တော့ ဆရာနွံ့ဖ ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြတယ်ဗျ။ ပြီးတော့မှ ပြုံးနေတဲ့မျက်နှာကို တည်လိုက်ပြီး. . .

www.burmeseclassic.com



"ဆရာတော်ဘုရား မောင်တာတေကို အကျိုးအကြောင်း မိန့်ပေးပါဦးဘုရား"

ဆရာတော် ဦးဂုဏက ကျုပ်ကို စေ့စေ့ကြည့်ရင်း ခေါင်းကို တဆတ်ဆတ်ညိတ်တယ်။

"ဒီလိုကွ တာတေရဲ့ ဆရာနှမနဲ့ သူ့ဆရာကြီး ဦးမင်းအောင်တို့မှာ တော်တော်ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးတစ်ခုကို ဆောက်ကြဖို့ ရှိတယ်ကွ၊ အဲဒါ မင်းရဲ့ အကူအညီ လိုနေကြလို့တဲ့"

"ဪ. . . ဒီလိုလား၊ ဒါဆိုတစ်ခါလို သစ်စုန်းနှုတ်ရမှာလားဘုရား"

ကျုပ်က ဆရာတော်ကို မေးလျှောက်ရင်း ဆရာနှမကို တစ်ချက်ကြည့်လိုက်တယ်။

ဆရာနှမက ခေါင်းရမ်းပြတယ်ဗျ။ ဆရာတော်က ဆက်ပြီး မိန့်တယ်။

"တာတေ မင်းနားလည်အောင် ဘုန်းဘုန်း ပြောမယ်၊ ဒီလောကမှာ ဘယ်လောက်မှောက်မိမိ၊ ဘယ်လောက်အိုးဖောက် တိုးတက် [illegible] ကဗေပညာကြီးကတော့ ရှင်သန်နေတုန်းပဲကွ"

"အလို ဟုတ်ရဲ့လားဘုရား"

"ဟုတ်တယ်ကွ တာတေရ၊ အင်မတန် အတွေ့ကြီးတဲ့သူတွေက သူတို့ရဲ့ ဘဝတိုးတက်ဖို့ ကြီးပွားချမ်းသာဖို့ ရှေးဟောင်းပညာတွေ တတ်ထားတဲ့ ကဗေဆရာတွေကို တိတ်တိတ်ကလေး ကိုးကွယ်ကြတယ်၊ အားကိုးအားထား ပြုကြတယ်ကွ"





"ဒီပညာက ဘယ်တုန်းကတည်းကများ ရှိနေတာလဲဘုရား"

ကျုပ်မေးလိုက်တဲ့စကားကို ဆရာနှမက ဟျာဟျာသလဲ ဝင်ဖြေတယ်ဗျ။

"အေးကွ တာတေရ၊ မင်းလည်း အတန်းပညာသင်ခဲ့ဖူးတာပဲမို့လား၊ အာဗရိကတိုက်က စခဲ့တာကွ၊ အဲဒီက လူရိုင်းကြီးတွေ ထနေ စခဲ့တာကွ၊ နောက်တော့ တစ်ကမ္ဘာလုံးကို ပြန့်သွားတာပေါ့ကွာ၊ အခုတော့ ဒီပညာတွေဟာ ကမ္ဘာပေါ်ကနေ ပျောက်သွားသလိုထင်ရပေမယ့် တကယ်တော့ မပျောက်ဘူးကွ၊ ပုန်းလျှိုးကွယ်လျှိုးနဲ့ လျှို့ဝှက်ပြီး ရှိနေသေးပဲ တာတေရ၊ သိပ္ပံပညာရပ်ကြီး ထွန်းကားလာတော့ ဒီပညာက နောက်ကွယ်ကို ရောက်သွားတာပေါ့၊ ဒါပေမဲ့ တိတ်တဆိတ် ရှင်သန်နေ [illegible]ကွာ"

"ဪ. . . ဒီလိုကိုး"

ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ။ စုန်းပြုစားတယ်တို့၊ ရှာသူထပ်တယ်တို့ ဆိုတာလောက်တော့ ကျုပ် ကြားဖူးတာပေါ့။ တစ်ကမ္ဘာလုံးမှာကို ဒီကဗေပညာကြီး ရှင်သန်နေတယ်ဆိုတာတော့ အခုမှပဲ ကျုပ် ကြားဖူးတာဗျ။

"မှန်ပါ့ဘုရား တပည့်တော် ဘာများကူညီပေးရမှာလဲဘုရား"

"အေး. . . ဒီလိုကွ တာတေရ၊ တို့ဆီကနေဆိုရင်တော့ အတော်ကလေး ဝေးတာပေါ့ကွာ၊ ယိုးဒယားပြည်နဲ့ နယ်စပ်က ရွာကလေးတွေမှာ တော်တော်ကိုဆိုးရွားတဲ့ အဖြစ်တစ်ခု ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့ကွ"

"ဘယ်လိုများပါလဲဘုရား"

ကျုပ်က ဒါမျိုးဆို သိပ်သိချင်တဲ့ကောင်ဗျ။ ကြုံ့ကြုံ့ထိုင်နေရာက ရှေ့ကိုတောင် နည်းနည်းတိုးလိုက်မိသေးရောဗျာ။ ဆရာတော်က ကျုပ် သိပ်စိတ်ဝင်စားနေမှန်းသိတော့ ခပ်သုတ်သုတ်ပဲ ဆက်ပြောပါတယ်။ ဆရာနွံဖကတော့ ကျုပ်ကို မသိမသာ အကဲခတ်နေတာ ကျုပ်သိတယ်ဗျ။

"အေး အဲဒီနယ်ဇပိက မြို့ကလေးတွေမှာ လူတွေဟာ သွားရင်းလာရင်းကနေ ခေါက်ခနဲ ဇက်ကျိုးကျပြီး သေကြတယ်တဲ့"

"ဟာ ကြောက်စရာကြီးပါလားဘုရား"

"အေး အဲဒီလို သေသွားလို့ အလောင်းပြင်ထားတဲ့အခါ ညရောက်ရင် ဘယ်လိုဖြစ်တယ် မသိဘူးကွ၊ အလောင်းမှာ နှလုံးတွေ မရှိတော့ဘူးဆိုပဲ"

"ဟာ အဲဒီအလောင်းကို ညဘက်စောင့်တဲ့သူတွေ မရှိလို့လားဘုရား"

ဆရာနွံဖက ဝင်ပြောပြန်တယ်ဗျ။

"ဟာ တာတေရာ ရှိတာပေါ့ကွာ၊ အသုဘအိမ်ပဲ၊ ဖဲဝိုင်းတွေဘာတွေလုပ်ပြီး စောင့်ကြရတာပေါ့၊ တစ်ချိန်မှာတော့ လစ်ခနဲဖြစ်သွားကြတယ်ဆိုပဲကွ၊ အဲဒါပြီးရင် အလောင်းမှာ အပေါက်ကြီးဖြစ်နေပြီး နှလုံးမရှိတော့ဘူးဆိုပဲကွ"

"အို အဲဒီကလူတွေတော့ တော်တော်ကို ကြောက်နေကြမှာပဲနော်"





"ကြောက်ပါပြီလား မောင်တာတေရယ်၊ မိုးချုပ်ပြီဆိုရင် မြို့ထဲမှာ လူသံရော ခွေးသံပါ တိတ်ဆိတ်နေတော့တာကွဲ့"

ဆရာနွံဖက တာ့တေ့ကို သေသေချာချာ ရှင်းပြတယ်ဗျ။

"ဒီမကောင်းဆိုးဝါးကို နှိမ်နင်းမထုတ်ကြဘူးလား ဆရာ"

"နှင်တာပေါ့ မောင်တာတေရာ၊ ဘယ်လိုနှင်လို့မှ မရဘူးတဲ့"

ကျုပ်ဖြင့် ကြားရတာနဲ့တင် တော်တော်ကို ကျောချမ်းမိတာဗျို့

"အေး အဲဒီတော့ လိုရင်းကိုပြောကြတာပေါ့ကွယ်"

ဆရာတော်က စကားကို ပြန်စတယ်ဗျ။

"မှန်ပါဘုရား"

"အဲဒီကလူတွေ ဆရာအရှာထွက်ရင်း ဆရာနွံဖဆီ ရောက်လာတာပေါ့ကွာ၊ အနေအထားကို မေးစမ်းကြည့်တော့ ဒီကိစ္စကို ဆရာနွံဖက သူတစ်ယောက်တည်း မနိုင်မှန်း သိသတဲ့ကွ၊ ဒါတော့ ရန်ကုန်မှာနေတဲ့ သူ့ဆရာကြီး ဦးမင်းအောင်ကိုသွားပြီး အကြောင်းကြားထားတော့ ဦးမင်းအောင်က ပြောသတဲ့ကွ"

"ဟင် ဘာများပြောလို့တုံးဘုရား"

"ဒါဟာ လူသားစား ကဝေမတဲ့ဟေ့၊ ပြီးတော့ ဒီနိုင်ငံကတည်း မဟုတ်ဘူးဆိုပဲ၊ ယိုးဒယားပြည်ဘက်ကတဲ့ကွ၊ အခုလို နှလုံးတွေစားတာ သူတို့ပညာအဆင့်တက်တာဆိုပဲကွ၊ ဆယ့်သုံးယောက်ပြည့်အောင် သတ်ပြီးယူရမှာဆိုပဲ။ အခုတောင် လေးယောက်ရှိပြီ တဲ့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် ဆရာနွံဖရဲ့ ဆရာကြီး ဦးမင်းအောင်က ကော ဒီကာဝေမကြီးကို နိုင်ပါ့မလား ဘုရား"

"ဟာ. . နိုင်ပါပြီလား တာတေရာ၊ ဦးမင်းအောင် ဆိုတာက တော်တော်ကိုအဆင့်မြင့်တဲ့ အထက်လမ်းဆရာကြီးကွ၊ ပြီးတော့ သာမန်ညောင်ည မဟုတ်ဘူး၊ ခေတ်ပညာတတ် ဆရာဝန်ကြီးကွ၊ နိုင်ငံခြားတိုင်းပြည်တွေမှာ နှစ်ပေါင်းများစွာ လှည့်လည်သွားလာပြီး ဆေးကုလာခဲ့တာကွ၊ အခုတော့ ဆေးကုတဲ့အလုပ်ကို ရပ်လိုက်ပြီး အောက်လမ်းတွေ ကဝေတွေကို နှိမ်နင်းနေတာဆိုပဲကွ"

"ဟာ ဟုတ်လားဘုရား၊ တော်တော်ကို အံ့သြစရာကောင်းတဲ့ ဆရာကြီးပါလား"

"အေး. . . အဲဒီဆရာကြီး ဦးမင်းအောင်က အခုကိစ္စကို ဆောင်ရွက်ဖို့ အင်မတန်သတ္တိကောင်းတဲ့ စနေသားလူငယ်တစ်ယောက် လိုတယ်လို့ ဆရာနွံဖကို ပြောတယ်ဆိုပဲကွ တာတေရဲ့၊ အဲဒီတော့ မင်းဆရာနွံဖက မင်းကို ချက်ချင်းသတိရပြီး ထနောင်းကုန်းကို ရောက်လာတာကွ၊ အဲဒါ မင်းဆန္ဒကို ဆရာနွံဖက သိချင်တာဟေ့ တာတေရ"

"ဩော် ဒီလိုလား၊ ခရီးတော့ ဝေးသလားဘုရား"

"အေး အဲဒါကြောင့် ပြောတာကွ၊ တစ်ခုတော့ ရှိတာပေါ့ တာတေရာ၊ ဗဟုသုတကို လိုချင်ရင်တော့ ယောက်ျားဆိုတာ ဒီလို ငယ်တုန်းရွယ်တုန်း သွားရလာရမှာပဲကွ"

"မှန်ပါတယ်ဘုရား၊ တပည့်တော်ကလည်း ဒါမျိုးဆိုရင် လွတ်ပြီးစိတ်ဝင်စားတာပါဘုရား၊ အဘနဲ့ အမေ့ကို ပြန်ပြီးတော့





ပြောပါရစေဦးဘုရား"

"ဟာ ပြောရမှာပေါ့ တာတေရ ဒကာကြီးနဲ့ ဒကာမကြီးကို ဗဟုသုတရှာဖို့ ခရီးသွားမယ့်အကြောင်း ပြောပြပေါ့ တာတေရာ"

"မှန်ပါ့ဘုရား"

ဆရာနွံဖကတော့ ကျုပ်ကို အဓိပ္ပာယ်ပါပါနဲ့ ကြည့်တယ်ဗျ။ လိုက်ဖြစ်စေချင်တဲ့သဘောပေါ့ဗျာ။ ကျုပ်ကလည်း လိုက်ချင်လိုက်တာမှ တစ်ပိုင်းကိုသေနေတာပါဗျာ။

◆

အဘနဲ့ အမေကို ပြောပြတော့ ပထမတော့ စိတ်မချကြဘူးဗျ။ နောက်တော့ ကျုပ်က သိပ်သွားချင်နေတာကိုသိတော့ အဘနဲ့ အမေက ကျုပ်ကို ခွင့်ပြုလိုက်ကြတာပေါ့ဗျာ။

ကျုပ်ဆရာနွံဖကတော့ ကျုပ်လိုက်မယ်ဆိုတော့ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ဗျာ။ ဆရာနွံဖနဲ့ ကျုပ်နဲ့ ရက်သိပ်မဆိုင်းတော့ဘဲ ရန်ကုန်ကို ထွက်ခဲ့ကြတယ်ဗျို့။ ရန်ကုန်ကိုရောက်တော့ ဗဟန်းဘက်ကို သွားကြတယ်။ ဗဟန်းကိုရောက်တော့ ခြံဝင်းကြီးတွေနဲ့ တိတ်ဆိတ်ပြီး သစ်ပင်ကြီးတွေ ညို့မှိုင်းနေတဲ့လမ်းထဲကို ဝင်ခဲ့ကြတယ်။ ခြံနံပါတ် '၂၇'။ ခြံတံခါးကို ဆရာနွံဖက တွန်းဖွင့်ပြီး ဝင်ခဲ့တယ်။ ဆင်ဝင်မြင့်မြင့်ကြီးထုတ်ဆောက်ထားတဲ့ ကျွန်းအိမ်ညည်းမည်းကြီးတစ်လုံးရဲ့ ဝင်ပေါက်က ဘာဂျာတံခါးနားမှာ ရမ်ဆိုတ်မှီတော့ အရပ်ပုပြတ်ပြတ်နဲ့ လူတစ်ယောက် ပြေးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီလူက ဆရာနွံဖကိုတွေ့တော့ ခေါင်းညွှတ်ပြီး အရိုအသေပေးတယ်ဗျ။ ပြီးတော့ ကျုပ်ကိုလည်း ပြုံးပြုံးပြီး နှုတ်ဆက်ပါတယ်။

ကျုပ်နဲ့ ဆရာနွံဖ အိမ်ထဲကို ဝင်လိုက်တော့. . .

"ဆရာကြီးရော"

လို့ ဆရာနွံဖက မေးလိုက်တယ်။

"အပေါ်ထပ်က စာကြည့်ခန်းထဲမှာပါ၊ ကျွန်တော် သွားပြောလိုက်ပါ့မယ်၊ ဆရာနွံဖတို့ ဧည့်ခန်းမှာထိုင်ပြီး စောင့်ကြပါခင်ဗျာ"

လို့ ရိုရိုသေသေ ပြောတယ်ဗျ။ ပြီးတော့ အိမ်နောက်ဘက်ကို လှမ်းကြည့်ပြီး. . .

"အေးခင်ရေ ဆရာနွံဖတို့ကို ကော်ဖီလေး မုန့်လေး ချပါဟေ့"

လို့ပြောရင်း အပေါ်ထပ်ကို တက်သွားတယ်။

"အဲဒါ မောင်အေးတဲ့ကွ၊ ဆရာကြီးရဲ့ တပည့်ပေါ့ကွာ၊ အိမ်မှာ မောင်အေးနဲ့ သူ့ညီမ အေးခင်က ဆရာကြီးကို လိုလေသေးမရှိအောင် ပြုစုကြပါတယ်"

မအေးခင် လာချပေးတဲ့ ကော်ဖီနဲ့မုန့်ကို ဆရာနွံဖနဲ့ ကျုပ်နဲ့ စားကြသောက်ကြ လုပ်နေတုန်းမှာပဲ. . .

"နွံဖ ပြန်ရောက်လာပြီလားကွဲ့"

အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်းနဲ့ ဥပဓိရုပ်အတော်ကောင်းတဲ့ လူတစ်ယောက် ဧည့်ခန်းထဲကို ဝင်လာတယ်





ဗျ။ ပုဆိုးအပြာကွက်ကို အပေါ်က ဟာဝေယံရှပ်အင်္ကျီအပြာဖျော့ ချဝတ်ထားတယ်။ ဆရာနွံဖက ဆတ်ခနဲ မတ်တတ်ထရပ်လိုက်တော့ ကျုပ်လည်း ရောယောင်ပြီး ထရပ်လိုက်မိတယ်။

"ပြန်လာပါပြီ ဆရာကြီး၊ ဟောဒါ ကျွန်တော်ပြောတဲ့ မောင်တာတေပါ ဆရာကြီး"

"ဪ ဒါ မောင်တာတေလား၊ ခုလို လိုက်လာတာ ဆရာကြီး အလွန်ဝမ်းသာသကွယ်၊ နွံဖကတော့ မောင်တာတေရဲ့ သတ္တိရှိပုံကို အားကြီးချီးမွမ်းတာကွဲ့၊ အင်း အခုသွားရမယ့်ကိစ္စကလည်း သိပ်လွယ်လွယ်ကူကူတော့ ဟုတ်မယ်မထင်ဘူးကွဲ့၊ မောင်တာတေလို သတ္တိကောင်းတဲ့ လူငယ်တစ်ယောက်က ကူညီမှဖြစ်မှာ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဒီလိုကိစ္စမျိုးတွေဆိုရင် ကျုပ်က လွှတ်စိတ်ဝင်စားတာပါဗျာ၊ တာ့မဲရင်ဆိုင်ရ ရင်ဆိုင်ရ ကျုပ် ကူညီပါမယ်"

"ဟာ နေရာကျလိုက်တာကွယ်၊ ကဲ ဆရာတပည့်နှစ်ယောက် အေးအေးဆေးဆေး ထိုင်ကြကွဲ့၊ ကော်ဖီ အေးအေးဆေးဆေး သောက်ကြ"

ပြောပြောဆိုဆို ဆရာကြီး ဦးမင်းအောင်က ဧည့်ခန်းထဲက ပြန်ထွက်သွားတယ်။ မျက်နှာက အလွန်တည်ငြိမ်ပြီး အေးချမ်းတဲ့အသွင်ကို ဆောင်နေတာ သိပ်ပေါ်လွင်နေတယ်။ အရပ်က ၆ ပေနီးပါးရှိပြီး ကိုယ်လုံးရှာ ထွားကျိုင်းကျိုင်း၊ တောင့်တောင့်ခိုင်ခိုင်၊ ဘကယ့်ကို မြန်မာပီသတဲ့ ရုပ်ရည်ပါပဲ၊ ဆံပင်ကိုလည်း ဆီလိမ်းပြီး သေသေသပ်သပ် ဖြီးထားတယ်ဗျ။ အထူးခြားဆုံးကတော့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ မျက်လုံးတွေပဲ။ နက်မှောင်ပြီး အရောင်တောက်နေသလိုကို ထင်ရတာဗျ။ ပြောပုံဆိုပုံ နေပုံထိုင်ပုံကို ကြည့်ရတာနဲ့တင် အင်မတန် ဂုဏ်သရေရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ပြောစရာကို မလိုလောက်တာဗျို့။ အသက်ကတော့ ၆၀ ကျော်လောက် ရှိမယ်ထင်တယ်။

ဆရာကြီးက ကိုမောင်အေးနဲ့ မအေးခင်ကို ကျုပ်တို့အတွက် အခန်းတွေလုပ်ပေးဖို့ သွားစီစဉ်ပုံရတယ်ဗျ။ ထနောင်းကုန်းရွာသား တာတေအဖို့ကတော့ အားလုံးဟာ အသစ်အဆန်းချည်း ဖြစ်နေတာပေါ့ဗျာ။

ခဏနေတော့ ကိုမောင်အေး ရောက်လာပြီး. . .

"ဆရာနှံ့ဖနဲ့ ကိုတာတေတို့အတွက် အခန်းတွေပြင်ပြီးပါပြီ၊ ခရီးပန်းလာလို့ နားလိုက်ကြပါလို့ ဆရာကြီးက ပြောသွားပါတယ်"

ကျုပ်နဲ့ ဆရာနှံ့ဖကို အိမ်ကြီးရဲ့ ခေါင်းရင်းဘက်က အခန်းကြီး နှစ်ခန်းမှာ တစ်ယောက် တစ်ခန်း ပြင်ပေးထားတာဗျို့။ အခန်းကြီးတွေမှာ ကော်ဇောလိုက်တာဗျာ။ ကျွန်းကုတင်တွေပေါ်မှာ အိစက်နေတဲ့ မွေ့ယာကြီးတွေနဲ့ဗျ။ တာတေဆိုတဲ့ကောင်က ခင်ဗျားသိတဲ့အတိုင်းပဲလေ။ မန်းကျည်းပင်အောက်က သစ်သားကြမ်း ကွပ်ပျစ်ပေါ်မှာ ဝါးပိုးခြမ်းကို ခေါင်းအုံးလုပ်ပြီး အိပ်နေတဲ့ကောင်လေဗျာ။ ကြားပြောတယ်ဆိုတော့ မအံ့ဩကြပါနဲ့ဗျာ။ တကယ်ပါ၊ ဒီလိုအိမ်မျိုး ဒီလိုအိပ်ရာမျိုးမှာ တာတေ တစ်ခါမှ မနေဖူး၊ မအိပ်ဖူးပါဘူး။

အဲဒါကြောင့်လား ခရီးပန်းလာလို့လားတော့ မသိဘူးဗျို့၊ အဲဒီညက တာတေ အိပ်လိုက်တာ နောက်နေ့မနက် ဆယ်နာရီထိုးမှ ကို နိုးတော့တာဗျို့။





တာတေ နိုးလာတော့ ကိုမောင်အေးက အိပ်ခန်းဝက အဆင်သင့်စောင့်ပြီး ရေချိုးဖို့ ရေခဲလိုချည်၊ တဘက်၊ သွားတိုက်တံ၊ သွားတိုက်ဆေးတွေ ပေးတယ်။ ပြီးတော့ ရေချိုးခန်းကို လိုက်ပို့တယ်။

တာတေ ခရီးပန်းလာတာဆိုတော့ ရေကို တစ်ဝကြီးချိုးပစ်လိုက်တယ်ဗျ။ တာတေ ရေချိုးခန်းကထွက်တော့ အိပ်ခန်းထဲ ပြန်ဝင်ပြီး အဝတ်အစားလဲပြီးတော့. . .

"ကိုတာတေ ညီခန်းမှာ ဆရာကြီးနဲ့ ဆရာနှံ့ဖ စောင့်နေတယ်၊ ကော်ဖီလည်း အေးခင်က အဆင်သင့် ဖျော်ထားတယ်"

လို့ ကိုမောင်အေးက ပြောတော့ ကျုပ် သူနဲ့အတူ အိမ်ရှေ့ကို ထွက်ခဲ့တယ်။

"လာကွဲ့. မောင်တာတေ၊ ခရီးပန်းလာတော့ အိပ်လို့ ကောင်းတယ်ထင်ရဲ့"

လို့ ဆရာကြီးက ပြုံးပြီးပြောတယ်ဗျ။

"လာဟေ့ တာတေ၊ ဟောဒီမှာ ကော်ဖီသောက်ပြီးတော့ မုန့်စိမ်းပေါင်းကလေးလည်း စားလိုက်ဦး"

လို့ ဆရာနှံ့ဖကလည်း ပြောတယ်။ တာတေ ဆရာကြီးနှင့် ဆရာနှံ့ဖရှေ့မှာ ခပ်ယို့ယို့ဝင်ထိုင်လိုက်တယ်။

"အေးကွာ၊ မောင်တာတေရဲ့၊ နားမလည်တဲ့သူတွေကတော့ ကျုပ်တို့ကို ခပ်ကြောင်ကြောင်လူတွေလို့တောင် ထင်ဖို့ရှိတာပေါ့ကွာ၊ ဒါပေမဲ့ မယုံမရှိနဲ့ မောင်တာတေရေ၊ ဒီလောကမှာ မှော်ပညာဆိုတာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တာကွဲ့"

ကျုပ် ကော်ဖီသောက်နေတုန်းမှာ ဆရာကြီးက ဗဟုသုတ



www.burmeseclassic.com

www.burmeseclassic.com



ရစေလိုတဲ့သဘောနဲ့ ပြောပြတယ်ဗျ။

"အေး အဲဒီမှော်ပညာစကတည်းက အလင်းမာတ် မှော်ပညာနဲ့ အမှောင်မာတ် မှော်ပညာဆိုပြီး ကွဲကွဲပြားပြား ရှိခဲ့တာလေ မောင်တာတေရဲ့"

"ဪ ဟုတ်ကဲ့ပါ ဆရာကြီး"

တာတေ တစ်ခါမှ မကြားဘူးတဲ့စကားတွေကို ကြားရတာတော့ သိပ်ကို အံ့ဩမိတာပေါ့ဗျာ။

"အလင်းပညာသည်တွေကတော့ လူတွေကောင်းကျိုးအတွက် လုပ်ဆောင်ကြတယ်၊ ဘာသာ သာသနာကို စောင့်ရှောက်တယ်၊ ဆေးကုကြတယ်၊ မကျွတ်မလွတ်ကြတဲ့ ဝိညာဉ်တွေကို လမ်းကြောင်းပေါ် ရောက်အောင် လုပ်ပေးကြတယ်။ ပြီးတော့ အမှောင်ပညာသည်တွေကို ဖျောင်းဖျပြီး ပညာတွေ စွန့်ခိုင်းတယ်။ တစ်ချို့က ဒါကို အထက်လမ်းလို့ ခေါ်ကြတာပေါ့ကွယ်၊ ဒါတော့ မောင်တာတေ ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ ကြားဖူးပါတယ် ဆရာကြီး"

"ဆရာကြီးတို့က အလင်းပညာသည်တွေ၊ အထက်လမ်းပညာသည်တွေပေါ့ကွယ်၊ အေး. . . အလင်းပညာသည်ပဲဖြစ်ဖြစ် အမှောင်ပညာသည်ပဲဖြစ်ဖြစ် ကိုယ့်ကျင့်စဉ်နဲ့ကိုယ် စွမ်းစွမ်းတမံ ကျင့်ကြံနိုင်ရင် ပညာခန်းမှာ အထွတ်အထိပ်ကို ရောက်ကြတာချည်းပါပဲ။ ဒါပေမဲ့ အောက်လမ်းလို့ခေါ်တဲ့ အမှောင်ပညာသည် တစ်ယောက် ပညာခန်းမှာ အထွတ်အထိပ်ကို ရောက်ပြီဆိုရင်တော့ တော်တော်ကို အန္တရာယ်ကြီးတာပေါ့ကွယ်"





"ဟင် ဘာတွေများ လုပ်ကြလို့လဲ ဆရာကြီး"

"အို ဘယ်နှယ်မေးပါလိမ့် မောင်တာတေရယ်၊ လောကသားတွေဟာ လောဘသားတွေကွဲ့၊ ကိုယ်လိုချင်တာ ရဖို့ဆိုရင် လူသတ်ရမှာလည်း မကြောက်ကြဘူး၊ တစ်ဖက်သားကို ရှုံးအောင် လုပ်ဖို့၊ စီးပွားပျက်အောင်လုပ်ဖို့၊ မိသားစုတွေ ပြိုကွဲအောင်လုပ်ဖို့ ဆိုတာလောက်ကတော့ အသေးအဖွဲကိစ္စလို့ကို သဘောထားတာကွဲ့"

"ဟာ ကြောက်စရာကောင်းလိုက်တာ ဆရာကြီးရယ်"

"အေး အဲဒီလို လောဘဇောတက်ပြီး တစ်ဖက်သားကို အောင်းကြဲတော့မယ်ဆိုရင် ခုနကပြောတဲ့ အမှောင်ပညာသည်၊ အောက်လမ်းပညာသည်တွေကို တိုးတိုးတိတ်တိတ် စုံစမ်းပြီး လိုက်ရှာကြတော့တာပေါ့ကွာ၊ အဲဒီမှာ သူတို့က အပူဇော်ခံ ဆရာတွေအဖြစ်နဲ့ ကြီးပွားချမ်းသာကြတော့တာပေါ့လေ"

"တော်တော်ကို အန္တရာယ်များတဲ့လူတွေပါလားဗျာ"

"အေး အခုခေတ်က ပိုတောင်ဆိုးလာသေးသကွဲ့၊ အဖြူ ဝတ် အညိုဝတ်ကလေးဝတ်ပြီး အထက်လမ်းဆရာယောင်ဆောင်နေတဲ့ အောက်လမ်းတွေတောင် ရှိနေတာ မောင်တာတေရဲ့၊ အေး ဘူပ်တို့ အလင်းမာတ်ပညာသည်တွေရဲ့ အလုပ်က အဲဒီအောက် လမ်းကောင်တွေ၊ အောက်လမ်းမတွေ လုပ်ထားတဲ့ ပညာတွေကို လိုက်ပြီး ဖျက်ဆီးကြရတယ်။ ပြီးတော့ အဲဒီအောက်လမ်းကောင် တွေ၊ ကောင်မတွေကို မိအောင်ဖမ်းပြီး သူတို့ပညာတွေကို စွန့်ခိုင်းရ တယ်။ ပစွန့်ရင်တော့ ပျက်အောင် ဖျက်ပစ်ရတာပေါ့လေ။ တစ်ခါ တလေ ခေါင်းမာတဲ့ အကောင်တွေ ကောင်မတွေနဲ့တွေ့ရင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပညာတွေကို ဖျက်ပစ်ရင်း ဒင်းတို့ အသက်ပါ ဆုံးရှုံးကုန်ကြတာပေါ့။

ကျုပ်က ဆရာကြီးပြောတာတွေကို နားထောင်ရင်း တွေးနေမိတယ်ဗျ။ ကျုပ်ကို အကဲခတ်နေတဲ့ ဆရာကြီးက. . .

"မောင်တာတေ ဘာများ မရှင်းလို့လဲကွဲ့၊ သိချင်တာကို ပွင့်ပွင့်လင်းလင်း မေးစမ်းပါကွာ"

ဆရာကြီးက တော်တော်ကို ပွင့်ပွင့်လင်းလင်း ရှိတာဗျ။

"ဩော် ဒီလိုပါ ဆရာကြီး၊ ဆရာကြီး ဒီပညာတွေကို ဘယ်မှာများ သင်ယူသလဲလို့ တွေးမိသွားလို့ပါဗျာ"

"အေး ကျုပ်ဆေးပညာသင်ယူနေတုန်းမှာပဲ ပထမဆရာကြီး ဦးအောင်နဲ့ ဆုံတွေ့ပြီး အထက်လမ်းပညာတွေကိုစပြီး သင်ခဲ့ရတယ်။ ပထမဆရာကြီး ဦးအောင်ဆိုတာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးကွဲ့။ သူပြည်တော်ဝင်လာတဲ့အချိန် လူ့လောကထဲကို ကိစ္စရှိလို့ပြန်လာရတဲ့အချိန်မှာ ကျုပ်ကို သင်ပေးခဲ့တာပေါ့။ နောက်တော့ ဆရာကြီးရဲ့ ခိုင်းစေမှုနဲ့ ကျုပ် ကုလသမဂ္ဂရဲ့ ဆရာဝန်အဖြစ်နဲ့ နိုင်ငံတကာ လှည့်ရတယ်။ အဲဒီလို ကမ္ဘာလှည့်ပြီး ဆေးကုရင်းနဲ့ ဒီပညာတွေကို ထပ်ပြီးဆည်းပူးခဲ့ရပြန်တယ်။ နိုင်ငံရပ်ခြားမှာလည်း ဒီလိုပညာရှင်တွေ အများကြီး ရှိနေတာကွဲ့ မောင်တာတေရဲ့ ကျုပ် နိုင်ငံခြားတိုင်းပြည်တွေမှာ လှည့်သွားလာနေရင်းနဲ့ အထက်လမ်းတွေကို နှိမ်နင်းနေခဲ့တာ နှစ်ပေါင်း မနည်းတော့ပါဘူးကွယ်"

ကျုပ်ဖြင့် ဆရာကြီးကို ကြည်ညိုလွန်းလို့ ချက်ချင်း လက်အုပ်ချီပြီး ကန်တော့မိတာပေါ့ဗျာ။

"အေး မောင်တာတေ၊ သာဓုကွယ် သာဓု သာဓု၊ ကျုပ်တို့





အခုလို ဆရာလို့ သတ်မှတ်တော့လည်း ကျုပ်က တပည့်လို့ သတ်မှတ်ပါတယ်ကွယ်၊ ဩော် ဒါနဲ့ မနက်ဖြန်ဆိုရင် ကျုပ်တို့သုံးယောက် ခရီးထွက်ကြရမယ်နော်၊ ကျုပ်ခရီးအတွက် အားလုံးစီစဉ်ပြီးပြီကွဲ့၊ မောင်တာတေ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ်ကတော့ အချိန်မရွေး ထသွားဖို့ အဆင်သင့်ပါပဲဗျာ"

"အေး ကောင်းတယ်ကွဲ့၊ မောင်တာတေရဲ့ ဒီလိုစိတ်ဓာတ်မျိုးကိုမှ ဆရာကြီးကလည်း ကြိုက်တာဗျ၊ ဩော် နှမဖရေ မောင်တာတေ ရောက်တုန်းရောက်ခိုက် ဘုရားဖူးရအောင် ရွှေတိဂုံဘုရားကြီးကို ပို့လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော် ပို့လိုက်ပါ့မယ်"

ဆရာကြီးက ကျုပ်ကို ပြုံးပြီးနှုတ်ဆက်တယ်။ ပြီးတော့ ထိုင်ရာကထပြီး အပေါ်ထပ်ကို တက်သွားတယ်ဗျ။

"မောင်အေးနဲ့ အေးခင်ရေ ဒီမနက်စာတော့ ကျုပ်နဲ့ မောင်တာတေကို မစောင့်နဲ့တော့ပေါ့၊ မောင်တာတေကို ဘုရားပို့ရင်း အပြင်မှာပဲ စားခဲ့မယ်ပေါ့၊ ညစာကျမှပဲ အိမ်မှာစားမကွယ်"

"ဩော် ဟုတ်ကဲ့ပါ၊ ဆရာနှမဖ"

လို့ မအေးခင်က ဆရာနှမဖကို ရိုရိုသေသေ ပြောတယ်ဗျ။ ဆောနေတော့ ကျုပ်နဲ့ ဆရာနှမဖ အပြင်ကို ထွက်ခဲ့ကြတယ်။ ဘုရားကြီးဘက်ကို ဦးတည်ပြီးတော့ပေါ့ဗျာ။

◆



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ခရီးထွက်ပြီတဲ့။

ဆရာနှံ့ဖက ရှမ်းတိုက်ပုံနဲ့ ရှမ်းဘောင်းဘီပွပွ။ အပေါ်ကလည်း ပင်နီ၊ အောက်က ဘောင်းဘီကလည်း ပင်နီနဲ့ဗျ။ ပြီးတော့ ရှမ်းလွယ်အိတ်ကြီးတစ်လုံး လွယ်လို့ပေါ့ဗျာ။ ဆရာကြီးကတော့ နိုင်ငံတကာမှာ နေလာတယ်ဆိုပေမယ့် ဘောင်းဘီတွေဘာတွေ ဝတ်လိမ့်မယ် မထင်နဲ့ဗျို့၊ ပလေကပ်ပုဆိုးအပြာကွက်လုံချည်နဲ့ အပေါ်က ရှပ်အင်္ကျီအဖြူ ခပ်နွမ်းနွမ်းကလေး ဝတ်လို့ဗျ။ ပြီးတော့ ဆရာကြီးကလည်း လွယ်အိတ်ကြီးတစ်လုံး လွယ်ထားတယ်။

တာတေကတော့ သိတဲ့အတိုင်းပေါ့ဗျာ။ ထနောင်းကုန်းသား၊ တောသားမို့လား။ ချည်လုံချည် တစ်ပတ်နွမ်းလေးနဲ့ ရှပ်အင်္ကျီကလည်း ပိတ်အင်္ကျီ ဝါတာတာလေး ဝတ်လို့ပေါ့ဗျာ။

ပထမဆုံး မော်လမြိုင်ကို သွားကြတာဗျ။ မော်လမြိုင်ကို ရောက်တော့ ဆရာကြီးရဲ့ တပည့်တစ်ယောက်အိမ်မှာ တည်းကြတယ်။ ဆရာနှံ့ဖပြောတာကတော့ ဒီလူကလည်း ဆရာကြီးဆီကနေ ပညာယူထားတဲ့ တပည့်တဲ့ဗျ။ သူလည်း အဆင့်တော်တော်ရှိနေပြီဆိုပဲ။ နာမည်က ကိုအေးမောင်တဲ့။ လူက အရပ်ရှည်ရှည်၊ အသားညိုညို၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ အသက် ၄၅ နှစ်လောက်ရှိပြီဗျ။ ဆရာကြီးကိုလည်း လွတ်ရိုသေတဲ့လူဗျာ။ ကျုပ်တို့ကို ဆရာကြီးတပည့်တွေဆိုပြီး တော်တော်ကို ဂရုစိုက်ပါတယ်ဗျာ။ အဲဒီည ထမင်းစားသောက်ပြီး စကားဝိုင်းမှာ ဆရာကြီးက မေးတယ်ဗျ။

"ဘယ်လိုလဲ မောင်အေးမောင်ရဲ့၊ ဒီမှာကော အောက်လမ်းတွေ ထသေးလားကွဲ့"





"ထပါပြီလား ဆရာကြီးရယ်၊ ဟိုတလောကလေးတင် ဦးဒါကြွင်းနားက ကလေးမတစ်ယောက် ကိုယ်ဝန်ကြီး အရင့်အမာနဲ့ ကျွန်တော့်ဆီ ရောက်လာကြတယ်။ ဒီရောက်တော့ ကျွန်တော် စမ်းသပ်ကြည့်တဲ့အခါ သူ့ဗိုက်ထဲမှာ ကလေးမဟုတ်ဘဲ မြွေတွေ အထွေးလိုက်ကြီး လုံးနေတာ ဆရာကြီးရေ"

ဟေ ဒါ တော်တော်အဆင့်မြင့်တဲ့ ကဝေရဲ့ လက်ချက်ပဲ ကွ"

"ဟုတ်ပ ဆရာကြီးရယ်၊ ကျွန်တော်လည်း ဆရာကြီး ပေးထားတဲ့ အင်းချပ်ကို သူငယ်မရဲ့ ဗိုက်ပေါ်တင်ပြီး အပေါ်က မီးထွန်းပေးလိုက်တော့မှ ဗိုက်ထဲက မြွေတွေ စဉ်းစဉ်းကို သေတော့တာပဲဗျာ။ ဒါနဲ့ ကျွမ်းကျင်တဲ့ လက်သည်မနှစ်ယောက်ခေါ်ပြီး နောက်ဖက်က အဆောင်ထဲတင် မွေးခိုင်းလိုက်တာ။ မြွေမှ ငါးကောင်တောင် ဆရာကြီးရေ။ လုံးထွေးပြီး ခြင်းလုံးလိုကို ကျစ်နေတာဗျို့။ အရွယ်ကတော့ လက်သန်းလုံးသာသာလောက် ရှိလိမ့်မယ်"

"အင်း.., မောင်အေးမောင်ရယ်၊ ဒီကဝေတွေက တော်တော်ကို ဆိုးတာပါကွာ၊ ဒါထက် အဲဒီကဝေကို မင်း မခေါ်ဘူးလား"

"ခေါ်ပါပြီလား ဆရာကြီးရယ်၊ ဗမာမဟုတ်ဘူးဗျို့၊ ယိုးဒယားဘက်ကပဲ။ ရှမ်းလား၊ ယိုးဒယားလားတောင် မကွဲပါဘူးဗျာ၊ ကြောက်လန့်ပြီး သူ့ပညာတွေ စွန့်သွားလေရဲ့။ ဒီသူငယ်မကလေးကို သက်သက်မနာလို မရှုစိမ့်ဖြစ်ပြီး လုပ်လိုက်တာတဲ့။ ကဝေမပဲဗျ။ သူ့ကို ဒီပညာသင်ပေးတာက ယိုးဒယားက ကပ္ပလီမကြီးဆိုပဲ ဆရာကြီးရဲ့၊ အဲဒီကဝေမကြီးက တော်တော်ကို အဆင့်မြင့်ဆိုပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကွဲ့ မောင်အေးမောင်ရဲ့၊ ယိုးဒယားက ကပ္ပလိမကြီးဟုတ်လား"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော့်ဆီမှာ ပညာစွန့်သွားတဲ့ ကဝေမက အဲဒီအတိုင်းပြောသွားတာပါ ဆရာကြီး"

"ဆရာကြီးတို့ အခုလာခဲ့တဲ့ကိစ္စက အဲဒီကပ္ပလိကဝေမကိစ္စပဲ မောင်အေးမောင်ရဲ့။ မောင်အေးမောင် မကြားသေးဘူးထင်တယ်၊ ယိုးဒယားနယ်စပ်မှာ လူလေးယောက်ရှိပြီကွဲ့၊ အကောင်းသားကနေ ခေါက်ခနဲ ဇက်ကျိုးပြီး သေကြတာ"

"ဟင် ဟုတ်လား ဆရာကြီး"

ကိုအေးမောင်က တအံ့တသြ မေးတယ်ဗျ။ ဆရာကြီးက ကိုအေးမောင်ကို လက်ကာပြပြီး. . .

"နေဦး မောင်အေးမောင်၊ မအံ့သြနဲ့ဦးကွဲ့၊ အဲဒီလိုသေသွားတဲ့ လူတွေကို အလောင်းပြင်ထားတဲ့အခါ ရင်ဘတ်မှာ အပေါက်ကြီး ဖြစ်နေပြီး အတွင်းက အသည်းတွေ၊ နှလုံးတွေ ဘာမှ မရှိတော့ဘူးဆိုပဲကွဲ့"

"တာ ကြောက်စရာကြီးပါလားဗျာ"

"အဲဒီလိုဖြစ်တော့မယ်ဆိုရင် အသုဘ အလောင်းစောင့်တဲ့ လူတွေက အိပ်ပျော်သလို လုံခနဲဖြစ်သွားကြတယ်ဆိုပဲ။ အဲဒီအချိန်ကလေးမှာ အလောင်းကိုဖောက်ပြီး နှလုံးတွေကို နှိုက်သွားတာတဲ့ကွဲ့"

"ဖြစ်မှဖြစ်ရလေ ဆရာကြီးရယ်၊ ဒါနဲ့ ယိုးဒယားက ကပ္ပလိကဝေမနဲ့ ဒီကိစ္စဆိုင်နေလို့လား ဆရာကြီး"





"ဆိုပါပြီလား မောင်အေးမောင်ရယ်၊ အဲဒါ သူလုပ်နေတာပေါ့ကွဲ့၊ ဒီကဝေမအကြောင်း ကျုပ်ကောင်းကောင်း ကြားဖူးပါတယ်။ အသက်က ရာချီပြီး ရှိနေပြီကွဲ့။ အရင်ကတော့ အာဖရိကဘက်မှာ ကျက်စားနေတာ။ ကျုပ် အဲဒီမှာနေတုန်းက ဒီကဝေမကို လိုက်ဖူးသေးတယ်။ ဒီတုန်းက ကျုပ်က ပညာကလည်း ဒီလောက် မစုံသေးဘူး။ ပြီးတော့ ခုလိုမျိုး တပည့်ကောင်းတွေကလည်း မရှိသေးတော့ ကျုပ်တစ်ယောက်တည်း ဘယ်လိုမှကို လိုက်လို့မရခဲ့ဘူးကွဲ့။ သူတို့လမ်းစဉ်က ထုံတစ်ဆင့်ကူးဖို့။ အဲ မောင်တာတေ နားလည်အောင်ပြောရရင် အသက်ထပ်ရှည်ဖို့ပေါ့လေ။ အချိန်အခါ ရောက်လာရင် လူသတ်ပြီး အခုလိုမျိုး လူ့နှလုံးကို ဖောက်စားရတယ်တဲ့။ သူတို့ရဲ့ အသက်တစ်ပြန် ထပ်ရှည်ဖို့ လူ ၁၃ ယောက် ပြည့်အောင် သတ်ပြီး နှလုံးကို အစိမ်းစားရတာတဲ့ကွ။ အနှစ်တော်တော်ကြာမှ တစ်ခါစားရတာပေါ့ကွာ။ အမြဲတော့ စားမနေရပါဘူး။ ပြီးတော့ ဒီကပ္ပလိကဝေမကြီးက ဒါမျိုးလုပ်ရင် နယ်စပ်မြို့တွေ ရွာတွေမှာပဲ လုပ်လေ့ရှိတယ်ကွ။ ဒီတစ်ခါတော့ ဒင်းကျုပ်လက်က မလွတ်တော့ပါဘူးလေ"

ဆရာကြီးက သံလိုက်ဓာတ်အပြည့်ပါတဲ့ အသံနဲ့ ခပ်အေးအေးပဲ ကြုံးဝါးတယ်ဗျ။ ကျုပ်ဆိုတာ ကြက်သီးတွေတောင် တဖျန်းဖျန်းထသွားတော့တာဗျို့။ တာတေဆိုတဲ့ကောင်က သတ္တိရှိတယ်သာဆိုတယ်။ ကြက်သီးကတော့ တဖျန်းဖျန်းထတဲ့ကောင်ဗျ။

"ဒါဆို ဆရာကြီးတို့ ဘယ်တော့ တောင်ပေါ်တက်ကြမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



လို့ ကိုအေးမောင်က မေးတယ်ဗျ။ နယ်စပ်မြို့တွေက တောင်ပေါ်မှာ ရှိတာဆိုတော့ အဲဒီမြို့တွေကိုသွားရင် တောင်ပေါ်တက်တယ်လို့ အဲဒီဒေသမှာ သုံးတာဗျ။

"အချိန်မဆိုင်းဘူး မောင်အေးမောင်၊ မနက်ဖြန်ဆို ကျုပ်ခရီးဆက်မယ်"

"ဟာ ဒါဆို ဆရာ့တပည့်အေးမောင်လည်း လိုက်ပါရစေဆရာ၊ ဒီလိုပွဲမျိုးကို ဆရာကြီးနဲ့အတူ နွှဲခွင့်ပေးပါဗျာ"

"အေး ကောင်းတာပေါ့၊ မောင်အေးမောင်ရဲ့ မင်းပါတော့ ကျုပ်မှာ ပိုပြီးအားရှိတာပေါ့။ နွံဖရယ် မင်းရယ်ဆိုရင် ကျုပ်မှာ အားပြည့်သွားတာပေါ့"

"ဟာ နေရာကျလိုက်လေ ဆရာကြီးရယ်၊ ဒါဆို မနက်ဖြန် ခရီးဆက်ဖို့ ကျွန်တော် အားလုံးစီစဉ်လိုက်ပါ့မယ်၊ ဆရာကြီးတို့၊ ဆရာနွံဖတို့၊ မောင်တာတေတို့ အေးအေးဆေးဆေး အနားယူကြပါဗျာ"

ဆရာကြီးရယ်၊ ဆရာနွံဖရယ်၊ ဆရာကိုအေးမောင်ရယ်၊ ကျုပ်ရယ် မြစ်တီးမြို့မှာ စခန်းချပြီး နယ်စပ်တစ်လျှောက်က မြို့ရွာတွေကို လှည့်လွှတ်ပြီး စုံစမ်းကြတယ်။ ဒီကိစ္စမျိုး ဖြစ်သွားခဲ့တာလေးနေရာရှိတာ ဟုတ်တယ်။ ကျုပ်တို့ စခန်းချတဲ့နေရာက ဆရာနွံဖဆီကို ရောက်လာပြီး ဆရာ လာရှာတဲ့လူတွေရဲ့ ခြံဝင်းကြီးထဲမှာ





ဗျာ အဲဒီလူတွေရဲ့ အစီအစဉ်နဲ့ပဲ လှည့်လွှတ်ပြီး သတင်းထောက်လှမ်းနေရတာလေ။

ကျုပ်တို့ရောက်တာ တစ်ပတ်ကျော်လာပြီ။ အခုထိတော့ ဒီကိစ္စမျိုး ထပ်မဖြစ်သေးဘူးဗျို့။ ကျုပ်တော့ အိပ်လိုက် စားလိုက်နဲ့ ပျင်းတောင် ပျင်းလာပြီဗျာ။ ဆရာကြီးက အပြင်လည်း ထွက်လည်ထိခွင့်မပေးဘူးဗျ။ ဒီလိုနဲ့ ခြံဝင်းကြီးထဲမှာနေရင်း သတင်းစောင့်နေကြတာပေါ့ဗျာ။ ဆရာကြီးရယ်၊ ဆရာနွံဖရယ်၊ ဆရာကိုအေးမောင်ရယ်ကတော့ ပုတီးစိပ် တရားထိုင်လုပ်နေတာ။ တစ်နေ့ကုန်ပဲချီ၊ ညတော့င် အိပ်ကြရဲ့လား မသိဘူးဗျ။

အဲ ထူးမယ့်ထူးေ ၊ ညဘက်ကြီးဗျ။ ညရှစ်နာရီလောက်မှာ သတင်းထောက်လှမ်းတဲ့လူတစ်ယောက် ခြံထဲကို ပြေးဝင်လာတယ်၊ ဆရာကြီးဆီကို အရောက်လာပြီး မောကြီးပန်းကြီး ပြောတော့တာပဲဗျို့။

"ဆရာကြီး ဖြစ်ပြီဗျို့ ဖြစ်ပြီ၊ မြို့အနောက်ဘက်က ရွာလေးမှာဗျ၊ အဲဒီမှာက ယိုးဒယားနဲ့ မွန်ဘွေချည်းနေတာ။ ညနေဆယ်နာရီလောက်မှာ လူငယ်တစ်ယောက်ပဲဗျ။ အဲ ပေါဒီသူငယ်ဆောက်ရှိတဲ့ လူငယ်တစ်ယောက်ပေါ့ ရုတ်တရက်ကြီး ဖက်ကျုံးပြီး သေသွားတယ်ဗျ"

သတင်းယူလာတဲ့လူက တာတေဘက်ကို လက်ညှိုးကြီးနဲ့ ထိုးပြီး ပြောတာဗျို့။ ကျုပ်ဆိုတာ ကြက်သီးတွေ ဖျန်းခနဲကို ထသွားတော့ဗျာ။

"အဲဒါ ရွာကလူတွေ အခုပဲ အလောင်းပြင်ပြီး သွားကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူတို့လည်း သိတယ်ဆရာကြီးရဲ့။ ဒီည အလောင်းရဲ့ နှစ်လုံးကို အထုတ်ခံရမယ်ဆိုတာ။ အဲဒါ ရွာရှိယောကျ်ားတွေ အကုန်စောင့်ဖို့ သူကြီးက ဆော်ဩနေလေရဲ့"

"ကဲ အချိန်ကျပြီ နွံဖတို့ အေးမောင်တို့ တာတေတို့ သွားကြစို့ဟေ့"

အားလုံး လွယ်အိတ်တွေကိုယ်စီလွယ်ပြီး ဆရာကြီးက ရှေ့ကထွက် ကျုပ်တို့က နောက်ကလိုက်ကြပေါ့ဗျာ။ ကျုပ်ကတော့ လွယ်အိတ်မပါပါဘူး။ လူချည်းပါပဲ။ သတင်းလာပို့တဲ့လူက ရှေ့က လမ်းပြတယ်ဗျ။ မဝေးပါဘူးဗျာ၊ နာရီဝက်လောက် ခပ်ပြင်းပြင်း လျှောက်လိုက်တယ်ဆိုရင်ပဲ အဲဒီရွာကို ရောက်တာဗျ။ ရွာကတော့ အကြီးသားဗျ။ အိမ်ခြေလည်း နည်းမယ်မထင်ဘူး။ အသုဘအိမ် ရောက်တော့ ဝင်းကြီးထဲမှာ အောက်လင်းဓာတ်မီးတွေထွန်းလို့။

သေတဲ့လူငယ်ရဲ့ မိဘတွေက ပစ္စည်းရှိပုံပဲ။ ခြေတံရှည် အိမ်ကြီးကလည်း တော်တော်ကြီးသားဗျ။ အိမ်အောက်က ကွပ်ပျစ်တွေပေါ်မှာ ယောကျ်ား အယောက် ၅၀ ကျော်လောက်စုပြီး ထိုင်နေကြလေရဲ့။ ဆရာကြီးရဲ့ သတင်းကို ကြိုပြီးပြောထားပုံရတယ်ဗျ။ ကျုပ်တို့လည်း ခြံဝိုင်းထဲရောက်ရော အိမ်ရှင်တွေက မျက်ရည်ကလေး တစမ်းစမ်းနဲ့ ကြိုရှာပါတယ်ဗျာ။

"ကဲ သန်းခေါင်ဆိုရင် ဒီမကောင်းဆိုးဝါးမကြီး လာမှာ အသေအချာပဲဗျ၊ ဒီတော့ အားလုံး ကျုပ်ပြောသလိုလုပ်ပါ"

"ဟုတ်ကဲ့ ဆရာကြီး အမိန့်ရှိတဲ့အတိုင်း ကျုပ်တို့ လုပ်ပါမယ်"





လူငယ်ရဲ့အဖေဖြစ်ပုံပေါ်တဲ့ လူကြီးက ဆရာကြီးကို ရှိုရှိုသေသေ ပြောတယ်ဗျ။ ဆရာကြီးက အိမ်ပေါ်ထပ်ကနေပြီး ခြံဝင်းကြီးရဲ့ အနောက်ဘက်မှာ ပြင်ထားတဲ့ အလောင်းစင်ကို လှမ်းကြည့်တယ်ဗျ။ သူတို့ဒေသမလေ့ ထင်ပါရဲ့။ ဝါးတိုင်လေးတိုင်နဲ့ ကုတင်ပုံစံလုပ်ပြီး အလောင်းစင် ပြင်ထားတယ်ဗျ။ အလောင်းရဲ့ခေါင်းရင်းဘက်မှာတော့ ခုံမြင့်ကလေးတစ်လုံးနဲ့ သောက်ရေခွက်တစ်လုံး ၊ ထမင်းတစ်ပွဲပြင်ပြီး တင်ထားလေရဲ့။ အလောင်းကိုတော့ စောင်ကြားကြီးတစ်ထည် အုပ်ထားလို့ မျက်နှာကို မတွေ့ရဘူး။ အလောင်းက စင်ပေါ်မှာ စန့်စန့်ကြီးပေါ့ဗျာ။

"ကဲ မောင်တာတေ သေသေချာချာ နားထောင်နော်၊ ဆရာကြီး မင်းကို ပြောပြမယ်"

ဆရာနွံဖရော ကိုအေးမောင်ရော ကျုပ်တို့ရွာသားတွေရော ဆရာကြီး ပြောတာကို နားစွင့်နေကြတယ်ဗျို့။

"ဒီကပ္ပလိကာမကြီးက ပညာအဆင့် တော်တော်ကိုမြင့်တဲ့ လူသားစားကဝေမကြီးကွဲ့။ ကမ္ဘာအရပ်ရပ်မှာ လှည့်ပတ်နေထိုင်နေတာ၊ အသက်ကလည်း ရာချီနေပြီ။ ဒီတော့ ဒီကဝေမကြီးက ရောက်လာရင် မြင်ရမှာ မဟုတ်ဘူး၊ သေချာတယ်။ ဒီတော့ နွံဖက မောင်တာတေကို မျက်ကွင်းဆေး ကွင်းပေးလိုက်။ ပြီးရင် အလောင်းဆီ အိမ်အောက်ထပ်ကိုရွှေ့ပြီး သေသေချာချာ ဝှက်ထားကြ။ အလောင်းစင်ပေါ်ကို မောင်တာတေက တက်နေရမယ်။ အလောင်းနဲ့ တူအောင် နေပေတော့ မောင်တာတေ။ ဘာမှမကြောက်နဲ့နော်၊ ဆရာကြီးရှိတယ်။ နွံဖတို့ ကိုအေးမောင်တို့လည်း ရှိတယ်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်နိုင်ဘူး။ ကဲ ခင်ဗျားတို့က ညနေက အလောင်းပြင်ထဲ အတိုင်း မောင်တာတေကို ပြင်ကြပေတော့"

ဆရာကြီးရဲ့ စကားဆုံးတာနဲ့ ယောကျ်ားနှစ်ယောက် သုံးယောက်က ကျုပ်ကို သနပ်ခါးတွေ ဖွေးနေအောင် လိမ်းတော့ တာပဲဗျို့။ ပြီးတော့ ကျုပ်ခေါင်းမှာ ဆံပင်တွေ စုစည်းပြီး ခေါင်းရမ်း ပန်းအနီကြီးတစ်ပွင့် ပန်ပေးကြတယ်။ မှန်မကြည့်ပေမယ့် ကျုပ် သိပါတယ်။ ကျုပ်မျက်နှာဟာ တကယ့်ကို အသုဘကြီးနဲ့ တူနေမှာ ပါဗျာ။ ဆရာနှံ့ဖကလည်း ကျုပ်ကို မျက်ကွင်းဆေး ကွင်းပေးတယ်ဗျ

"ကဲ မောင်တာတေ ပြီးရင် မင်းနဲ့ အလောင်းနဲ့ လဲမယ် ဟေ့၊ မင်းနားထောင် မောင်တာတေ၊ ညသန်းခေါင်ဝန်းကျင်မှာ ကပ္ပလီကဝေမကြီး လာလိမ့်မယ်ကွ၊ မင်းက အလောင်းယောင် ဆောင်ရင်းကနေ မျက်စိကလေး မပွင့်တပွင့်လုပ်ပြီး ကြည့်ေ သိလား၊ ဒီဟာမကြီးက လက်ကြီးမြှောက်ပြီး မင်းနှလုံးကို ဖော် မယ်အလုပ်မှာ အလောင်းစင်ပေါ်ကနေ အောက်ကို လှိမ့်ချလိုက် ပြီးရင် ကျုပ်တို့နောက်မှာ မောင်တာတေက ဝင်ရပ်ပေတော့။ ပြီး တော့ မင်းတွေ့သမျှတွေ ဆရာကြီးကို ပြောပြပေတော့ကွဲ့။ ကျုပ်တို့ က သူ့ကို မြင်ရမှာ မဟုတ်ဘူး၊ မောင်တာတေကသာ မျက်ကွင်း ဆေးကွင်းထားလို့ မြင်ရမှာမို့လား။ ခက်တာက အဲဒီမျက်ကွင်းဆေး က ဆရာတွေ မကွင်းရဘူးကွဲ့။ ဒါကြောင့် မောင်တာတေကို ခေါ် ရတာပေါ့။ ဒီမှာ မောင်တာတေ အဲဒီကပ္ပလီမကြီး ရှိတဲ့နေရာကို လက်ညှိုးနဲ့သာ တည့်တည့်ထိုးပြပေတော့။ ပြီးတော့ ဒီကောင်မ ဘာလုပ်တယ်ဆိုတာ ဆရာကြီးကို မြန်မြန်ဆန်ဆန်ပြော ဟုတ်လားကွဲ့"





"ဆရာကြီး ဒီကဝေမကြီး ထွက်ပြေးသွားရင် ဘယ်လိုလုပ် မလဲဗျ"

"ဟာ မောင်တာတေ မပူနဲ့၊ ဆရာကြီးက 'ကဝေထောင် ချောက်' အင်းကြီးကို အလောင်းစင်ဘေးမှာ ချထားမှာ။ မောင်တာ တေ လှိမ့်ချလိုက်တာနဲ့ ကျုပ်က မန္တန်တစ်ခုကို ရွတ်လိုက်ရင် အင်းက ချက်ချင်းအသက်ဝင်လာပြီး ဒီကဝေမ ထွက်မပြေးနိုင် တော့ဘူးကွဲ့"

"ဪ ဒီလိုလား၊ ကဲ ကျုပ်တော့ အဆင်သင့်ဖြစ်ပါပြီ ဆရာကြီး"

"အင်း မောင်တာတေ၊ မင်းရဲ့သတ္တိကိုတော့ ဆရာကြီး ချီးမွမ်းပါရဲ့ကွယ်၊ ဒါကြောင့်လည်း မင်းကို နှံ့ဖက အားကြီးချီးမွမ်း တာကိုး။ ကဲ ခင်ဗျားတို့ ရွာသားချေ့ ဟအလောင်းကို ရွှေ့ကြပေတော့။ ပြီးတော့ အလောင်းကို လုံအောင်ဖွက်ကြနော်၊ နည်းနည်းမှ ခြေရာ လက်ရာ မပျက်ကြစေနဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

လို့ ရွာသားတွေက ပြောပြီး အလောင်းစင်ပေါ်က အလောင်းကြီးကို အိမ်ထဲရွှေ့သွားကြရောဗျို့။ ကျုပ်လည်း အောက် ဆပ်ဆင်းပြီး အလောင်းစင်ပေါ်ကို အသာကလေးတက်၊ စန့်စန့် ကလေး လှဲချလိုက်ရတော့တာပေါ့ဗျာ။ သနပ်ခါးဖွေးဖွေးကြီးနဲ့ ခေါင်းရမ်းပန်းအနီကြီး ပန်ထားတဲ့ ကျုပ်မျက်နှာဟာ ဘယ်လိုကြည့် ကြည့် အလောင်းကောင်ကြီးနဲ့ တူနေမှာပါဗျာ။ အလောင်းစင်ရဲ့ ခေါင်းရင်းမှာ ဝါးတိုင်ကလေးစိုက်ပြီး ထွန်းထားတဲ့ ရေနံဆီမှန်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့ အလင်းရောင်ဖျော့ဖျော့အောက်မှာဆိုတော့ အလောင်းမြင်ထားတဲ့အတိုင်းပေါ့ဗျာ။ ဘယ်သူက ရိပ်မိတော့မှာလဲ။

ကျုပ်ကိုလည်း အလောင်းကောင်ကို လုပ်သလိုပဲ မုန့်စောင်ပါးကလေးတစ်ထည် လွှမ်းထားလိုက်ကြတယ်ဗျ။ ဒါပေမဲ့ ဆရာကြီးက မသိမသာ စောင်မှာ အပေါက်ကလေးတွေ ဖောက်ပေးလိုက်တယ်။ ကျုပ် နှာခေါင်းပေါက်မှာ တစ်ပေါက်၊ မျက်စိတည့်တည့်မှာ နှစ်ပေါက်ဗျ။ ကျုပ်အသက်ရှူဖို့လည်း မခက်ဘူးပေါ့ဗျာ။ အမြင်ကိုလည်း အပေါက်ကလေးကနေ ချောင်းကြည့်လို့ရတာပေါ့။

ဆရာကြီးက အလောင်းစင်ဘေးမှာ စက်ဝိုင်းတစ်ခုဆွဲပြီး အင်းချတယ်ဗျ။ ဆရာကြီးပါးစပ်က မန္တန်ရွတ်တဲ့အသံကို ကျုပ်က အလောင်းစင်ပေါ်ကနေ ကြားနေရတယ်။

"ကဲ မောင်တာတေရေ၊ ကျုပ်တော့ ကဝေထောင်ချောက်အင်းကြီးချပြီးပြီကွဲ့၊ ဘာမှမကြောက်နဲ့နော်၊ ဆရာကြီးပြောတဲ့အတိုင်းသာ လုပ်ပေတော့ ဟုတ်ရဲ့လား"

အလောင်းကြီးလို စန့်စန့်ကြီး အိပ်နေတဲ့ ကျုပ်ကို ဆရာကြီး အလောင်းစင်ဘေးကနေကပ်ပြီး ခပ်တိုးတိုးပြောပြီး ထွက်သွားတယ်တဲ့"

အလောင်းစင်မှာ ခင်းထားတဲ့ ဝါးကြမ်းခင်းက မညီမညာဆိုတော့ ကျောက အောင့်သလို ဖြစ်လာရောဗျို့။ ဒါပေမဲ့ ကျုပ်မေခံရတာပေါ့ဗျာ။ စောင်ပေါက်လေးတွေကနေ ကျုပ် အပြင်ကို ချောင်းကြည့်တယ်ဗျ။

အိမ်အောက်က ကွပ်ပျစ်မှာ လူတွေ ဆယ်ယောက်





တစ်ဝိုင်းလောက် ဝိုင်းပြီး ပိုကာဆွဲနေကြတယ်ဗျ။ အောက်လင်းဓာတ်မီးရောင်က ထိန်နေတာလေ။ အဲ ကျုပ်ရှိတဲ့ အလောင်းစင်မှာသာ မှန်အိမ်ကလေး ထွန်းထားတာဆိုတော့ မှိန်ပျပျကလေးပေါ့ဗျာ။ ဆရာကြီးတို့ကိုတော့ မတွေ့တော့ဘူးဗျ။ ကျုပ်က မလှုပ်မယှက်ငြိမ်နေရတော့ ညောင်းလာတာပေါ့ဗျာ။ ဒီတော့ အညောင်းပြေအောင် ခြေထောက်ကို ဆန့်ထုတ်လိုက်တော့ မှိုပြီးတော့ဝံ့တောင့်ကြီး ဖြစ်လာတော့ အလောင်းကြီးနဲ့ ပိုတူနေတာပေါ့ဗျာ။

နာရီဝက်လောက်ကြာတော့ အေးလာပြီဗျို့၊ အအေးဓာတ်ဝင်လာပြီပေါ့။ ညနက်လာပြီလေ။

"ဝူး ဝူး၊ ဝူး ဝူး ဝူး"

ဟော ခွေးအူသံတွေဗျို့၊ ရွာအနောက်ဘက်က ကြားတာဗျ။

"ဝူး ဝူး ဝူး ဝူး ဖျန်း ဖျန်း ဖျန်း"

ခွေးအူသံတွေက တဖြည်းဖြည်း နီးလာတယ်ဗျ။ သစ်ပင်ပေါ်က ညအိပ်ငှက်တွေတောင် လန့်ပြီးထပျံကုန်ကြတယ်၊ ကျုပ်စောင်အပေါက်ကလေးကနေ အိမ်ထဲကို ချောင်းကြည့်လိုက်တယ်။

ဟာ အံ့ဩစရာပဲဗျာ။ အောက်လင်းဓာတ်မီးကြီးတွေ တထိန်ထိန်နဲ့ ဖဲရိုက်နေတဲ့လူတွေ အသံတိတ်သွားပြီး ခေါင်းငိုက်စိုက်ကြီးတွေကျပြီး အိပ်ကုန်ကြပြီဗျို့။ ဆရာကြီးတို့သုံးယောက်လည်း အိမ်ပေါ်က ပြေးဆင်းလာပြီး အလောင်းစင်နဲ့ မလှမ်းမကမ်းက သစ်ပင်ကြီးတွေနောက်ကိုဝင်ပြီး ပုန်းလိုက်ကြပြီဗျို့။ တာတေဆိုတဲ့ ကျုပ်ကလည်း သတ္တိရှိပါတယ်ဆိုမှ ထလိုက်တဲ့ ကြက်သီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ ဖျန်းခနဲ ဖျန်းခနဲနေတာပဲဗျို့။

"ရှဲ ရှဲ ရှဲ ရှဲ"

ဟော လေမတိုက်ဘဲနဲ့ သစ်ရွက်တွေ တရှဲရှဲ လှုပ်နေပါရောလား။ ကျုပ် စောင်ပေါက်ကလေးက ချောင်းကြည့်နေတယ်။ မျက်တောင်တစ်ချက်တောင် မခတ်ရဲဘူးဗျို့။ ကျုပ် တစ်ချက်လစ်သွားတာနဲ့ ကျုပ်ရင်ဘတ်ထဲက နှလုံးကြီးပါသွားမှာလေဗျာ။

ဟာ အမယ်လေး၊ ဘုရား ဘုရား ခြံဝင်းထဲကို ဝင်လာပြီဗျို့။ ဟုတ်ပဗျာ၊ ဆရာကြီးပြောတဲ့အတိုင်း ကပ္ပလီမ မည်းမည်းကြီးပဲဗျ။ အရပ်က ခုနစ်ပေလောက်ရှိမယ်ထင်တယ်။ ဆံပင်ဖားလျားကြီးချလို့ဗျို့။ မျက်လုံးကြီးတွေက မီးတောက်နေသလား ထင်ရတယ်။ ဝတ်ထားတာက ဂါဝန်ကြီးဗျ။ ထဘီမဟုတ်ဘူး။ ဂါဝန်ကြီးကလည်း စုတ်ပြဲနေတာဗျ။ အလောင်းစင်ဘက်ကို လျှောက်လာရင်း တုံ့ခနဲရပ်သွားတယ်ဗျ။ အိမ်ထဲက ငုတ်တုတ်အိပ်နေတဲ့ လူတွေကို တစ်ချက်လှမ်းကြည့်တယ်။

"ဟီး ဟီး ဟီး ဟီး ဟီး"

ဟာ ကပ္ပလိကဝေမကြီးက တဟီးဟီးရယ်နေသေးတယ်ဗျ။ ပြီးတော့မှ ကျုပ်ရှိတဲ့ အလောင်းစင်ကို တစ်ချက်လှမ်းကြည့်တယ်။

"ဒုံး ဒုံး ဒုံး ဒုံး"

အောင်မယ်လေးဗျာ၊ အရေးထဲကျမှပဲ ကျုပ်နှလုံးကလည်း ခုန်နေလိုက်တာ။ ကဝေမကြီး ကြားသွားမှဖြင့် မတွေးဝံ့စရာပါပဲ။ ဘုရား ဘုရား လာပြီဗျို့။ ကျုပ်ဆီကို လာနေပြီ။ အမယ်လေး ကျုပ်ဘေးကို ရောက်လာပြီးဗျ။ မျက်လုံးပြူးကြီးနဲ့ ကျုပ်ကို ငုံ့ကြည့်





နေတယ်။ ကျုပ်ကိုယ်ပေါ်က လွှမ်းထားတဲ့စောင်ကိုဆွဲပြီး ဖယ်ပစ်လိုက်တယ်။ ကျုပ်ဆိုတာ အသက်ကို လုံးဝမရှူရဲဘူးဗျို့။ အခုနေဆိုရင် ဒီကဝေမကြီးဟာ ဆရာကြီး ချထားတဲ့ ကဝေထောင်ချောက်အင်းကြီးထဲကို ရောက်နေမှာပဲလို့ ကျုပ် အလုအယက်တွေးလိုက်မိတယ်ဗျ။ ဟော မျက်လုံးကြီးတွေ ပိုပြီးပြူးလာတယ်ဗျို့။ ဟာ ခေါင်းကြီးကို အပေါ်မော့ပြီး ပါးစပ်ကနေ ဘာတွေလည်း မသိဘူးဗျာ ရွတ်နေလေရဲ့။ အလို လက်ကြီးတစ်ဖက် လေထဲကို မြှောက်တက်သွားပြီဗျို့။ ကျုပ်နှလုံးကို ဖောက်ထုတ်တော့မယ်။ ဖောက်ထုတ်တော့မယ်၊ ကဲ ဆရာကြီးပြောတဲ့အချိန်ရောက်ပြီ။

ကဲဟာ ကျုပ်အလောင်းစင်ဘေးကို လှိမ့်ချလိုက်ပြီဗျို့။

"ဘုတ်"

ကျုပ်မြေကြီးပေါ်ကို ဘုတ်ခနဲအကျမှာ ဆရာကြီး ပြေးထွက်လာပြီးတော့ အလောင်းစင်ဘေးကို လက်ညှိုးနဲ့ထိုးပြီး မန္တန်တစ်ခုကို အသံအောင်အောင်ကြီးနဲ့ ရွတ်တော့တာပဲဗျာ။ ကျုပ်လည်း မြေကြီးပေါ်က ကဗျာကယာ လူးလဲထပြီး ဆရာကြီးနောက်ကို ကပ်လိုက်တယ်။ ဆရာနှမနဲ့ ဆရာကိုအေးမောင်လည်း ပြေးထွက်လာကြပြီး ဆရာကြီးရဲ့လက်ဝဲနဲ့ လက်ယာမှာ ရပ်လိုက်ကြတယ်။ ကျုပ်တာ ဆိုတာ ကဝေမကြီးကို ကြည့်ပေးရမှာလေဗျာ။

"မောင်တာတေ ပြောလေ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဆရာကြီးတို့ကို မျက်လုံးပြူးကြီးနဲ့ ကြည့်ပြီးလက်ထဲက တစ်ခုခုနဲ့ပစ်ဖို့ လုပ်နေတယ်ဗျ၊ ပါးစပ်နားကို လက်ကိုတပ်ပြီး ပွစိ ပွစိနဲ့ ရွတ်နေတယ်ဗျို့၊ ဟော ပစ်တော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပစ်တော့မယ်၊ ပစ်ပြီ ဆရာကြီးရေ"

ဟာ ကဝေမကြီးရဲ့ လက်ထဲက ဝင်းဝင်း ဝင်းဝင်းနဲ့ အရောင်တွေ လက်သွားပြီ။ အလင်းစက်ကလေးတစ်ခု ပြေးထွက်လာတယ်ဗျ။ ဆရာကြီးကလည်း လက်ထဲမှာ အသင့်ကိုင်ထားတဲ့ အင်းချပ်ဝါခစ်ခုနဲ့ ပစ်လိုက်တာ ကွက်တိပဲဗျို့၊ လွှင့်ထွက်လာတဲ့ အလင်းစက်ကို တိုက်ရိုက်သွားထိပြီး. . .

"ဝုန်း"

ဆိုတဲ့အသံကြီး မြည်သွားတယ်ဗျို့။ မီးခိုးတွေလို မြူတွေလို အခိုးတွေတောင် ထွက်သွားပြီး ကဝေမကြီး ဖင်ထိုင်ရက် လဲကျသွားရောဗျို့။ ကျုပ်မြင်တာတွေ ဆရာကြီးတို့ကို အကုန်ပြောပြနေရတာပေါ့ဗျ။

"ဟော ပြန်ထလာပြီ ဆရာကြီးရေ၊ ဒီတစ်ခါတော့ သူ့ဆံပင်တွေကို ဆွဲနုတ်လိုက်တယ်ဗျို့၊ ဟော ပါးစပ်နားမှာ မန်းမှုတ်နေပြီ"

"ဟာ ဒါ သူ့ကိုယ်တွေ ခွဲထုတ်တော့မှာကွ၊ သူရှိတဲ့နေရာကို လက်ညှိုးတည့်တည့်ထိုးပြစမ်း မောင်တာတေ"

"ဟိုမှာ ဆရာကြီး"

ကျုပ်က ကဝေမကြီးကို လက်ညှိုးနဲ့ တည့်တည့်ထိုးပြလိုက်တယ်။

"ကဲ နွံဖနဲ့ အေးမောင် အချိန်မရှိဘူး၊ ကဝေသက်ဖြတ်အင်းတော်ကြီးနဲ့ ပြိုင်တူပစ်ရမယ်၊ မြန်မြန်ထုတ်ကြ"

"ဟုတ်ကဲ့ ဆရာကြီး"





ဆရာနွံဖရော ဆရာကိုအေးမောင်ရော အင်းချပ်ကိုယ်စီကိုင်ပြီး ကျုပ်လက်ညှိုးထိုးထားတဲ့နေရာကို စိုက်ကြည့်နေကြတယ်ဗျို့။ ဆရာကြီးက မန္တန်တစ်ခုကို ရွတ်လိုက်ပြီး. . .

"ပစ်ကြဟေ့"

လို့အော်ရင်း သူကိုယ်တိုင်လည်း ပစ်တယ်။ ဆရာနွံဖနဲ့ ဆရာကိုအေးမောင်ကလည်း ဆရာကြီးနဲ့ ပြိုင်တူပစ်ကြတာဗျို့။

"ဝုန်း"

"အောင်မယ်လေး၊ ဘုရား ဘုရား"

ကျုပ်တောင် ဘုရားတ,မိလေရဲ့ဗျာ၊ စောစောက အသံထက် ဆယ်ဆလောက်ကျယ်တဲ့အသံကြီးဗျို့။ မီးခိုးတွေဆိုတာ မှောင်သွားတာပဲဗျ။ ကျုပ်လည်း ဘာမှကို မမြင်ရတော့ဘူးဗျို့။

ကျုပ် အံ့ဩတာတစ်ခုတော့ ရှိတယ်ဗျ။ ကဝေမကြီးနဲ့ ဒီလောက်တိုက်ခိုက်နေတာတောင် ငုတ်တုတ်အိပ်ပျော်နေတဲ့ လူတွေ တစ်ယောက်မှကို မနိုးတာပဲဗျို့။

မီးခိုးတွေ တဖြည်းဖြည်းပျယ်သွားတော့ ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ။ ကဝေမကြီး မတွေ့တော့ဘူးဗျို့၊ ဒါနဲ့ ကျုပ် လန့်ပြီး လိုက်ရှာလိုက်တော့ ကျုပ်တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ တွေးတောင် မတွေးဖူးတဲ့ အဖြစ်ပါပဲဗျာ။

"ဟာ ဟိုမှာ ဆရာကြီး ဟိုမှာ မြေကြီးပေါ်မှာ လဲနေကယ်ဗျို့၊ အမယ်လေးဗျာ၊ တစ်ထွာသာသာလောက်ကလေး ဖြစ်သွားပြီဗျို့"

"ဟာ အေး ဟုတ်တယ် မောင်တာတေရေ၊ ကျုပ်တို့မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပြီဟော့၊ အင်း ဇီဝိန်ချုပ်သွားပြီပဲ၊ အဲဒါ 'ကဝေရုပ်ကြွင်း'လို့ ခေါ်တယ်ကွဲ့၊ အင်မတန် အစွမ်းထက်ပါပြီလားကွယ်။ အဲဒီတစ်ထွာသာသာ လောက်ရှိတဲ့ ကဝေရုပ်ကြွင်းကို မီးကင်ပြီး စားလိုက်ရင် အဲဒီကပ္ပလိ ကဝေမကြီးရဲ့ ပညာအဆင့်ကို ချက်ချင်းရသွားရောကွဲ့၊ အေး ဘာနဲ့ တူလဲဆိုတော့ ကိုမြန်မာတွေ ပြောလေ့ရှိတဲ့ ဇော်ဂျီဖိုဂင်သားလိုပေါ့ ကွယ်၊ ကဲ နွံ့ဖ သွား၊ ကဝေရုပ်ကြွင်းကို ကောက်ယူလိုက်တော့"

ဆရာနွံ့ဖက ဆရာကြီးအမိန့်အတိုင်း 'ကဝေရုပ်ကြွင်း' ကလေးကို ကောက်ယူလိုက်တယ်ဗျ။

အောင်မလေးဗျာ။ ကျုပ်ဖြင့် လန့်ကိုသွားရောဗျို့။ ကပ္ပလိ ကဝေမကြီးရဲ့ ပုံစံအတိုင်းပဲဗျာ။ သူဝတ်ထားတဲ့ ဂါဝန်အစုတ်ကြီး လည်း ဝတ်လို့ဗျို့။ ဆံပင်ကလည်း ဖားလျားကြီး ချလို့ဗျ။ မျက်စိ တွေကတော့ မပြူးတော့ဘူးဗျ။ ပိတ်နေပြီ။ အရပ် ၇ ပေလောက် ရှိတဲ့ ကဝေမကြီးကဗျာ တစ်ထွာလောက်ရှိတဲ့ အရုပ်ကလေးအရွယ် ဖြစ်သွားတာ။ ကျုပ်ဖြင့် အံ့ဩလိုက်တာ မပြောပါနဲ့တော့ဗျာ။

'ကဝေရုပ်ကြွင်း'ကလေးကို ဆရာနွံ့ဖက ဆရာကြီးကို အပ်တယ်။ ဆရာကြီးက လွယ်အိတ်ထဲက သတင်းစာစက္ကူတစ်ရွက် ထုတ်ပြီး သေသေချာချာပတ်ပြီး သူ့လွယ်အိတ်ကြီးထဲကို ထည့်လိုက် တယ်။

"ဟင် ဟာ၊ ဘယ်လိုဖြစ်သွားတာတုံးဟ"

ဟော ငုတ်တုတ်အိပ်နေတဲ့လူတွေ နိုးလာကြပြီဗျို့။ မျက်လုံးပြူး မျက်ဆံပြူးတွေနဲ့ ကျုပ်တို့ကို ကြည့်နေကြလေရဲ့ဗျာ။ စောစောက ကျုပ်တို့နဲ့ ကဝေမကြီးနဲ့ တိုက်ခိုက်ကြတာတွေကို





နည်းနည်းမှကို သိပုံမပေါ်ဘူးဗျို့။

အိမ်ရှင်တွေလည်း အောက်ကို ပြေးဆင်းလာကြတယ်ဗျ။ အခုမှ သတိပြန်ဝင်လာကြတာဗျ။

"ကဲ အလောင်းကို အလောင်းစင်ပေါ် ပြန်တင်လိုက်ပေ တော့ဗျို့၊ ကိစ္စအားလုံးပြီးသွားပြီ။ ခင်ဗျားတို့သားရဲ့ နှလုံးကို ဖောက် ထုတ်မယ့်သူ မရှိတော့ဘူးဗျို့။ နောင်လည်း ဘယ်တော့မှ ရှိမှာ မဟုတ်တော့ပါဘူးလေ"

ဖဲချနေတဲ့ လူတွေလည်း ရုတ်ရုတ် ရုတ်ရုတ်နဲ့ထပြီး အလောင်းကြီး ပြန်သယ်လာကြရပြန်ရောဗျို့။ အလောင်းကို အလောင်းစင်မှာ ကျကျနန ပြန်ပြင်ကြတယ်။ ကျုပ်ကတော့ ခေါင်း မှာ ပန်ထားတဲ့ ခေါင်းရမ်းပန်းအနီကြီးကို ဖြုတ်ပစ်ပြီး မျက်နှာသစ် လိုက်ရတာပေါ့ဗျာ။ အားလုံး ပြောဆိုလုပ်ကိုင်ပြီးတော့ ဆရာကြီးက ကျုပ်တို့ကို ဦးဆောင်ခေါ်လာတဲ့ လမ်းပြကိုခေါ်ပြီး ညတွင်းချင်း မြဝတီကို ပြန်လာခဲ့ကြတယ်။

ကျုပ်တို့တွေ မြဝတီကိုရောက်တော့ ညတစ်ချက်တီးပြီ။ ကပ္ပလိကဝေမကြီး နှိုက်ထုတ်တာ မခံလိုက်ရပေမယ့် တာတေ့နှလုံး တွေကတော့ အခုထိကို တဒုန်းဒုန်းနဲ့ လှုပ်ခုန်နေတုန်းပါဗျာ။

တာတေ

◆◆◆



www.burmeseclassic.com

www.burmeseclassic.com





လူသားစားတစ္ဆေ

ကပ္ပလီကဝေမကြီးကိစ္စ ပြီးသွားတော့ တာတေ ရွာပြန်ဖို့ ပြင်တယ်။ ဒါပေမဲ့ ပြန်မယ့်ကိစ္စ ဆရာကြီးကို ပြောမယ်ဆဲဆဲမှာပဲ ဆရာကြီးက. . .

"မောင်တာတေရေ ဆရာကြီးတို့တော့ နောက်တစ်ပွဲ နွှဲရဦးတော့မယ်ဟေ့"

တာတေလိုပဲ ရှမ်းပြည်ကိုပြန်တက်ဖို့ ပြင်နေတဲ့ ဆရာနွံဖလည်း အံ့ဩပြီး ဆရာကြီးကို လှမ်းကြည့်လိုက်ကယ်ဗျ။





"အေး နွံဖလည်း မပြန်နဲ့ဦး၊ ဒါလည်း ပွဲကြီးပွဲကောင်းပဲ ဖြစ်မှာကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကိစ္စရှိသေးတယ်ဆိုရင် ကျွန်တော် မပြန်သေးပါဘူး"

"အေး ကိစ္စက ပေါ်လာပြန်ပြီ နွံဖရဲ့၊ ဒီတစ်ခါကတော့ ပဲခူးရိုးမဘက်မှာတဲ့ကွ။ လူသားစားတဲ့ကဝေတစ်ကောင် ပေါက်နေတယ်ဆိုပဲ"

"ဗျာ လူသားစားတဲ့ကဝေ ဟုတ်လား ဆရာကြီး"

"အေး ဟုတ်တယ်၊ ဒီကောင် ပေါ်ရိသာရယပ်းစဉ်ကို လိုက်တဲ့ ကဝေကွ။ ဒီကောင်တွေကလည်း ကပ္ပလီကဝေမကြီးလိုပဲကွ၊ လူသားကို မကြာ မကြာ စားကြရတယ်။ ဒါမှ သူတို့ရဲ့ ပညာအဆင့်တက်လို့ ရတာတဲ့ကွ"

ဆရာကြီးရဲ့ အိမ်က ဧည့်ခန်းကြီးထဲမှာ ဆရာကြီးရယ်၊ ဆရာနွံဖရယ်၊ ကျုပ်ရယ် သုံးယောက်သား စကားပြောနေကြတာဗျ။ လူသားစားကဝေ ဆိုတဲ့အကောင်ကြီးကို တွေးဖြဲကြောက်ကို သွားတာကျို့။

ဆရာကြီးရဲ့ ဧည့်ခန်းကြီးက ကျယ်ဝလောက် ရှေးဟောင်း ပန်းချီကားကြီးတွေရယ်၊ နိုင်ငံခြားက ဆရာကြီးယူလာတဲ့ အထူးအဆန်းပစ္စည်းကလေးတွေကို မှန်ပုံးကလေးတွေနဲ့ ပြထားတာလေ့ ရယ် တော်တော်ကို စုံပါတယ်ဗျာ။

အားတဲ့အခါတိုင်း ဆရာနွံဖက ဆရာကြီးရဲ့ ဧည့်ခန်းကြီးထဲက ပစ္စည်းတွေကို ယစ်ခုချင်းပြပြီး ရှင်းပြနေပုံရတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် တစ်ခုပြောရဦးမယ်။ ကျုပ် ဆရာကြီးဆီကို စရောက်တတည်းက အခုအချိန်အထိပေါ့ဗျာ။ ဆရာကြီး ဘောင်းဘီရှည်ဝတ်တာ၊ ရှူးဖိနပ်စီးတာမျိုးတွေ တစ်ခါမှ မတွေ့ဖူးဘူးဗျ။ ဆရာကြီးက ပုဆိုးကွက်တုံးကြီးနဲ့ ပိတ်အကျီကိုပဲ အမြဲဝတ်တာဗျ။ နိုင်ငံတကာလှည့်ပြီး ပြန်လာတယ်ဆိုပေမယ့် ဆရာကြီးဟာ လုံးဝဗိုလ်မဆန်ဘဲ မြန်မာတော်တော်ပီသတာဗျ။ စားတာသောက်တာကအစ မြန်မာ့ရိုးရာ အစားအစာကိုပဲ စားတယ်။ နေတာ၊ ထိုင်တာ၊ ပြောတာကအစ လွတ်ရိုးတဲ့ လူကြီးပါဗျာ။

"ကဝေတွေဟာ မာယာတော့ တော်တော်များတယ်နော်"

လို့ ဆရာနွံဖက ပြောလိုက်တယ်ဗျ။ ဒီတော့ ဆရာကြီးက ခန့်ငြားတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်တယ်။

"သြော် နွံဖရယ်၊ နာမည်ကိုက အောက်လမ်းလေကွာ။ အောက်ဆိုတာ နိမ့်ကျတာကို ပြောတာမို့လား၊ ဘယ်မှာမြင့်မြတ်တဲ့ အလုပ်၊ ဖြောင့်မတ်တဲ့အလုပ်ကို လုပ်ပါ့မလဲကွာ"

ဆရာကြီးနဲ့ ဆရာနွံဖ ပြောတာကို နားထောင်ရင်း ကျုပ်စိတ်ထဲမှာ ကျုပ်သိပ်သိချင်တာတစ်ခုကို မေးကြည့်ချင်လိုက်တာဗျာ။

ဆရာကြီးက တော်တော်ကို ပါးနပ်တာဗျို့။ ကျုပ်ကို စေ့ချက်ငဲ့ကြည့်ပြီး. . .

"ဟာ မောင်တာတေ စိတ်ထဲသိချင်တာရှိ မေးလေကွာ၊ မေးပါ၊ ဒါမှ ဗဟုသုတ တိုးလာမှာပေါ့"

ဆရာကြီးကပြောတော့ ကျုပ် အားတက်သွားပြီး. . .

"ဒီလိုပါ ဆရာကြီး၊ ဟိုကပ္ပလီမကြီးကိုစွတုန်းက ကပ္ပလီမ





ကြီးက လက်ထဲမှာ တစ်ခုခုကို ဆုပ်ထားသလိုလုပ်ပြီး ပါးစပ်က မှုန်ရွတ်လိုက်တဲ့အခါ လက်ထဲမှာ ဝင်းဝင်း ဝင်းဝင်း ဖြစ်သွားပြီး ဆရာကြီးကို လှမ်းပစ်လိုက်တယ်။ အဲဒီမှာတင် ကပ္ပလီမကြီးရဲ့ လက်ထဲကနေ အလင်းလုံးကလေးတစ်ခု ထွက်လာတာကို ကျုပ်တွေ့လိုက်ရတယ်။ ကွမ်းသီးလုံးလောက်တော့ ရှိမယ်ဗျ။ အဲဒါ ဆရာကြီး ပစ်လိုက်တဲ့အင်းနဲ့ တည့်တည့်ထိပြီး လွင့်စင်ထွက်သွားတယ်ဗျ။ ကဝေမကြီးတောင် ဖင်ထိုင်ရက် လဲကျသွားသေးတယ်။ အဲဒီ အလင်းလုံးက ဘယ်ကထွက်လာတာတုံး ဆရာကြီးရဲ့၊ ပြီးတော့ အဲဒါ ဘာခေါ်သလဲဆိုတာ. . ."

ကျုပ်စကားမဆုံးခင် ဆရာကြီးက လက်ကာပြလိုက်တော့ ကျုပ်လည်း စကားကို အဲဒီမှာတင် ရပ်လိုက်ရတာပေါ့ဗျာ။

"အဲဒါ ကဝေစက်လို့ ခေါ်တယ် မောင်တာတေရဲ့၊ ထိလိုက်လို့ကတော့ ပွဲချင်းပြီးသွားမှာပေါ့ကွယ်၊ ဆရာကြီး ပစ်လိုက်တဲ့အင်းက စက်ဖျက်အင်းလို့ ခေါ်တယ်ကွဲ့။ ဆရာကြီးက အထက်လမ်းမှော်အတတ်ကို တော်တော်ကလေး တတ်ထားတဲ့သူဆိုတော့ ဘယ်ကဝေကို ဘယ်အင်းမျိုးနဲ့ နှိမ်နင်းရမယ်ဆိုတာ အတတ်သိနေတာပေါ့ကွယ်"

"အော် ဒါက ကဝေစက်ကိုး"

ကျုပ်က တစ်ယောက်တည်းပြောရင်း မှတ်ထားလိုက်ရတယ်ဗျ။

"ဆရာကြီး အခု ဆရာကြီးသွားပြီးနှိမ်နင်းမယ့် လူသားစားကဝေက ဘာတွေများ လုပ်ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆရာနွံဖက မေးတယ်ဗျ။ ဒီတော့ ဆရာကြီးက. . .

"အင်း ဒီကောင်ကလည်း တော်တော်တော့ ဆိုးသွားကွ၊ သူစားမယ့်လူကို နေ့သားအလိုက် စားကြတယ်။ တနင်္ဂနွေသားသမီးကို စားမှာဆိုရင် ရှာစဉ်လှည့်ပြီး တနင်္ဂနွေသားသမီးကိုတွေ့အောင် ရှာရတာကွ။ တွေ့ပြီဆိုတာနဲ့ လူအလစ်မှာ တို့ဆေးနဲ့တို့ပစ်ခဲ့တာ။ အဲဒီကဝေရဲ့ သားကောင်ဖြစ်သွားတဲ့သူက ကဝေရှိတဲ့တောထဲကို မရောက်ရောက်အောင် သွားတော့တာပဲကွ။ သတိမရှိတော့ဘူးပေါ့ကွာ။ အိပ်မွေ့ချထားတဲ့လူလိုကို ဖြစ်နေတော့တာ။ အဲဒီမှာတင် ဒီကောင်က သူစီရင်ထားတဲ့ ယစ်ခုံကို ခေါ်သွားပြီး သူ ကိုးကွယ်တဲ့ မိစ္ဆာကောင်ကို ပင့်ဖိတ်ပြီး ယစ်ကောင်ကို လည်ချောင်းသွေးဖောက်ပြီး သွေးကို ငွေဖလားနဲ့ ခံတာကွ။ အဲဒီငွေဖလားကလည်း သေသေချာချာအစီအရင်နဲ့ စီရင်ပြီး လုပ်ထားတဲ့ ဖလားကွ။ ပြီးရင် အဲဒီသွေးနဲ့ မိစ္ဆာကြီးကို ပူဇော်ရတယ်ကွ"

"ဟာ လူသတ်ပြီး ယစ်ပူဇော်တာပေါ့နော် ဆရာကြီး"

"အေးပေါ့ မောင်တာတေရ၊ အဲဒါပြီးရင်တော့ သူ အဆင်သင့်လုပ်ထားတဲ့ ထင်းမီးပုံကြီးရှိတယ်ကွ။ ဒီကောင်က အဲဒီထင်းပုံကြီးကိုပတ်ပြီး အောက်လမ်းမှော် မန္တန်တွေကို ရွတ်တော့တာပဲကွ။ မန္တန်ဆုံးတာနဲ့ ငွေဖလားထဲက သွေးကိုလက်နဲ့ယူပြီး ထင်းပုံကြီးကို တောက်လိုက်တယ်။ ထင်ပုံကြီးက ဝုန်းခနဲမြည်ပြီး မီးတောက်ကြီး ထတောက်တာပဲဟေ့။ ဒီမှာတင် ဒီကောင်က အဲဒီမီးတောက်ကြီးထဲကို ခုန်ဝင်သွားရောကွ"

"ဗျာ"





ကျုပ် အံ့ဩပြီး အော်လိုက်မိတယ်ဗျ။ ဆရာနွံဖလည်း ကျုပ်လိုပါပဲဗျာ။ အံ့ဩပြီးပါးစပ်ဟောင်းလောင်းကြီး ဖြစ်နေတာပဲ။

"အေး အဲဒီမီးတောက်မီးလျှံထဲမှာ ဒီကောင် မန္တန်တွေဆက်ရွတ်တော့တာပေါ့ကွာ။ အဲဒီမီးတွေ တဖြည်းဖြည်း ငြိမ်းသွားရောကွ။ နောက်ဆုံး ထင်းတွေလည်း ကုန်သွားပြီး လုံးဝငြိမ်းသွားတဲ့အခါကျတော့မှ ဒီကောင်က ပြာတွေထဲက ထွက်လာတာ။ သူဝတ်ထားတဲ့ အဝတ်တောင် မီးမစွဲဘူးကွ"

"ဟာ ကဝေတွေကလည်း တော်တော်စွမ်းကြတာပါလား"

ကျုပ်လည်း အံ့ဩပြီး ပြောမိတာပေါ့ဗျာ။

"စွမ်းပါပြီလား မောင်တာတေရယ်၊ ဒါကြောင့် သူတို့ကို နှိမ်နင်းဖို့ ကျုပ်မှာ နိုင်ငံတကာလှည့်ပြီး ပညာတွေ သင်ခဲ့ရတာပေါ့"

"ဆရာကြီးကို ကျုပ်တော့ အရမ်းလည်း လေးစားပြီး အရမ်းလည်း အံ့ဩမိပါတယ် ဆရာကြီးရာ"

ဆရာကြီးက ကျုပ်စကားကို ကြားတော့ ခေါင်းကလေး တဆတ်ဆတ်ညိတ်ပြီး ပြောတယ်ဗျ။

"ကျုပ်ကိုယ်နှိုက်ကလည်း ဒီဘက်မှာ တော်တော်ကို ဝါသနာကြီးတာကွဲ့၊ တစ်ချို့ပညာစဉ်တွေကို တက်ရတာ တော်တော်ကို ဒုက္ခခံရတာကလားကွယ်။ အဲဒါတွေကို ကျုပ်ဖြင့် ဒုက္ခလို့ကို မမြင်ဘဲ ပျော်နေတာ မောင်တာတေရဲ့"

"ဪ ဒါထက် ဆရာကြီး ကျုပ်တစ်ခုမေးပါရစေဗျာ"

"မေးလေ မောင်တာတေ၊ မေးပါကွဲ့"

"ဟို ခုနက ယစ်ပူဇော်ပြီး မီးထဲကို ခုန်ဝင်သွားတဲ့ ကောင



www.burmeseclassic.com

www.burmeseclassic.com



တ သူယစ်ပူဇော်ထားတဲ့လူရဲ့ အလောင်းကောင်ကိုရော ဘာလုပ်တာတုံး ဆရာကြီး"

"ဪ အေး အေး၊ မောင်တာတေ မေးတာ မေးထိုက်တဲ့ မေးခွန်းပဲကွဲ့"

"ဟုတ်ကဲ့ သိချင်လို့ပါ ဆရာကြီး"

"ဒီလိုကွဲ့၊ ကျန်နေတဲ့အလောင်းကို အသားတွေ လှီးယူပြီး ကျကျနန ဟင်းချက်ပြီး တဝစားတာကွ။ ပြီးတော့ အလောင်းအပိုင်းအစတွေကို ကျင်းတူးပြီး ဖျောက်ဖျက်ပစ်တာပေါ့ကွယ်"

"ဟာ ဒါကြောင့် ဒီကောင်တွေကို လူသားစားကဝေလို့ ခေါ်ကြတာပဲနော်၊ ဘာကြောင့် ဒီကျင့်စဉ်ကို လုပ်ကြတာလဲ ဆရာကြီး"

ကျုပ်ကလည်း မထူးတော့ဘူးဆိုပြီး ဆက်မေးတော့တာပေါ့ဗျာ။ ဆရာကြီးကလည်း လွတ်စိတ်ရှည်တာဗျို့။ ကျုပ်မေးသမျှတွေကို ပြောပြတာဗျ။

"သူတို့ အသက်ရှည်ပြီး မှော်တန်ခိုးတွေ တိုးတိုးလာအောင်လို့ပေါ့ကွ"

"ဟင် ဒီကဝေတွေက အသက်တော်တော်ရှည်ကြလို့လား ဆရာကြီး"

"အင်း ရှည်ပါပြီလား မောင်တာတေရယ်၊ အင်ဒိုနီးရှားကျွန်းကြီးတစ်ခုပေါ်မှာ ကျုပ်တွေ့ခဲ့တဲ့ ကဝေတစ်ကောင်ဆိုရင် အသက်ရှစ်ရာကျော်နေပြီကွဲ့"

"ဟာ အဲဒီလောက်ကို ရှည်တာလားဗျ"





ဆရာကြီးက ခေါင်းညိတ်ပြတယ်ဗျ။ ကျုပ်ဖြင့် ကဝေတွေကို တော်တော်ကလေး လန့်သွားတယ်ဗျို့။ ပြီးတော့ အဲဒီလို ကဝေတွေကို နှိမ်နင်းနိုင်တဲ့ ဆရာကြီးကိုလည်း တော်တော်ကို လေးစားမိတာပေါ့ဗျာ။ ဆရာကြီး ဦးမင်းအောင်လို သီလ၊ သမာဓိ ရှိရုံတင် မကဘဲ အထက်လမ်း မှော်ပညာတွေကို ကမ်းကုန်အောင် တတ်ထားတဲ့ ပုဂ္ဂိုလ်မျိုးနဲ့ အတူသွားရလို့ကတော့ တာတေဆိုတဲ့ကောင် က ဘာကိုမှ မှုမဲ့ကောင် မဟုတ်ဘူးဗျ။

"ဪ ဆရာကြီး ခုနကပြောတဲ့ ပဲခူးရိုးမက ကဝေ ဆိုတာ တာ. . ."

"အေးကွ နှံ့ဖရ၊ ငါတပည့်တစ်ယောက် ရှိတယ်ကွ။ ဒီကောင်က ကရင်လူမျိုး။ နာမည်က စောရေအေးတဲ့ကွ။ ရေအေး က ပဲခူးရိုးမတောင်ပေါ်က လှည်းကျိုးဆိုတဲ့ ရွာကလေးကပေါ့။ အခုတော့ လှည်းကူးမြို့ကလေးမှာ နေတယ်။ ဟိုတစ်နေ့ကပဲ စောရေအေး ကျုပ်ဆီကို လာသွားတယ်။ ရိုးမက ရွာကလေးတွေမှာ လူငယ်ကလေးတွေ ပျောက်,ပျောက်သွားတာ သုံးယောက်ရှိပြီတဲ့ကွ။ အဲဒီပျောက်သွားတဲ့ လူငယ်တွေက ဗုဒ္ဓဟူးသားတစ်ယောက်၊ ကြာသပတေးသားတစ်ယောက်နဲ့ သောကြာသမီးတစ်ယောက်တဲ့ကွ"

"ဟာ ဒီကဝေ တော်တော်ဆိုးနေပြီပဲ"

"အေး ဒီကောင်က နယ်လှည့်ပြီး သတ်စားနေပုံ ပေါ်ကယ် ထွေး တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါတွေကို တခြားနယ်မှာ စားလာခဲ့တယ် ထင်တယ်ကွ။ အင်း ဒီတစ်ခါစားရင်တော့ ဒီကောင် စနေသားကို



www.burmeseclassic.com

www.burmeseclassic.com



တားမယ့်အလှည့်ပဲကွဲ့."

"ဗျာ"

ကျုပ်ဖြင့် တစ်ကိုယ်လုံး တုန်သွားသလားတောင် မသိပါဘူးဗျာ။ ကြက်သီးတွေ တဖျန်းဖျန်းကို ထသွားတာဗျို့။

"ဟုတ်တယ် မောင်တာတေရေ မင်းရဲ့အကူအညီကိုတော့ ဆရာကြီး ယူရတော့မှာပဲကွယ်။ ဒီကဝေကိုတော့ ရအောင်နှိမ်နင်းမှ ဖြစ်တော့မှာကွဲ့."

"နေပါဦး ဆရာကြီးရဲ့၊ ဒါဟာ ကဝေရဲ့လက်ချက်ဆိုတော့ ကာဝေမကော မဖြစ်နိုင်ဘူးလား"

ဆရာနှံ့ဖက မျက်မှောင်ကြီးကြုတ်ပြီး ဆရာကြီးကို စဉ်းစဉ်းစားစား မေးတယ်ဗျ။

"ဟာ မဖြစ်နိုင်ဘူး နှံ့ဖရဲ့၊ အဲဒီမှော်လမ်းစဉ်က ပေါ်ရိသာရ လမ်းစဉ်ခေါ်တယ်။ ဒါက ဒီမှာခေါ်ကြတာပေါ့ကွယ်။ တခြားနိုင်ငံတွေမှာလည်း ဒီမှော်အတတ်က ရှိပါတယ်။ ဟိုမှာတော့ ဒါကို 'ဘီလူးမှော်' အတတ်လို့ ခေါ်ကြတယ်ကွဲ့။ ဒီမှော်ကို ယောကျ်ားပဲ သင်ရတာ၊ မိန်းမ သင်ခွင့်မရှိဘူး"

"ဪ ဒါကြောင့်ကိုး"

"အေး စောရေအေးကို ဆရာကြီး မှာလိုက်ပြီ၊ ဆရာကြီးတို့ လာခဲ့မယ့်အကြောင်းပေါ့ကွယ်။ စောရေအေးက လှည်းကူးက စောင့်မယ်။ ဆရာကြီးတို့ ရောက်တာနဲ့ လှည်းအဆင်သင့်လုပ်ပြီး ရိုးမအခြေရောက်အောင် သွားရမယ်။ ပြီးတော့မှ တောင်ပေါ်ကို





တက်ကြရမှာပေါ့။ စောရေအေးတို့ရွာမှာပဲ ကျုပ်တို့ တည်းကြမယ်။ အဲဒီကမှ လိုသလို လုပ်ကြရမှာပေါ့ကွယ်။ ဘယ်လိုလဲ မောင်တာတေ လိုက်မယ်မို့လား"

ဆရာကြီးက ကျုပ်ကိုကြည့်ပြီး မေးတယ်ဗျ။ ကျုပ်ကလည်း နည်းနည်းမှကို တုံ့ဆိုင်းမနေပါဘူးဗျာ။

"ကျုပ်ကတော့ အဆင်သင့်ပါပဲ ဆရာကြီးရာ"

လို့ ပြောလိုက်တော့ ဆရာကြီးရော ဆရာနှံ့ဖရော ပြုံးပြုံးကြီးတွေ လုပ်နေကြတယ်ဗျို့။

ကျုပ်တို့ ခရီးထွက်တာ ဗုဒ္ဓဟူးနေ့ဗျ။ အိမ်ကထွက်တာကတော့ ဝေလီဝေလင်းကလေးပေါ့ဗျာ။ လှည်းကူးကိုရောက်တော့ ဆွမ်းခံဝင်ချိန်ပေါ့။

ဆရာကြီးတပည့် စောရေအေးက ချောင်းကလေးတစ်ဘက်ကမ်းကလာပြီး ကြိုပါတယ်။ ပြီးတော့ လှည်းကူးက သူ့အိမ်ကို ခေါ်သွားတယ်။ အိမ်က ခြေတံရှည်အိမ်ဗျ။ ထမင်းတွေ ဟင်းတွေ အဆင်သင့် ချက်ထားလို့ပါဗျာ။ စောရေအေးရဲ့ မိန်းမကလည်း ကရင်ဗျ။ တော်တော်ကို သဘောကောင်းကြပါတယ်။ ကျုပ်တို့ ဆရာတပည့်တွေ ဆာဆာနဲ့ စားလိုက်ကြတာဗျာ။ ဒါပေမဲ့ လွတ်တော့ စားရဲကြဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကနေသွားရင် နွားလှည်းစီးရမှာမို့လား။ လှည်းဆောင့်ခံနိုင်အောင် နည်းနည်းတော့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



စားကြရတာပေါ့ဗျာ။

စောရေအေးက အရပ်ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးကားကားကြီးနဲ့၊ ဆေးတံကြီး သောက်လို့ဗျ။ သူ့မျက်နှာကြည့်ရတာနဲ့ကို တော်တော်သတ္တိရှိပြီး သစ္စာရှိမယ့် ရုပ်မျိုးပါဗျာ။ ဆရာကြီးက စောရေအေးကို ဘာတေ့အကြောင်း ပြောပြတယ်ဗျ။ ကပ္ပလီကဝေမကြီးကို နှိမ်နင်းတုန်းက ဘာတေလုပ်ရတာတွေကို ပြောတော့ စောရေအေးက သဘောကျပြီး ဘာတေ့ကျောကို ပုတ်ပြီး ပြောတယ်ဗျို့။"

"မင်း အားကြီးသတ္တိကောင်းတဲ့ကောင်ပဲကွ ဘာတေရေ မင်းနဲ့တွေ့တာ ဆရာကြီးတော့ အားကိုးအားထား ဖြစ်တာပေါ့ကွ"

ကျုပ်ကတော့ ပြုံးရုံပဲ ပြုံးနေလိုက်ပါတယ်။ လှည်းကူးမှာ သိပ်မကြာကြဘူးဗျ။ မိုးမချုပ်ခင် နိုးမကရွာကို အရောက်သွားရမှာဆိုတော့ ထမင်းစားပြီး တအောင့်တနား နားပြီးတာနဲ့ နွားလှည်းနဲ့ ကျုပ်တို့ ခရီးဆက်ခဲ့ကြတယ်ဗျ။ နာရီပြန်နှစ်ချက်လောက်ရောက်တော့ နိုးမအခြေက ရွာကလေးတစ်ရွာကို ရောက်တယ်ဗျို့။

အဲဒီရွာမှာလည်း စောရေအေးရဲ့ အသိအကျွမ်းတွေ မနည်းဘူးဗျ။ သူတို့တွေ တစ်ယောက်ကိုတစ်ယောက် ကရင်လို ပြောကြတယ်ဗျ။ ခဏနေတော့ စောရေအေးက ဆရာကြီးကို လှော ပြောတယ်။ လူသားစားကဝေအကြောင်း သူစုံစမ်းကြည့်တာ ဒီရွာကလူတွေက ဘာမှမသိကြဘူးလို့ ပြောပယ်။ အဲဒီရွာကလေးရဲ့ နောက်ဘက်ကို ပတ်သွားပြီး တောင်တက်လမ်းကြောင်းကလေး အတိုင်း ကျုပ်တို့နိုးမပေါ်ကို တက်လာခဲ့တယ်။ လှည်းလမ်းကြောင်း





အတိုင်း သွားကြရတယ်။ တစ်ခါတလေတော့လည်း စမ်းချောင်းတိမ်တိမ်ကလေးတွေကို ဖြတ်ကူးကြရတယ်ဗျို့။

စကားလေးပြောရင်း နားလိုက် သွားလိုက်နဲ့ စောရေအေး ဦးဆောင်ရာ လိုက်ခဲ့ကြတာ ညနေ မှောင်တရီအချိန်လောက် ရောက်တော့ စောရေအေးရဲ့ဇာတိ လှည်းကျိုးရွာကို ကျုပ်တို့ ရောက်ခဲ့တယ်ဗျ။ စောရေအေးရဲ့ မိဘတွေက တော်တော်အသက်ကြီးကြပြီဗျ။ အဘိုးကြီးရော အဘွားကြီးပါ ရှစ်ဆယ်ကျော်တွေချည်းပဲ။ ဒါပေမဲ့ သွက်သွက်လက်လက် ရှိကြတုန်းပါ။ အဘိုးကြီးရော အဘွားကြီးပါ လွှတ်သဘောကောင်းတာဗျို့။ အိမ်ကြီးကလည်း ကောင်းလိုက်တာဗျာ။ ခြေတံရှည်အိမ်ဗျ၊ တော်တော်ကို ကျယ်တာ။ ကျုပ်တို့ ဆရာတပည့်တွေအတွက် ခေါင်းရင်းဘက်က အခန်းကျယ်ကြီးတစ်ခုကို တည်းဖို့ပေးထားတယ်ဗျ။

ဆရာကြီးကိုလည်း တော်တော်ကို ရိုသေကြတာဗျို့။ တစ်ရွာလုံး ဗုဒ္ဓဘာသာ ကရင်တွေလို့ စောရေအေးက ပြောတယ်ဗျ။ ဒါပေမဲ့ ဆရာကြီးက စောရေအေးကို သတိပေးတယ်ဗျို့။ အထက်လမ်းဆရာတွေမှန်း ဘယ်သူမှ မသိစေဖို့၊ ကဝေရဲ့သတင်းကို အမြန်ဆုံး ထောက်လှမ်းဖို့ပေါ့ဗျာ။

စောရေအေးကလည်း အဲဒီတစ်ညအိပ်ပြီး နောက်တစ်နေ့ မိုးလင်းတာနဲ့ အနီးအနားရွာတွေကိုသွားပြီး သတင်းစုံစမ်းတော့ တာပဲဗျို့။

အဲဒီညက ညဆယ်နာရီလောက်ရောက်မှ လက်နှိပ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ဆီးတာဝင်ဆင်းနဲ့ ပြန်ရောက်လာတယ်ဗျို့။ သူနဲ့အတူတူ ကရင်အဘိုးကြီးတစ်ယောက်လည်း ပါလာတယ်ဗျ။

အဲဒီညကတော့ ကျုပ်တို့ တော်တော်နဲ့ မအိပ်ကြဘူးဗျို့။ ဆရာကြီးက ပါလာတဲ့ ကရင်အဘိုးကြီးကို သူသိချင်တာတွေ မေးမြန်းတော့တာပဲဗျို့။ အဲဒီကရင်အဘိုးကြီးရဲ့ နာမည်က မန်းအောင်ပွင့်တဲ့ဗျ။ သူက မုဆိုးဆိုပဲ။ ရိုးမတောထဲမှာ ငယ်ငယ်တည်းက အမဲလိုက်တာတဲ့ဗျ”

“ဆရာကြီး ဆရာကြီး သိချင်တဲ့ ကဝေရဲ့သတင်းကို မန်းအောင်ပွင့်ကို မေးပေတော့ဗျို့”

စောရေအေးက ပြောလိုက်တော့ ဆရာကြီးက စပြီးမေးတော့တာပဲဗျို့။

“မန်းအောင်ပွင့်က ရိုးမထဲမှာ အမဲလိုက်တာပေါ့”

“ဟုတ်ပါတယ် ဆရာကြီး၊ ကျုပ်က အသက်နှစ်ဆယ်ကတည်းက မုဆိုးလုပ်လာတာပါ။ အခုဆိုရင် အသက်ငါးဆယ်ပြည့်ပြီပေါ့ဗျာ”

“မန်းအောင်ပွင့် ခုတလော ဒီရိုးမထဲမှာ ထူးထူးခြားခြား ဘာများတွေ့သလဲဗျ”

“ဟိုးအရင်ကတော့ ထူးထူးခြားခြား မတွေ့ပါဘူးဗျာ။ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတော့ ကျားခုန်ချောင်းကလေးအစပ်မှာ ထူးထူးခြားခြား လူတစ်ယောက်ကို တွေ့လိုက်ရတယ်ဗျ။ အရပ်က ခြောက်ပေလောက်ရှိမယ်။ မျက်နှာက ခပ်ပြားပြားဗျ။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေကလည်း တော်တော်ရှည်တယ်ဗျ။ ဆံပင်က





လည်း ဖားလျားကြီးဗျ၊ ကျောအလယ်လောက်ရောက်တယ်။ ထူးခြားတာက သူ့မျက်လုံးဗျ။ မျက်လုံးတွေက နီနီကြီး။ ကျုပ်လည်း ဒီလူကို ဒီတောထဲမှာ တစ်ခါမှ မတွေ့ဖူးပါဘူးဆိုပြီး ခြုံပုတ်ထဲက ချောင်းကြည့်နေတာဗျို့။ အဲဒီလူ ဘာလုပ်တယ်ထင်သလဲ။ ကောင်းကင်ကို မော့ကြည့်နေတယ်ဗျ။ ကျုပ်ကလည်း သူကြည့်သလို လိုက်ကြည့်တာပေါ့။ အဲဒီမှာ သိန်းငှက်တစ်ကောင် ဝဲနေတာဗျ။ ခဏနေတော့ ဒီလူက သစ်ပင်တွေမရှိတဲ့ မြေကွက်လပ်ကို ထွက်သွားတယ်။ အဲ ပြောရဦးမယ်၊ ဒီလူက ကရင်ပုဆိုးနဲ့ ကရင်သင်တိုင်းနီနီကို ဝတ်ထားတယ်ဗျ။ ဒါပေမဲ့ ဒီလူ ကရင်မဟုတ်မှန်း ကျုပ် အတတ်သိပါတယ်။ အဲ အဲဒီလူ မြက်ခင်းကလေးမှာ ခြေစုံရပ်ပြီး ကောင်းကင်မှာ ပျံနေတဲ့ သိန်းငှက်ကြီးကို လက်ညှိုးနဲ့ ထိုးလိုက်တယ်ဗျို့။ ပြီးတော့ သူ့ဖနောင့်နဲ့ မြေကြီးကို ပေါက်လိုက်တာ ကောင်းကင်မှာ ပျံနေတဲ့ သိန်းငှက်ကြီး ဇောက်ထိုးပြုတ်ကျလာတာဗျို့။ ဘုန်းခနဲမြည်ပြီး မြက်ခင်းပေါ်မှာ ဆန့်ငင် ဆန့်ငင် ဖြစ်နေရောဗျို့။ ဘာပြောကောင်းမလဲ ဆရာကြီးရာ။ အဲဒီလူက ငှက်ကြီးကို ဆတ်ခနဲ ကောက်ယူပြီး လည်ပင်းကို ကိုက်တော့တာပဲဗျို့။ အိုး သွေးတွေပန်းထွက်လာတော့ စုပ်တော့တာပဲဗျာ။ ကျုပ်ဖြင့် ခြုံထဲမှာ လှုပ်ကို လှုပ်နိုင်အောင် ကြောက်တာဗျို့။ လူဆိုတာ ခက်တော့ ခက်သားဗျ ကြောက်သာကြောက်တာ အဲဒီလူထွက်သွားတော့ ကျုပ် နောက်ယောင်ခံပြီး လိုက်သွားခဲ့တယ်ဗျ။ ဒီလူက ဆင်ခေါင်းတောင်ဘက်ကို သွားတာဗျို့။ ဆင်ခေါင်းတောင် ဆိုတာက အင်မတန်ကို တောနက်တာ။ လူတွေ သိပ်မလာကြဘူးလေ။ ကျုပ် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ဒီလူက တောင်ခြေက တောအုပ်ထဲမှာ တဲကလေး ဆောက်ထားတာတဲ့။ သူ့တဲနားမှာ မီးဖိုကြီးတစ်ခုနဲ့ အိုးတွေ ခွက်တွေ တွေ့တယ်။ တစ်ခုခု ချက်ပြုတ်ထားတဲ့ပုံပဲဗျ။ ပြီးတော့ တဲနားက ကျောက်တုံးကြီးပေါ်မှာ ငွေဖလားကလေးတစ်လုံးနဲ့ ဓားမြှောင် တစ်လက် ချထားတာ တွေ့တယ်ဗျ။ ဓားမြှောင်ရဲ့ အရိုးကို ရွှေအစစ်နဲ့ လုပ်ထားတယ်လို့ ကျုပ်တော့ ထင်တာပဲဗျ။ ကျုပ်လည်း သိပ်ကြာကြာမနေရဲတာနဲ့ အသာကလေး ပြန်ပြေးလာခဲ့ရတယ် ဆရာကြီးရေ"

"မန်းအောင်ပွင့်ကို ကျုပ် မေးရဦးမယ်၊ အဲဒီလူကို ဘာလူမျိုးလို့ ထင်တုံး"

ဆရာကြီးအမေးကို ကရင်အဘိုးကြီးက စဉ်းစားပြီး ဖြေတယ်ဗျ။

"ကျုပ်စိတ်ထင်တော့ ဒီလူဟာ ဗမာပဲ ထင်တယ်ဗျ၊ ကရင် မဟုတ်တာတော့ သေချာတယ်"

"အင်း ဟုတ်လောက်ပါတယ်၊ ဘယ်ခေတ်ကတည်းက ရှိနေခဲ့တဲ့ ကဝေကြီးလည်းမှ မသိတာ"

မန်းအောင်ပွင့်က ဆရာကြီးပြောတာကို နားထောင်ပြီးတော့ ပြောတယ်ဗျ။

"ဘယ်ခေတ်ဆိုတာတော့ မသိဘူး ဆရာကြီးရေ၊ ကျုပ်ဖြင့် တောထဲကို နှစ်ရက်လောက်တောင် မဝင်ရဲဘူးဗျာ။ အခုလည်း ဆင်ခေါင်းတောင်တို့၊ ကျားခုန်ချောင်းတို့ဘက်ကို ခြေဦးတောင် မလှည့်တော့ဘူးဗျို့"





"မန်းအောင်ပွင့် တွေ့ခဲ့တာက ဘယ်တုံးကလဲ"

လို့ ဆရာနွံဖက ဝင်မေးတယ်ဗျ။ ဒီတော့ မန်းအောင်ပွင့်က. . .

"ခုနစ်ရက် ရှစ်ရက်လောက်ပဲ ရှိဦးမှာဗျ"

လို့ ဖြေတော့ ဆရာကြီးက စောရဲအေးကို မေးတယ်ဗျ။

"စောရဲအေး သောကြာသမီးကိစ္စ ဖြစ်တာက ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်တော့ရှိပြီ ဆရာကြီးရဲ့"

"အင်း သိပ်ဟုတ်တာပေါ့၊ အခုဆိုရင် တန်ဆောင်မုန်းလဆန်းပြီပဲ။ အခုလာမယ့်စနေဟာ တန်ဆောင်မုန်းလရဲ့ ပထမဆုံး စနေပဲကွဲ့။ ဒီစနေမှာ သူ စနေသားကို စားမယ့်နေ့ပဲ"

"ဗျာ စနေသားကို စားမှာ ဟုတ်လားဗျ"

မန်းအောင်ပွင့် လန့်ဖျပ်ပြီး 'ပျာပျာသလဲ မေးတယ်ဗျ။

"ဟုတ်တယ်ဗျ၊ မန်းအောင်ပွင့်ရဲ့ ခင်ဗျား တွေ့ခဲ့တဲ့လူဟာ လူသားစား ကဝေကြီးပဲ။ အသက်လည်း နည်းမှာမဟုတ်ဘူးဗျာ။ အနည်းဆုံး နှစ်ရာ၊ သုံးရာတော့ ရှိလောက်တယ်"

"အလို ဘုရားရေ၊ ကျုပ်ဖြင့် ကြောက်လိုက်တာ ဆရာကြီးရာ"

"မကြောက်နဲ့ မန်းအောင်ပွင့်၊ ဒီကဝေကောင်ကို ကျုပ် နှိမ်နင်းမယ်၊ ခင်ဗျားလည်း ကျုပ်ကို ကူညီပါ"

"ဟုတ်ကဲ့ ကူညီပါ့မယ် ဆရာကြီး၊ ဘယ်လိုများ ကူညီရမယ် ဆိုတာသာ ပြောပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ မန်းအောင်ပွင့်၊ အဲဒီလူသားစားကဝေကြီးနေတဲ့ နေရာကို သိတာက ခင်ဗျားတစ်ယောက်ပဲ ရှိတာမဟုတ်လား၊ အဲဒီတော့ ကျုပ်တို့ကို လမ်းပြလုပ်ပြီး ခင်ဗျားက ခေါ်သွားပါ"

"ဗျာ. . . လမ်းပြ ဟာ ဖြစ်ပါ့မလား ဆရာကြီးရာ"

မန်းအောင်ပွင့်က အထိတ်တလန့် ပြန်မေးလိုက်တယ်ဗျို့။

ကျုပ်ဖြင့် လန့်သွားတဲ့ မန်းအောင်ပွင့်ကြီးကို ကြည့်ပြီး ရယ်ချင်လိုက်တာဗျာ မပြောပါနဲ့တော့။ မနည်းကို ထိန်းထားလိုက်ရတယ်။

"စောရေအေးက မနက်ဖြန်မှာ သတင်းကို သေသေချာချာ ထောက်ပေတော့။ ဒီကောင် ဒီနှစ်ရက်အတွင်း အလုပ်လုပ်တော့မှာကွ။ ဘယ်ရွာကို ရွေးထယ်ဆိုတာ သိဖို့လိုတယ်ကွ။ ပြော်နေဦးကွ၊ ဒီတစ်ခါက စနေသားဆိုတော့ အနောက်တောင်ဘက်ကျတဲ့ စနေအရပ်ကရွာက ဘယ်ရွာရှိတုံးကွဲ့"

စောရေအေးရော မန်းအောင်ပွင့်ပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စဉ်းစားကြတယ်ဗျ။

"ဟာ အနောက်တောင်ဘက်ကျတဲ့ရွာဆိုတာ ကျုပ် ခုနက ပြောတဲ့ ဆင်ခေါင်းတောင်ဘက်ပေါ့ဗျ။ ကျောက်ထပ်ရွာက အနောက်တောင်ဘက်ကျတဲ့ရွာပေါ့"

"ဟုတ်ပြီဗျို့၊ ဟုတ်ပြီ၊ အဲဒီရွာကို ဒီကောင် ရွေးထားတာဗျာ။ ဒါကြောင့် ဆင်ခေါင်းတောင်ဘက်မှာ တဲတွေဘာတွေထိုးပြီး အဆင်သင့် ဖြစ်နေတာပေါ့။ ဟုတ်ပြီဗျို့။ ကဲ မနက်ဖြန် ကျုပ်တို့ ကျောက်ထပ်ရွာကို သွားမယ်။ မနက်ဖြန်ဆိုရင် သောကြာမဟုတ်လား။





စနေဆိုရင် ဒီကောင် အလုပ်လုပ်တော့မှာဗျ"

ကျုပ်တို့တွေ အဲဒီည အိပ်ရာဝင်တော့ အရုဏ်တက်ကာနီးပြီဗျို့။ ဆရာကြီးကတော့ မအိပ်တော့ဘဲ ဘုရားခန်းမှာ ဘုရားရှိခိုးပြီး ပုတီးစိပ်နေတာကို တွေ့ရတယ်ဗျ။

ကျုပ်တော့ အိပ်ပျော်သွားလိုက်တာ နောက်တစ်နေ့မနက်ရောက်လို့ ဆရာနွံဖက နှိုးမှပဲ နိုးတော့တာဗျို့။

စောရေအေးတို့အိမ်ကကျွေးတဲ့ ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက် မီးဖုတ်ကလေးကို အားရပါးရစားပြီးတာနဲ့ ရိုးမခရီးကို ထွက်ခဲ့ကြတယ်။ ကျောက်ထပ်ကိုရောက်တော့ ညနေနေစောင်းနေပြီ။ ကျောက်ထပ်မှာတော့ စောရေအေးက ရင်းနှီးတဲ့ မိတ်ဆွေ မရှိဘူးဗျ။ မန်းအောင်ပွင့်ရဲ့ မိတ်ဆွေတစ်ယောက်အိမ်မှာ တည်းကြရတာပေါ့။

မန်းအောင်ပွင့်ပဲ ရွာထဲထွက်ပြီး သတင်းထောက်လှမ်းရတာပေါ့ဗျာ။ နှစ်နာရီလောက်ကြာတော့မှ မန်းအောင်ပွင့် သုတ်သုတ်သုတ်သုတ်နဲ့ ပြန်လာတယ်ဗျို့။

ဆရာကြီးက မန်းအောင်ပွင့် ပြန်လာတဲ့ပုံစံကို ကြည့်ပြီး-

"ဟာ မန်းအောင်ပွင့်တော့ အကြောင်းထူးလာပြီထင်တယ်"

လို့ ဆီးကြိုပြောလိုက်တယ်ဗျ။ မန်းအောင်ပွင့်က ဆရာကြီးရှေ့မှာ ဝင်ထိုင်လိုက်ပြီး. . .

"ဆရာကြီးရေ. . . ကျုပ်ပြောတဲ့ ကရင်သင်တိုင်းနဲ့လူကြီး ရွာထဲက ထွက်သွားတာ တွေ့ခဲ့တယ်ဗျ။ ရွာထဲကို ဘာတွေဝင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲတော့ မသိဘူးဗျို့”

“အေး သူရှာပြင်ထွက်သွားတဲ့ လမ်းကြောင်းကို မှတ်မိသလား”

“ဟာ မှတ်မိတာပေါ့ ဆရာကြီးရဲ့”

“အဲဒီလမ်းကြောင်းက ဘယ်ဘက်ကို ဦးတည်တုံးဗျ”

“အဲဒီလမ်းကြောင်းမှာ နေဦး ဆရာကြီးရဲ့၊ ဟာ သိပြီဗျို့။ အဲဒီလမ်းကြောင်းက ဆင်ခေါင်းတောင်ဘက်ကို ဦးတည်တာဗျို့”

“အေး ဒါဆို နေရာကျပြီကွဲ့၊ မနက်စောစောထပြီး လုပ်ငန်းစပေတော့ မောင်တာတေရေ”

ဆရာကြီးက ကျုပ်ဘက်ကိုလှည့်ပြီး ပြောတယ်ဗျ။

“ဟုတ်ကဲ့၊ ကျုပ် အဆင်သင့်ပါပဲ ဆရာကြီး”

လို့ ကျုပ်က ပြန်ပြောတော့ ဆရာကြီးက ခေါင်းညိတ်ပြီး-

“မနက်ဖြန် မနက်ပိုင်း တစ်ခုခုလေး စားပြီးတာနဲ့ မောင်တာတေက ထိုင်းခွေမယ့်ပုံစံနဲ့ ခါးမတိုကလေး ခါးထိုးပြီး တောထဲကို ဝင်ပေတော့။ မနေ့က ကဝေ ဝင်သွားတဲ့လမ်းကို မန်းအောင်ငွေ လိုက်ပြလိမ့်မယ်။ ဘာမှမကြောက်နဲ့။ မန်းအောင်ငွေနဲ့ စောရေအေးက လက်နက်ကိုယ်စီနဲ့ မလှမ်းမကမ်းက ပါလာမှာ သိလား။ မောင်တာတေ တစ်နေရာမှာ ကဝေနဲ့ တွေ့မှာပဲ။ မင်းကို နာမည်ဘယ်လိုခေါ်လဲ၊ ဘာနေ့သားလဲမေးရင် တာတေလို့ ပြောပေါ့။ စနေသားလို့ပြော။ ဘယ်ရွာမှာ နေလဲလို့မေးရင် ကျောက်ထပ်မှာနေတယ်ပေါ့။ အခုက တို့ဆေးတို့မှာပဲ။ မင်းကို မနက်စောစော မသွားခင်မှာ ဆရာကြီး အင်းတစ်ချပ် တိုက်ထားမယ်။ တို့ဆေး





မမိနိုင်တဲ့ အင်းပါပဲ။ ‘သံချပ်ကာအင်း’ လို့ ခေါ်တယ်။ မောင်တာတေရဲ့ တစ်ကိုယ်လုံးကို သံချပ်ကာအကျီ ဝတ်လိုက်သလို ဖြစ်တာပေါ့ကွာ”

“ဟုတ်ကဲ့ပါ ဆရာကြီး”

“အေး ဆရာကြီးပြောမယ်၊ ကဝေတို့ဆေးက မောင်တာတေကို ဘာမှမဖြစ်စေမယ့် ဖြစ်ချင်ဟန်ဆောင်ရမယ်။ ကဝေက အမိန့်တွေပေးရင် အိပ်ပျော်နေတဲ့လူလို သူခိုင်းတာတွေ အကုန်လိုက်လုပ်ပေတော့။ နည်းနည်းမှတော့ ဟန်မပျက်စေနဲ့နော်”

“စိတ်ချပါ ဆရာကြီး”

“အေး မင်းကို ဘယ်ခေါ်သွားတယ်ဆိုတာကို စောရေအေးတို့က သေသေချာချာ ကြည့်ပြီးမှ တစ်ယောက်ပြန်လာပြီး ကျုပ်နဲ့ နှမကို ခေါ်လိမ့်မယ်။ ဒီအစီအရင်ကို နေ့ဝင်ပြီးမှ စီရင်လို့ရတာကွ။ တစ်နေ့လုံး မင်းကို ဒီကောင် ဘာမှမလုပ်ဘူး သိလား”

“ဟုတ်ကဲ့ ဆရာကြီး”

“အေး ကျုပ်နဲ့ နှမ ရောက်ရင် မင်းကို ကျုပ်တို့ရောက်ကြောင်း တစ်နည်းနည်းနဲ့ ဆက်သွယ်မယ်။ သတိတော့ မလစ်စေနဲ့နော် မောင်တာတေ”

“စိတ်ချပါ ဆရာကြီး”

“မင်းကို ယစ်ပူဇော်ကာနီးပြီဆိုတော့မှ ရုတ်တရက်ထပြီး ကျုပ်တို့ဘက်ကို ပြေးပေတော့ သိလား။ ကျန်တာကတော့ ကျုပ်အလုပ်ပေါ့ကွယ်”

“ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ်ကို စိတ်မပူပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အင်း မင်းလိုသတ္တိကောင်းတဲ့ လူမျိုးတော့ ကျုပ်တစ်သက် မတွေ့ဖူးပါဘူး၊ မောင်တာတေ"

လို့ ဆရာကြီးက ပြောပြီး အဲဒီညစောစောပဲ ဘုရားရှိခိုးကြဟယ်။ ဆရာကြီးရယ်၊ ဆရာနွံဖရယ်၊ စောရေအေးရယ်၊ ဘုရားဝတ်တက်ပြီး ပုတီးစိပ်ကြတယ်။

မန်းအောင်ပွင့်နဲ့ ကျုပ်ကတော့ အိပ်ရာဝင်ပြီး အိပ်ကြတော့တာပေါ့ဗျာ။

◆

ဒီမနက်တော့ စောစောနိုးတယ်ဗျို့။ ကျုပ်နိုးတော့ တောမလေ့အတိုင်း ထမင်းကြမ်းစား ရေနွေးကြမ်းသောက်ကြတာပေါ့ဗျာ။ အားလုံးစားသောက်ပြီးတော့မှ ဆရာကြီးက. . .

"ကိုင်း လာ မောင်တာတေ၊ ဘုရားရှိခိုးပေတော့"

လို့ခိုင်းတယ်။ ကျုပ်လည်း ဆရာကြီးခိုင်းတဲ့အတိုင်း ဘုရားကို ရှိခိုးတယ်။ ဆရာကြီးက အင်းတစ်ချပ်ကို ပြာချပြီး ရေဖျော်တိုက်တယ်ဗျ။ ပါးစပ်ကလည်း မန္တန်တွေ ရွတ်ဖတ်နေတယ်။

"ကဲ မောင်တာတေ သံချပ်ကာအင်းကို သေသေချာချာ နှိုးထားလိုက်ပြီကွဲ့၊ ဘာမှမကြောက်နဲ့။ ဒါပေမဲ့ ဟန်တော့ကောင်းဖို့ လိုတယ်နော်"

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ သွားပေတော့၊ မန်းအောင်ပွင့်နဲ့ စောရေအေးက





မောင်တာတေကို အထူးဂရုစိုက်ကြနော်၊ တစ်စက်ကလေးမှ မျက်ခြည်မပြတ်စေနဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

လို့ စောရေအေးက ပြောတယ်။ ပြီးတော့ စောရေအေးက ဓားရှည်တစ်ချောင်း၊ မန်းအောင်ပွင့်က ဒူးလေးနဲ့ မြားကျည်တောက်ကိုလွယ်တယ်။ ကျုပ်ကတော့ ပုဆိုးတိုတိုဝတ်၊ ပုဆိုးတစ်ထည် ခေါင်းပေါင်းပြီး ဓားမတိုတစ်ချောင်း၊ ခါးထိုးကြိုးခွေတစ်ခွေလွယ်ပြီး ထွက်ခဲ့ကြတယ်။ ရွာအပြင်ကိုရောက်တော့. . .

"ကဲ မောင်တာတေ ကဝေကောင်ကြီး မနေ့က ဝင်သွားတာ ဒီလမ်းပဲကွ၊ ကဲ မင်းသွားပေတော့၊ မင်းနောက်မလှမ်းမကမ်းမှာ ငါတို့ ပုန်းပြီးလိုက်လာမယ်"

"ကောင်းပြီဗျို့"

လို့ ကျုပ်ကပြောပြီး တောထဲကို ဝင်ခဲ့တယ်။ ကြက်သီးတွေကတော့ တဖျန်းဖျန်းထလို့ဗျ။ တောထဲကို တော်တော်ကလေး ဝင်လာလိုက်မိတော့ တောကလည်း နက်သထက် နက်လာပြီဗျို့။ လူသွားလမ်းလေးကတော့ ဖြောင့်နေတာဗျ။

"ဟေ့ သူငယ် နေပါဦးကွ"

ကျုပ်ဆိုတာ ဆံပင်တောင် ထောင်သွားသလား ထင်မိတယ်ဗျို့။ ကျုပ်ရဲ့ ညာဘက်က ဒညင်းပင်ကြီးနောက်ကနေ ထွက်လာတဲ့လူကြီးကို ကျုပ် လှမ်းမြင်ရတယ်။ ကျုပ်နဲ့တော့ ခြေလှမ်းဆယ်လှမ်းလောက်တော့ ဝေးပါတယ်။

"မင်း ဘယ်ရွာကတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



မန်းအောင်ပွင့်ပြောတဲ့ ပုံစံအတိုင်းပါပဲဗျာ။ အရပ်က ၆ ပေလောက် ရှိမယ်။ မျက်နှာက ခပ်ပြားပြားဗျ။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေက တော်တော်ကို ရှည်တာဗျ။ မုတ်ဆိတ်တွေက တစ်ထွာလောက် တွဲကျနေတယ်။ မုတ်ဆိတ်မွေးနဲ့ နှုတ်ခမ်းမွေးက ဆက်နေတော့ ပါးစပ်ပေါက်တောင် သိပ်မတွေ့ရဘူးဗျ။ မျက်လုံးတွေက နီတီတီနဲ့ဗျို့။ နှာတံက ကောက်ကောက်ကြီးဗျ။ နဖူးကလည်း မောက်မောက်ကြီး။ ခေါင်းကဆံပင်ကြီးက ဖားလျားကြီးဗျ ကျောအလယ်လောက် ရောက်တယ်ဗျို့"

"ကျုပ်က ကျောက်ထပ်ကဗျ"

"ဪ ဘာလာလုပ်တုံး၊ ထင်းခွေပဲလား"

"ဟုတ်တယ်ဗျ၊ ကျုပ် ထင်းလာခွေတာ"

"ဪ ဪ မင်းနာမည်က ဘာတဲ့တုံး"

"ကျုပ်နာမည်က တာတေဗျ"

"အလို တာတေတဲ့လား"

ပြောရင်းနဲ့ ကဝေကြီးက ကျုပ်နားကို ကပ်လာတယ်ဗျ။

"တာတေဆိုတော့ စနေသားများလား"

"ဟုတ်တာပေါ့ဗျာ၊ ကျုပ်က စနေသားစစ်စစ်ဗျ။ နေတက် ရေတက် မွေးတာလို့ ကျုပ်အမေက ပြောသဗျ"

"ဟာ သိပ်ကောင်းတာပေါ့ကွာ"

"ဘုန်း"

ပြောပြောဆိုဆို ကဝေကြီး ကျုပ်ကျောကုန်းကို သူ့လက်ဝါးကြီးနဲ့ ဘုန်းခနဲမြည်အောင် ရိုက်ချလိုက်တယ်။ ကျုပ်ဆိုတာ ရှေ့ကို





ဒူးထောက်ပြီး ကျသွားတာပေါ့ဗျာ။ ကျုပ် သိတယ်ဗျ။ ဒါဟာ ဆရာကြီးပြောတဲ့ တို့ဆေးဆိုတာပဲ။ ကျုပ်ကို တို့ဆေးသုတ်ထားတဲ့ လက်ဝါးနဲ့ ရိုက်လိုက်တာဗျ။ ဆရာကြီး တိုက်ထားတဲ့ အင်းရဲ့အစွမ်းကြောင့် ကျုပ် ဘာမှမဖြစ်ဘူးဗျို့။ ဒါပေမဲ့ ကျုပ်က မိုင်တိုင်တိုင် ပုံစံကြီး လုပ်လိုက်ရတာပေါ့ဗျာ။

"ဟဲ့ တာတေ ထစမ်း၊ ငါ့အမိန့်"

ဟော ကဝေက ကျုပ်ကို အမိန့်စပေးပြီဗျို့။ ကျုပ်ကလည်း အိပ်မွေ့ချခံထားရတဲ့လူလို ဒယီးဒယိုင်နဲ့ ထလိုက်ရတာပေါ့ဗျာ။

"ငါ့ကိုကြည့်စမ်း တာတေ၊ စနေသား တာတေ၊ အခုအချိန်တစပြီး မင်းကို ငါပိုင်ပြီ၊ ငါ ခိုင်းတာလုပ်ရမယ်။ ဘယ့်နှယ်တုံး လုပ်မယ်မို့လား"

ကျုပ်က မျက်လုံးကြီးစင်းပြီး ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြလိုက်တယ်။

"ကောင်းပြီ တာတေ၊ ငါ့နောက်က လိုက်ခဲ့တော့၊ အခု လိုက်ခဲ့တော့"

ပြောပြောဆိုဆို ကဝေက ကရင်သင်တိုင်းနီနီကြီးနဲ့ ရှေ့က ထွက်သွားတယ်။ ကျုပ်က ဒယီးဒယိုင်လုပ်ပြီး နောက်က လိုက်ရတာပေါ့ဗျာ။

ကဝေက တောင်ကုန်းကိုတက်ရင် ကျုပ်ကလည်း လိုက်တက်ရတာပေါ့ဗျာ။ ကဝေက လျှိုထဲကိုဆင်းရင် ကျုပ်ကလည်း လိုက်ပြီးဆင်းရတာပေါ့။ တော်တော်ကိုဝေးတာဗျို့။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချက်လောက်ရှိပြီထင်တယ်ဗျ။ ဒီတော့မှ ကဝေရဲ့တဲကို ရောက်တာ။

မန်းအောင်ပွင့်ကြီး ပြောတဲ့အတိုင်းပါပဲဗျာ။ မီးဖိုရော အိုးတွေ ခွက်တွေရော ရင်စို့လောက်မြင့်တဲ့ ကျောက်တုံးကြီးပေါ်မှာ အဆင်သင့် တင်ထားတဲ့ ငွေဖလားနဲ့ ရွှေလက်ကိုင်ရိုး တပ်ထားတဲ့ ဓားကိုလည်း တွေ့ရတယ်ဗျို့။

"တာတေ ဒီမှာထိုင်၊ လာ လာ လာခဲ့"

လို့ ကဝေက ကျုပ်ကို ခေါ်တယ်ဗျ။ ကျုပ်ကလည်း ဘာမှ မသိသလို သူခိုင်းတဲ့အတိုင်း လုပ်ရတာပေါ့ဗျာ။ သူက ကျုပ်ကို သစ်ပင်တစ်ပင်အောက်မှာ ထိုင်ခိုင်းတယ်ဗျ။ ကျုပ်လည်း မောနေတော့ ငြိမ်ပြီး ထိုင်နေတာပေါ့ဗျာ။ မျက်စိတွေကတော့ တစ်ချက်မှ အလစ်မပေးဘဲ မသိမသာ ကြည့်နေရတာပေါ့ဗျာ။ ကဝေက သူ့ရဲ့ တဲထဲကို ဝင်သွားတယ်ဗျ။ တော်တော်ကြာမှ ပြန်ထွက်လာပြီး အိုးတွေကို စမ်းချောင်းဘက်ကို ယူသွားပြီး ဆေးတယ်ဗျို့။ ပြီးတော့ မီးဖိုကြီးကို မီးမွှေးတယ်။ စမ်းချောင်းကရေကိုသယ်ပြီး အိုးထဲ ထည့်တယ်ဗျ။ မီးဖိုပေါ်မှာ ရေနွေးအိုးကြီး တည်ထားတာပေါ့ဗျာ။ ကျုပ်ဖြင့် အသည်းယားလိုက်တာ။ ကျုပ်ကို ပြုတ်မယ့်ရေနွေးအိုးကြီးမို့လား။

ရေနွေးအိုးလည်း တည်ပြီးရော ကဝေကြီးက တဲရဲ့အနောက်ဘက်က ထင်းချောင်းတွေ သယ်လာတယ်ဗျ။ ထင်းတွေ သွားသွားသယ်နေတုန်းမှာပဲ နေလည်း တော် မာဲ့ရောင်းလာပြီပေါ့ဗျာ။





ကဝေကြီး နောက်တစ်ခါ ထင်းချောင်းတွေ သွားသယ်ချိန်မှာ ကျုပ် ဘေးဘီကို ကြည့်လိုက်တယ်။ မလှမ်းမကမ်းက မြားဆိပ်ပင်ကြီး နောက်ကနေ ဆရာနွံဖက လှစ်ခနဲ ထွက်ပြပြီး ပြန်ဝင်သွားတယ်ဗျ။

ဟာ ဆရာကြီးတို့ ရောက်နေပြီပဲ။ ကျုပ်ဖြင့် အားတက်သွားလိုက်တာဗျာ။ မပြောပါနဲ့တော့။

ကဝေကြီးက ထင်းချောင်းတွေ တော်တော်များများသယ်ပြီးသွားတော့ ထင်းတွေကို စနစ်တကျစီပြီး မီးဖိုကြီး လုပ်တာဗျ။ ကျုပ်ဖြင့်ဗျာ တော်တော်ကို လန့်လာတာဗျာ။

နေဝင်သွားပြီဗျို့။

ကဝေကြီးလည်း ပြင်ဆင်တာတွေအားလုံး ပြီးသွားပုံပဲဗျ။ ငွေဖလားတင်ထားတဲ့ ကျောက်တုံးကြီးနားမှာ ထိုင်ပြီးနားနေတယ်။ သူ့ခေါင်းကြီးကတော့ ကောင်းကင်ကို မော့ပြီးကြည့်နေတယ်ဗျ။ တော်တော်ကလေးကြာတော့ လကြီးတစ်ခုလုံး မှောင်လာပြီဗျို့။ ကဝေကြီးလည်း ထိုင်နေရာကနေ ဝုန်းခနဲထပြီး ရပ်တယ်ဗျ။ တောတော်လည်မှာ တော်တော်မှောင်လာပြီဗျို့။ ရေနွေးအိုး ကျိုထားတဲ့ မီးဖိုက အလင်းရောင်ကြောင့် လင်းနေတာပေါ့ဗျာ။

"တာတေ စနေသား တာတေ ထလော့၊ အခု ထလော့"

ကျုပ်က အိပ်ချင်မူးတူးပုံစံနဲ့ ထရပ်လိုက်တယ်ဗျ။ ဒီတော့မှ ကဝေကြီးက ကျုပ်ခါးမှာ ထိုးထားတဲ့ ဓားမတိုကို တွေ့သွားပြီး. . .

"တာတေ ငါ့ကို ဓားပေးစမ်း၊ ဓားပေးစမ်း"

လို့ လက်ဝါးကြီးဖြန့်ပြီး တောင်းတယ်။ ကျုပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခါးကြားက ဓားကို ထုတ်ပြီးပေးလိုက်တယ်။

"တာတေ လာလော့၊ လာလော့"

ဆိုပြီး ကျုပ်လက်မောင်းကို ဆုပ်ညှစ်ပြီး ဆွဲခေါ်တယ်။ ငွေဖလားတင်ထားတဲ့ ကျောက်တုံးကြီးကို မှီပြီးရပ်ခိုင်းတယ်။ ပြီးတော့ ကျုပ်ခေါင်းကို ဖိပြီးလှန်ချလိုက်တယ်။ ကျုပ်ခေါင်းက မော့ပြီး ကျုပ်လည်ပင်းက လန်နေတာပေါ့ဗျာ။ ငွေဖလားပေါ်မှာ တင်ထားတဲ့ဓားနဲ့များ လှီးလိုက်လို့ကတော့ ပန်းထွက်လာလိုက်မယ့်သွေးတွေဗျာ။ မြင်လို့တောင် ကောင်းမယ်မထင်ပါဘူး။

ကဝေကြီးက ငွေဖလားကို လက်တစ်ဖက်ကကိုင်ပြီး လက်တစ်ဖက်က ရွှေနဲ့လုပ်ထားတဲ့ ဓားမြှောင်ရဲ့အရိုးကို ခပ်ကျစ်ကျစ် ဆုပ်ထားတယ်ဗျ။ ကျုပ် မသိမသာကြည့်လိုက်တော့ ဓားသွားဟာ မြည့်နေအောင် သွေးထားတာဗျို့။ ဒီဓားနဲ့ လှီးလို့ကတော့ အားတောင် သိပ်စိုက်စရာ လိုမယ်မထင်ဘူးဗျို့၊ တိကနဲ နေမှာပဲ။

ကဝေကြီးက ကျုပ်လည်ပင်းထွာညှိတည့်မှာ ဓားကိုမြှောက်ထားပြီး မန္တန်တွေကို အသံကျယ်ကျယ်နဲ့ ရွတ်တော့တာပဲဗျို့။ ကျုပ်ကိုတောင် မကြည့်တော့ဘူးဗျ။ ကောင်းကင်ကိုပဲ မော့ကြည့်နေတာ။ ကျုပ်လည်း ဒီအခွင့်အရေးကို ဘယ်မှာလက်လွှတ်ခံလိမ့်မတုံးဗျာ။ ကျောက်တုံးကြီးပေါ်မှာမှီပြီး ပက်လက်လန်နေရာကနေ ကဝေကြီးရဲ့ ရင်ညွန့်တည့်တည့်ကို ခေါင်းနဲ့ ဆတ်ခနဲ တိုက်ပစ်လိုက်တယ်။

"ဘုန်း အင့်"

ဘုန်းတနဲ အသံကြီးနဲ့အတူတူ အင့်ကနဲ မြည်အောင်





ကဝေကြီးရဲ့ ညည်းတွားသံကို ကြားလိုက်ရတယ်၊ ကျုပ်လည်း စောစောက ဆရာနှံ့ဖတို့ လှစ်ခနဲ တွေ့လိုက်ရတဲ့ မြားဆိပ်ပင်ကြီး ဘက်ကို ဒုန်းစိုင်းပြီး ပြေးတော့တာပေါ့ဗျာ။ ကျုပ်ပြေးလာတာကို တွေ့တော့ ဆရာကြီးနဲ့ ဆရာနှံ့ဖတို့က လွယ်အိတ်ကြီးတွေ ကိုယ်စီ လွယ်ရင်း ပြေးထွက်လာကြတယ်။

"သစ်ပင်နောက်မှာ သွားနေ မောင်တာတေ"

ဆရာနှံ့ဖက ကျုပ်ကို လှမ်းပြောရင်း ကဝေကြီးဆီကို သွားနေကြတယ်။

"ဟား ဟား ဟား ဟား လက်စသတ်တော့ ဒီလိုကိုး၊ လာစမ်းပါ၊ လာခဲ့ကြစမ်းပါ၊ ဒီကနေ့ ငါ့အစီအရင်ကို မအောင်မြင်အောင် နှောင့်ယှက်တဲ့ကောင်တွေ ငါဘာလဲဆိုတာ သိရမှာပေါ့"

ကဝေကြီးက ရှေ့ကို ထွီးလာတယ်ဗျ။ မျက်လုံးနီနီကြီးတွေက အရောင်တွေကို ထွက်နေတာဗျို့။

ကျုပ်မြားဆိပ်ပင်ကြီးနောက်ကို ရောက်တော့ စောရေအေးနဲ့ မန်းအောင်ပွင့်ကို တွေ့ရတယ်။ သူတို့နှစ်ယောက်လည်း ကဝေကြီးကို ကြောက်ကြောက်လန့်လန့်နဲ့ ကြည့်နေကြတာဗျ။

အရောင်တွေ တလက်လက်တောက်နေတဲ့ မျက်လုံးကြီးတွေနဲ့ ဆရာကြီးကို စိုက်ကြည့်နေတယ်။ ဆရာကြီးက ရှေ့ကို တစ်လှမ်းတိုးလိုက်ပြီး ဆရာနှံ့ဖကို ကာထားတယ်။ ဆရာနှံ့ဖကတော့ လက်ထဲမှာ တစ်ခုခုကို အသင့်ဆုပ်ထားသလိုပဲဗျ။

အဲဒီတုန်းမှာပဲ ကဝေကြီးက သူ့လက်တွေကို အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပြီး ထွေလိုက်တယ်ဗျာ။

"ဟာ"

ကျုပ်ဖြင့် လန့်တောင်အော်မိတယ်ဗျို့။ ဝင်းဝင်း ဝင်းဝင်းနဲ့ အရောင်တွေ ဖြာထွက်ပြီး ဆရာကြီးတို့ဆီကို ပြေးလာတာဗျို့။

ဆရာကြီးက သူ့လက်ဝါးနှစ်ဖက်နဲ့ ကာလိုက်တယ်။ လျှပ်စီးလက်သလို လက်နေတဲ့ အလင်းတန်းတွေ တုန့်ခနဲ ရပ်သွားတယ်ဗျ။

ဆရာကြီးက လက်ဝါးနှစ်ဖက်နဲ့ ဆတ်ခနဲ ရှေ့ကို တွန်းသလို လုပ်လိုက်တော့ အလင်းတန်းတွေဟာ 'ဝုန်း' ဆိုတဲ့ အသံကြီး မြည်ပြီး မီးခိုးလုံးကြီးဖြစ်ပြီး ပျောက်သွားတယ်ဗျ။ ဟာ ကဝေကြီးက လက်သီးကြီးဆုပ်ပြီး ပါးစပ်နားမှာ တေ့ထားတယ်ဗျ။ မန္တန်ရွတ်တာ ထင်တယ်ဗျို့။ ဟော ပစ်တော့မယ်ဗျို့။

"နှံ့ဖ အင်းပေးစမ်း"

ဆရာကြီးက လက်ဖြန့်လိုက်တော့ ဆရာနှံ့ဖက ဆရာကြီး လက်ထဲကို အင်းတစ်ချပ် ထည့်ပေးလိုက်တယ်ဗျ။

ဟော ပစ်ပြီဗျို့။ ကဝေကြီးက ပစ်လိုက်ပြီ။ လက်ဖက်ရည် ပန်းကန်လောက်ရှိတဲ့ အလင်းလုံးကြီး ပြေးထွက်လာပြီဗျို့။

ဟာ ကျုပ်တို့ ဆရာကြီး ပစ်ပြီ၊ အင်းနဲ့ ပစ်ပြီဗျို့။

"ဝုန်း"

ဆရာကြီးရဲ့အင်းနဲ့ အလင်းလုံးကြီးနဲ့ တည့်တည့်ထိပြီး အသံကြီးမြည်သွားတာဗျို့။ မီးခိုးတွေကတော့ ဝုန်းခနဲကို တက်သွား





တာဗျ။ ဟာ ကဝေကြီး ဖင်ထိုင်ရက် လဲသွားပြီဗျို့။

ဟာ ဆရာကြီးက သူ့လွယ်အိတ်ထဲက ဖြူဖြူတစ်ခုကို ဆွဲထုတ်လိုက်ပြီဗျို့။ ဟာ ပိုက်ကွန်လိုဟာပဲဗျ။

ကဝေကြီးက လဲကျနေရာက ပြန်ထဖို့ ကြိုးစားနေတာဗျ။ ဆရာကြီးက ပိုက်ကွန်ကို သေသေချာချာကိုင်ပြီး တံငါတွေ ကွန်ပစ်သလို ပစ်လိုက်ပြီဗျို့။"

ဟာ ဟုတ်တယ်ဗျ၊ ပိုက်ကွန်ကြီးဗျ။ လေထဲမှာဝဲပြီး ထွက်သွားတာဗျို့။ ဟော အုပ်သွားပြီ။ အုပ်သွားပြီ။ ကဝေကြီးကို အုပ်သွားပြီဗျို့။ ဟော ဟော ကဝေကြီး မြေပြင်ပေါ်မှာ လူးလွန့်နေပြီဗျို့။ ဆရာကြီးက ပါးစပ်က မန္တန်တွေ အဆက်မပြတ် ရွတ်နေတာဗျ။ ကဝေကြီးကလည်း ပိုက်ကွန်အောက်မှာ လှိမ့်နေတာဗျို့။

"အောင်မယ်လေးဗျ၊ ပူလှချည်ရဲ့ဗျ၊ လွှတ်ပေးပါဗျ"

လို့ အသံနက်ကြီးနဲ့ အော်လိုက်တာ။ တောကြီးတစ်တောလုံးကို ဟိန်းသွားတာဗျ။ မန်းအောင်ပွင့်ကြီးဆိုတာ ကြောက်ပြီး တဆတ်ဆတ်ကို တုန်နေတာဗျို့။

"နှံ့ဖ ကဝေသက်ဖြတ်အင်းတော်ကြီး ပေးစမ်း"

ဆရာကြီးက လက်ဝါးဖြန့်ပြီး ပြောလိုက်တယ်။ ဆရာနှံ့ဖ ကလည်း အင်းတစ်ချပ်ယူပြီး ဆရာကြီးလက်ထဲကို ထည့်ပေးလိုက်တယ်။

ဆရာကြီးက အင်းကို ပါးစပ်နားကပ်ပြီး မန္တန်ရွတ်တယ်။ ပြီးတော့ လှိမ့်နေတဲ့ ကဝေကြီးကို အင်းနဲ့ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း အား"

မီးခိုးတွေ မှောင်သွားတယ်။ မီးခိုးလုံးကြီးကြားက တအား ကြုံးအော်လိုက်တဲ့ ကဝေကြီးရဲ့အသံဟာ တောကြီးတစ်ခုလုံး ဟိန်းသွားတာပဲဗျာ။ မီးခိုးတွေ ပျယ်သွားတော့ ကဝေကြီး ငြိမ်နေပြီဗျ။ လှုပ်ကို မလှုပ်တော့ဘူး။

ဆရာကြီးက အခြေအနေကို ခဏစောင့်ကြည့်ပြီးမှ သူ့ရဲ့ ပိုက်ကွန်ကို ပြန်ပြီးဆွဲယူလိုက်တယ်။

"မှတ်ထားကွ နွံ့ဖရဲ၊ ဒါကို ကဝေကွန်ယက်လို့ခေါ်တယ်၊ ဒီကွန်ယက်အောက်ရောက်လို့ကတော့ ဘယ်ကဝေမှ မခံနိုင်ပါဘူးကွာ"

ဆရာကြီးက သူ့ရဲ့ကဝေကွန်ယက်ကို လွယ်အိတ်ကြီးထဲ ပြန်ထည့်လိုက်တယ်။

"ဝုန်း"

ဟာ ကဝေကြီးရဲ့ အလောင်းကောင်ကြီးက အလိုလိုမီးထတောက်တာဗျို့။

အိုး တော်တော်ကို ပူတာပဲဗျာ။ ဆရာကြီးနဲ့ ဆရာနွံ့ဖဆောင် နောက်ကို ပြန်ဆုတ်လာကြရတယ်ဗျို့။

ဘယ်လိုဖြစ်လို့ ဒီလောက်ပူတာပါလိမ့်လို့ ကျွန်ုပ် တွေးနေတုန်းမှာပဲ. . .

"အဲဒါ ငရဲမီးတောက်လို့ ခေါ်တယ်ကွ၊ အကုသိုလ် အလွန်ကြီးတဲ့ ကဝေကြီးတွေသေတဲ့အခါ ထပြီးတောက်တတ်တယ်ကွ။





ဒါကြောင့် တအားပူနေတာပေါ့"

ငရဲမီးတောက်ကြီး ငြိမ်းသွားတော့ ကဝေကြီး ပျောက်သွားပြီဗျို့။ ပြာတောင်မကျန်ခဲ့ဘူးဗျ။

"ကဲ အဲဒီတဲကို မီးရှို့လိုက်ကွာ"

လို့ ဆရာကြီးက ပြောတော့ စောရေအေးနဲ့ မန်းအောင်ပွင့်တ ထွက်လာပြီး ရေနွေးကျိုထားတဲ့ မီးဖိုထဲက ထင်းစတွေဆွဲပြီး တဲပေါ် ပစ်တင်လိုက်တယ်။ ခဏနေတော့ ကဝေကြီးရဲ့ တဲကလေး မီးလောင်တာပေါ့ဗျာ။ အိုးတွေ ခွက်တွေရော ငွေဖလားရော အားပါ မီးထဲကို ပစ်ထည့်လိုက်ကြတယ်။

လူသားစားကဝေကြီးတော့ ဇာတ်သိမ်းသွားပြီပေါ့ဗျာ။ တာတေတို့လည်း ညတွင်းချင်းပဲ ကျောက်ထပ်ကနေ လှည်းကျိုးကို ပြန်လာခဲ့ကြတယ်။ နောက်တစ်နေ့မှာပဲ ရန်ကုန်ကို ပြန်ခဲ့ကြတာ ပေါ့ဗျာ။

တာတေ

◆◆◆



www.burmeseclassic.com

www.burmeseclassic.com





မှန်ပြောင်တာဝေမ

တာတေ ရှာပြန်တယ်။

ဒါပေမဲ့ မကြာပါဘူး။ ဆရာကြီးနဲ့ ဆရာနွံဖက အမြန်ပြန်ခိုင်းမှာလိုက်တာနဲ့ တာတေ တစ်လတောင် မပြည့်ခင် ရန်ကုန်ကို ပြန်ရောက်လာခဲ့တယ်။

ရောက်မဆိုက်ပါပဲဗျာ။

"မောင်တာတေရေ မင်းပြန်ရောက်လာတာနဲ့ အတော်ပဲဟေ့"





လို့ ဆရာကြီးက ဆီးကြိုပြောတယ်ဗျ။ ဆရာနွံဖကလည်း ပြုံးပြီးကြည့်နေတယ်။

"ကျွန်တော့ ကဝေ လိုက်ရဦးမယ်ထင်တယ်"

လို့ တာတေက ပြန်ပြီးပြောလိုက်တော့ ဆရာကြီးက ပြုံးပြီး တာတေ့ကို ပြောတယ်ဗျ။

"မောင်တာတေကလည်း ပါရမီအခံ တယ်ကောင်းသကိုး ကွဲ့။ တွေးလိုက်ရင် တန်းနေတော့တာပဲကိုး"

ကျုပ်ကတော့ ဘာမှပြန်မပြောဘဲ ပြုံးရုံပဲ ပြုံးနေတော့တာ ပေါ့ဗျာ။

"ဟုတ်တယ် မောင်တာတေရေ့ ခရမ်းသုံးခွဘက်မှာ အထူး အဆန်းတွေ ဖြစ်နေပါရောလား"

ဆရာနွံဖက ဝင်ပြောလိုက်တယ်ဗျ။ ကျုပ်လည်း အရှမ်းကို သိချင်သွားတာပေါ့ဗျာ။

"ဘယ်လိုအထူးအဆန်းများတုံး ဆရာနွံဖရဲ့"

"အင်း ကြေးစားလူသတ်သမားကစ်ယောက် ပေါ်နေလို့ ကွ"

"ဗျာ. . . ကြေးစားလူသတ်သမား ဟုတ်လား ဆရာနွံဖရဲ့၊ ဟာ ဒါဆိုရင် ပုလိပ်ဘက်ကို အကြောင်းကြားရမှာပေါ့ဗျ။ ကျုပ်တို့နဲ့ ဘာဆိုင်လို့တုံး"

ကျုပ်စကားကို ကြားတော့ ဆရာကြီးက ပြုံးတယ်ဗျ။

"ဒီလိုကွဲ့. မောင်တာတေရဲ့၊ ကြေးစားလူသတ်သမား ဆိုပေမယ့် ယောကျ်ားမဟုတ်ဘူးကွဲ့၊ မိန်းမတစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော တော်တော်သတ္တိကောင်းတဲ့ မိန်းမပါလားဗျာ"

"သတ္တိမကောင်းပါဘူး မောင်တာတေရာ၊ ဒီမိန်းမက အခကြေးငွေယူပြီး လူကို ဓားနဲ့ထိုးသတ်၊ သေနတ်နဲ့ ပစ်သတ်တာမျိုးမဟုတ်ဘူးကွဲ့၊ ကဝေပညာနဲ့ လူမသိအောင် သတ်တာကွ ဒါပေမဲ့ အဲဒီလို သတ်ပေးတဲ့အတွက် အခကြေးငွေကတော့ မနည်းမနော ရတာဆိုပဲ"

"ဟာ ဒါဆို ကဝေမပေါ့ ဟုတ်လား ဆရာကြီး"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ နည်းနည်းနောနောပညာလည်း မဟုတ်ဘူးကွဲ့"

"နေပါဦး ဆရာနွံဖရဲ၊ ဒီသတင်းကို ဆရာတို့ ဘယ်လိုများ ရတာတုံးဗျ"

"ခရမ်းမှာနေတဲ့ ဆရာကြီးရဲ့ တပည့်တစ်ယောက်က ဆရာကြီးကို လာပြီးသတင်းပို့တာလေကွာ၊ ဒီကဝေမကြီးက တစ်နေရာတည်းမှာ အမြဲနေတာ မဟုတ်ဘူးတဲ့ကွ၊ နေရာအနှံ့ သွားလာနေတာတဲ့ကွ။ အခု ခရမ်းဘက်မှာလည်း မြို့ပေါ်နေတာ မဟုတ်ဘူးတဲ့ကွ၊ တောထဲမှာ တဲကလေးထိုးပြီး နေတာတဲ့"

"ဒါဆို သူ လူသတ်တာ ဘယ်လိုများ သိတာတုံး ဆရာနွံဖရဲ"

"အင်း မောင်တာတေက သေသေချာချာ [illegible]တာတ်တဲ့ သူငယ်ပဲကိုး၊ အေး သိပ်ကောင်းတာပေါ့ကွာ။ ယောကျ်ားဆိုတာ ဒီလိုတွေးမှ တိုးတက်တာကွ၊ ကဲ နွံဖရာ မောင်တာတေ သိချင်တာကို သေသေချာချာ ရှင်းပြလိုက်ပါကွာ"





"ဒီလို ဒီလို မောင်တာတေရေ၊ ခရမ်းမှာနေတဲ့ ဆရာကြီးရဲ့တပည့်နာမည်က ကိုကံပိုင်တဲ့ကွ၊ ကိုကံပိုင်က မြို့နီးချုပ်စပ်မှာ လှည့်သွားလာပြီး ဆေးလေးဝါးလေး ကုတယ်ကွ၊ တစ်ရက် ပင်လယ်ဘက်က ရွာကလေးမှာ ဆေးသွားကုတော့ ဒီကဝေမကြီးသတင်းကို ပြောကြားတာကွ"

"ဪ"

"ကိုကံပိုင် ဆေးသွားကုတဲ့ သိမ်ကုန်းရွာက ကာလသားတလေးတစ်ယောက်က ပြောပြတာတဲ့ကွ၊ သိမ်ကုန်းအရှေ့က တောထဲမှာ နွားပျောက်လို့ သွားရှာတုန်း မိန်းမကြီးတစ်ယောက်ကို တောထဲမှာ တွေ့ခဲ့တယ်ဆိုပဲကွ။ ဆံပင်ဖားလျားကြီး ချလို့တဲ့ကွ၊ မျက်လုံးမြူးပြူး နဖူးကမောက်မောက်ကြီးတဲ့ဗျာ၊ ထဘီကြီးကိုလည်း ဒူးခေါင်းလောက် ဝတ်ထားတာဆိုပဲ"

"ဪ ဆရာနွံဖကို ဖြတ်မေးပါရစေဗျာ၊ အဲဒီကာလသားတလေးဟာ ဘယ်သူတဲ့တုံး"

"အေး. . . အဲဒီသူငယ်ရဲ့ နာမည်က မောင်အုန်းတဲ့ကွ၊ အသက်က နှစ်ဆယ်လောက်ရှိပြီတဲ့၊ မောင်အုန်းကိုတွေ့တော့ သူ မျက်လုံးပြူးပြူးကြီးတွေနဲ့ စိုက်ကြည့်နေတယ်ဆိုပဲကွ၊ ပထမတော့ မောင်အုန်းက မတွေ့ဘူးတဲ့ကွ၊ သူ့နွားကိုပဲ မဲရှာနေတာတဲ့။ နောက်တော့ သူ့နွားညိုကြီးကို တွေ့ရောတဲ့ဟော့။ နွားညိုကြီးက ဘည်ပင်ကြီးတစ်ပင်အောက်မှာ ငိုင်ငိုင်ကြီး ရပ်နေတာတဲ့ကွ။ ဘယ်ကိုမှလည်း မသွားဘူးတဲ့။ ဒါနဲ့ မောင်အုန်းက ဝမ်းသာအားရနဲ့ သူ့နွားညိုကြီး အနားကို ပြေးသွားတာပေါ့ကွာ။ အဲဒီတော့မှ နွားညိုကြီးနဲ့ မသိအောင်



www.burmeseclassic.com

www.burmeseclassic.com



မကမ်းက ကနစိုပင်ကြီးအောက်မှာ ဆံပင်ဖားလျားကြီးနဲ့ ရပ်နေတဲ့ အဲဒီမိန်းမကြီးကို တွေ့တာတဲ့ဟေ့။ ပြုန်းခနဲ တွေ့လိုက်တော့ မောင်အုန်းလည်း လန့်သွားသတဲ့ဟေ့။ ဒီမှာတင် နောက်လှည့်ပြေးမယ်အလုပ်မှာ အဲဒီမိန်းမကြီးက အသံနက်နက်ကြီးနဲ့ ပြောတာတဲ့ကွ"

"ဟဲ့ကောင်လေး မပြေးနဲ့"

ထွက်ပြေးမလို့ လုပ်နေတဲ့ မောင်အုန်းလည်း တုံ့ခနဲရပ်ပြီး မှင်တက်မိသလိုလို ဖြစ်သွားတာတဲ့။

"ဒါ နင့်နွားလား"

"ဟုတ် ဟုတ်ပါတယ်ဗျာ"

မောင်အုန်းက ကြောက်ကြောက်နဲ့ ဖြေရတာပေါ့။ ဒီတော့ ထဲမှာ သူရယ်၊ ဒီမိန်းမကြီးရယ်၊ နွားညိုကြီးရယ်ပဲ ရှိတာမို့လား"

"နင့်နွားကို ပြန်လိုချင်သလား"

"ဟာ လိုချင်တာပေါ့ဗျ"

"ရိုရိုသေသေ ပြောစမ်း၊ ငါ့အသက်က နှစ်ရာကျော်ပြီ သိလား"

ဒီတော့ မောင်အုန်းလည်း အံ့ဩသွားပြီး ရိုရိုသေသေ ပြောရတာပေါ့ကွာ။

"ဟုတ် ဟုတ်ကဲ့၊ ပြန်လိုချင်ပါတယ် အမေ"

"အေး အဲဒီလိုပြော၊ ဟုတ်ပြီ၊ ဒါဆိုရင် နင် ငါခိုင်းတာ လုပ်ရမယ်"

"ဟုတ် ဟုတ်ကဲ့၊ လုပ်ပါ့မယ် အမေ"





"ကဲ ဒါဆိုရင် ငါ့နောက်လိုက်ခဲ့၊ နင့်နွားညိုကြီးလည်း ခေါ်လာခဲ့ ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါ အမေ"

မောင်အုန်းလည်း အဲဒီမိန်းမကြီးကို ကြောက်တော့ သူခိုင်းတဲ့အတိုင်း လုပ်ရတာပေါ့ကွာ။

သူခေါ်တဲ့နောက်ကို လိုက်သွားတော့ ညောင်ပင်ကြီးတစ်ပင်အောက်မှာ တဲတစ်လုံး တွေ့တယ်တဲ့။ ဒီတောထဲမှာ ဒီတဲရှိတာကို သူတို့ရွာမှာ သိတဲ့သူတစ်ယောက်မှ မရှိဘူးတဲ့ကွ။ အဲဒါနဲ့ တဲကိုရောက်တော့ ပေါက်တူးတစ်လက်ပေးပြီး မောင်အုန်းကို လူတစ်ရပ်စာလောက်နက်တဲ့ မြေကျင်းတစ်ကျင်း တူးခိုင်းတယ်ဆိုပဲ။ မောင်အုန်းလည်း ကြောက်တာပေါ့ကွာ။ သူ့ကိုများသတ်ပြီး ဒီကျင်းထဲမှာ မြှုပ်မှာလားလို့ တွေးတယ်ဆိုပဲ။

"အေး ရပြီ၊ ဟောဒီမှာကြည့်ဆိုပြီး တဲထဲဝင်သွားသတဲ့၊ တဲထဲက ပြန်ထွက်လာတော့ ကြေးလင်ပန်းတစ်ချပ်နဲ့ ကြက်ဖကြီး တစ်ကောင် ယူလာတယ်ကွ၊ လက်ထဲမှာလည်း စက္ကူအထုပ်တစ်ထုပ် ပါသေးသတဲ့။

"ကောင်လေး ငါပြောတာ မသေသေချာချာ နားထောင်"

ပြောပြောဆိုဆိုနဲ့ မိန်းမကြီးက ကြေးလင်ပန်းကိုခင်းပြီး လက်ထဲက စက္ကူထုပ်ကို ဖြည်လိုက်တော့ အရိုးခေါင်းဖြူဖြူကြီးတဲ့ဗျာ။ မိန်းမကြီးက ကြေးလင်ပန်းထဲမှာ အရိုးခေါင်းထည့်ပြီး ကြက်ဖကြီးကို လည်ပင်းလှီးပြီး ကြက်သွေးတွေနဲ့ အရိုးခေါင်းကို ဖြန်းလိုက်ရောတဲ့။ ပြီးတော့ ဆေးမှုန့်တွေနဲ့ အရိုးခေါင်းပေါ်မှာ ရွှစ်နေတဲ့

www.burmeseclassic.com



သွေးရိုးရဲတွေထဲကို ဖြူးလိုက်သတဲ့ဟေ့၊ ပြီးတော့မှ မောင်အုန်းဘက် ကိုလှည့်ပြီး . . .

"ဟဲ့ကောင်လေး ရော့ ဒီဆေးထုပ်ကို နင်ယူထား၊ ငါ မြေကျင်းထဲကိုဝင်ပြီး ထိုင်လိုက်မယ်၊ နင်က အပေါ်က မြေကြီးတွေ အမြန်သာ ဖုန်းလိုက်ပေတော့။ ပြီးရင် ဟောဒီခေါင်းခွံကို သေသေ ချာချာ ကြည့်နေ၊ ငါက မြေကျင်းထဲကနေ မန္တာန်တွေရွတ်မှာ၊ ဒီအရိုးခေါင်းရဲ့ မျက်လုံးပေါက်တွေ နှာခေါင်းပေါက်တွေ၊ ပါးစပ် ပေါက်တွေကနေ မီးတောက်တွေ ထွက်လာလိမ့်မယ်။ နင် မကြောက် နဲ့ ကြားလား၊ နင့်ကို ငါပေးခဲ့တဲ့ ဆေးထုပ်ထဲက ဆေးမှုန့်ကိုယူပြီး အဲဒီမီးတောက်ထဲကို ပေါက်လိုက်ပေတော့။ ဝုန်းခနဲ မီးငြိမ်းသွား လိမ့်မယ်။ ငါလည်း ကျင်းထဲက ထွက်လာလိမ့်မယ်။ ငါ့ကို မြေကျင်း ထဲမှာ ထားခဲ့ပြီး ထွက်ပြေးဖို့တော့ မစဉ်းစားနဲ့၊ နင်တို့ သိမ်ကုန်းရွာ တစ်ရွာလုံးကို မီးလောင်တိုက်သွင်းပြီး သတ်ပစ်မယ် ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါ အမေ၊ ကျုပ် မပြေးပါဘူး"

မိန်းမကြီးက မြေကျင်းထဲဝင်ပြီး ထိုင်လိုက်တော့ မောင်အုန်းက ကျင်းကြီးကို မြေဖို့ပေးလိုက်တာပေါ့ကွာ။ ပြီးတော့ အဲဒီမိန်းမကြီးမှာတဲ့အတိုင်း ကြေးလင်ပန်းထဲက အရိုးခေါင်းကို စိုက်ကြည့်နေရတာပေါ့။

ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ကြာတော့ အရိုး ခေါင်းရဲ့ မျက်စိပေါက်တွေ၊ ပါးစပ်ပေါက်တွေ၊ နှာခေါင်းပေါက်တွေ ကနေ မီးခိုးတွေအူပြီး ထွက်လာတယ်ဆိုပဲကွ။ ခဏနေတော့ ဝုန်းဆို တဲ့အသံကြီးနဲ့ မီးတောက်တွေ ထွက်လာတယ်တဲ့။ မောင်အုန်းလည်း





မိန်းမကြီးပေးထားတဲ့ ဆေးထုပ်ကိုဖြည်ပြီး ဆေးမှုန့်တွေနဲ့ မီး တောက်ကို ပေါက်လိုက်တာ ဝုန်း ဝုန်းဆို မြည်သွားပြီး မြေကျင်းထဲ က မြေကြီးတွေ ဖွားခနဲ လွင့်ထွက်လာပြီး မိန်းမကြီးပါ လွင့်ထွက် လာတာတဲ့ဟေ့။

"ဟား ဟား ဟား ဟား ငါ အောင်မြင်ပြီဟေ့၊ နင် သိပ် တော်တယ် ကောင်လေး၊ နင့်ကို ငါ သုံးဖို့ စားဖို့ပေးမယ်"

လို့ပြောပြီး တဲထဲဝင်သွားတယ်တဲ့ကွ။ ပြန်ထွက်လာတော့ မောင်အုန်းကို ရွှေဒင်္ဂါးငါးပြား ပေးတယ်တဲ့။ ပြီးတော့ ပြောသတဲ့ကွ။

"ငါက မီးထုံလည်း အောင်ပြီးပြီ၊ အခု မြေထုံလည်း အောင် ပြီ၊ ရေထုံလည်း အောင်ခဲ့ပြီ။ အဲဒီတော့ အာကာသထုံအောင်ဖို့ပဲ လိုတယ်ဟေ့။ ကောင်လေး အခုလာမယ့် လကွယ်ညမှာ နင် ငါ့ကို ကူညီပါ၊ နင့်ကို ငါ ရွှေဒင်္ဂါးတွေ အများကြီး ထပ်ပေးမယ်။ ငါ အာကာသထုံ ကူးတဲ့အချိန်မှာ နင်က ဓားထမ်းပြီး ငါ့ရဲ့ခန္ဓာကိုယ် ကို တစ်ညလုံး စောင့်ပေးပါ။ ငါ ကိုယ်ထဲကို ပြန်ဝင်မလာမချင်း နင်စောင့်နေရမယ်။ အဲဒီအာကာသထုံ အောင်သွားရင် ငါ့အသက် ဟာ နောက်ထပ်သုံးရာ ထပ်ရှည်မယ်။ နင့်ကို သူဌေးဖြစ်အောင် ရွှေဒင်္ဂါးတွေပေးမယ်။ နင်လာပြီး ကူညီမလား"

အဲဒီလိုမေးပြီးတော့ သူ့မျက်လုံးပြူးပြူးကြီးနဲ့ မောင်အုန်း ကို စိုက်ကြည့်လိုက်တာ မောင်အုန်းဆိုတာ တစ်ကိုယ်လုံး ကြက်သီး တွေ ဖျန်းခနဲ ထသွားဆိုပဲ။ ဒါနဲ့ လာပါမယ်လို့ ကတိပေးခဲ့ရတာ ပေါ့ကွာ။ အေးကွာ၊ တာတေရေ၊ နေဦး နေဦး အဲဒီကနေ မပြန်ခင်မှာ မောင်အုန်းက မေးသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အမေက ရွှေဒင်္ဂါးတွေ ဒီလောက်ချမ်းသာရဲ့သားနဲ့ ဒီတောကြီးထဲမှာ ဘာလို့လာနေရတာလဲ၊ ဓားပြတွေ သတ်သွားမှာ မကြောက်ဘူးလား"

"ဟဲ့ကောင်လေးရဲ့ ငါက ကဝေဟဲ့၊ ငါ့ကို လူတွေသတ်လို့ မရဘူးဟဲ့၊ ငါ့ကို သတ်ဖို့နေနေသာသာ ငါ့အိမ်နားတိုတောင် ကပ်လို့ မရဘူးသိလား"

"ဩော် ဒီလိုလား၊ ဒါထက် အမေ့မှာ ဒီရွှေဒင်္ဂါးတွေ အများကြီး ဘယ်လိုရထားတာလဲ"

"အေး ငါက ကဝေလေ၊ ငါ့မှာ ကဝေကြေးမုံလို့ခေါ်တဲ့ မှော်စီရင်ထားတဲ့ မှန်တစ်ချပ်ရှိတယ်ဟဲ့ ကောင်လေးရဲ့။ သူဌေးတွေ၊ အရာရှိတွေ တစ်ယောက်နဲ့တစ်ယောက် စီးပွားပြိုင်တဲ့အခါ အာဏာပြိုင်ကြတဲ့အခါ မနိုင်ရင် တစ်ယောက်ကိုတစ်ယောက် သတ်ပစ်ကြတယ်ဟဲ့။ အဲဒီအခါမှာ လူလူချင်းသတ်တော့ အမှုပေါ်မှာစိုးလို့ ငါ့ကို စုံစမ်းပြီး တိတ်တိတ်ကလေး လာကြတာ။ ပြီးတော့ ရွှေဒင်္ဂါးတွေပေးပြီး သူတို့သတ်ချင်တဲ့လူရဲ့ ဓာတ်ပုံပြပြီး ငါ့ကို ကဝေပညာနဲ့ သတ်ခိုင်းတာဟဲ့။ အဲဒီအတွက် ငါ့မှာ ရွှေဒင်္ဂါးတွေ ရှိနေတာပေါ့ ကောင်လေးရဲ့။ အခု ထုံကူးတဲ့ကိစ္စရှိလို့ ဒီမှာ လာနေတာ။ ဒါတွေပြီးရင် ရန်ကုန်က သူဌေးတစ်ယောက်အတွက် သူ့ပြိုင်ဘက်တစ်ယောက်ကို ငါသွားသတ်ပေးရဦးမှာဟဲ့"

"အမေ လူကို မှန်နဲ့သတ်လို့ရသလား"

"ရတာပေါ့ဟဲ့၊ သတ်မယ့်လူရဲ့ ဓာတ်ပုံကို သေသေချာချာ စိုက်ကြည့်ပြီး မှန်ရှေ့မှာ နှင်းဆီအနီတစ်ပွင့်ကို ပန်းကန်ထဲမှာ





ထည့်ပြီး ချထားရတယ်။ ပြီးရင် ငါက မှော်မန္တန်တွေ ရွတ်လိုက်ရင် ဓာတ်ပုံထဲကလူရဲ့ပုံက ငါ့ရဲ့ကဝေကြေးမုံထဲမှာ ပေါ်လာတာပေါ့။ ငါက နှင်းဆီပန်းနဲ့ အဲဒီမှန်ထဲက ရုပ်ပုံကို ကောက်ပေါက်လိုက်ရုံပဲ ဟဲ့ ကောင်လေးရဲ့။ အဲဒီပေါက်လိုက်တဲ့ပန်းညှိုးရင် အဲဒီလူ ညှိုးရမယ်။ အဲဒီပန်းခြောက်ရင် အဲဒီလူလည်း ခြောက်သွေ့လာရမယ်။ အဲဒီပန်းနွမ်းရင် အဲဒီလူနွမ်းဟဲ့။ ဒီပန်းကြွေပြီဆိုရင်တော့ အဲဒီလူ သေပြီပေါ့ဟဲ့။

"ဟဲ့ကောင်လေး အဲဒါတွေထားလိုက်၊ နင် လက်ဆွယ်ည ဆက်ဆက်လာမှာလား၊ ငါ့မှာ ပြင်ဆင်စရာတွေရှိတယ်"

"စိတ်ချပါ အမေ၊ ကျုပ် ဆက်ဆက်လာပါမယ်"

"အေး ဒါဆိုရင် နွားရိုင်းသွင်းချိန် အရောက်လာခဲ့၊ ဘယ်သူ့ကိုမှ အသိမပေးနဲ့ ကြားလား။ အေး နင်လာမယ်ဆိုပြီးတော့မှ မလာရင်တော့ ငါ့အဆိုး မဆိုနဲ့နော်။ မြွေဆိုးတွေ အကောင်တစ်ထောင်လောက်လွှတ်ပြီး တစ်ရွာလုံး တစ်ယောက်မကျန်အောင် ပေါက်သတ်ခိုင်းလိုက်မယ် ဟင်း ဟင်း"

အဲဒီမိန်းမကြီးက ကျိန်းမောင်းတော့ မောင်အုန်းခမျာ ကြောက်လိုက်တာတဲ့ကွာ၊ ကြောက်ကြောက်နဲ့ပဲ သူ့နွားညှိုကြီးဆွဲပြီး ပြန်လာခဲ့ရောတဲ့ဟေ့။

"ဩော် ဒီအကြောင်းတွေကို မောင်အုန်းက ဆရာ ကိုကံပိုင်ကို ပြောပြတာပေါ့ ဆရာနွံဖရဲ့"

"အေးပေါ့ကွ၊ ကိုကံပိုင်နဲ့ မောင်အုန်းက နဂိုကတည်းက တော်တော်ခင်တာတဲ့ကွ၊ အဲဒါ သူ ဘာလုပ်ရမလဲပေါ့ကွာ။ တိုးငြိုး



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ် တိုင်ပင်တာပေါ့လေ။ သူသွားလို့ ကိစ္စပြီးတာနဲ့ သူ့ကို ပြန်မလွှတ်ဘဲ သတ်ပစ်လိုက်မှာလည်း ကြောက်တာပေါ့ကွာ။ ဘာကယ်လို့ မသွားရင်လည်း သူတို့တစ်ရွာလုံးကို ဒုက္ခပေးမှာ ကြောက်သတဲ့ကွာ။ ပြီးတော့ မောင်အုန်းက ကဝေမကြီး ပေးလိုက်တဲ့ ရွှေဒင်္ဂါးပြား ငါးပြားကိုလည်း ထုတ်ပြတယ်တဲ့"

"ဒီတော့ ဆရာကိုကံပိုင်က ဘာပြောတုံးဗျ"

"ဒီအကြောင်း ဘယ်သူမှ မသိစေနဲ့ဆိုပြီး မနေ့ကပဲ ဆရာကြီးကို အကြောင်းစုံ လာပြောသွားတယ်ကွ"

"အေး ဟုတ်ကယ်၊ မောင်တာတေ၊ အဲဒါ မှန်ထောင်ကဝေမပဲကွ၊ လူသတ်တော့ အင်မတန်ရဲတာကွ။ ဒီလူသတ်တဲ့ ကဝေမမျိုးကို အရှင်ထားလို့ ဘယ်ဖြစ်မလဲကွာ၊ ဆရာကြီး သွားပြီးနှိမ်နင်းရမှာပေါ့"

ဆရာကြီးက ကြားဖြတ်ပြီး ဝင်ပြောတယ်ဗျ။

"ဟာ တစ်ပွဲတစ်လမ်းတော့ နွှဲရဦးမှာပေါ့"

လို့ ကျုပ်က ပြောလိုက်တော့ ဆရာကြီးက ဆက်ပြောတယ်ဗျ။

"ဟုတ်တာပေါ့ မောင်တာတေရာ၊ ဒီပွဲမှာလည်း မင်းရဲ့ အကူအညီတွေ အများကြီးလိုမှာကွ"

"ဟာ စိတ်ချစမ်းပါ ဆရာကြီးရာ၊ တာတေက ဆရာကြီးတို့ ဆရာနွံဖတို့နဲ့သာဆိုရင် နတ်မိစ္ဆာတွေနဲ့ သတ်ရပုတ်ရမယ်ဆိုရင် တောင် သတ်ရဲပါရဲ့ဗျာ"

"ယုံပါတယ် မောင်တာတေ၊ ဆရာကြီးက မောင်တာတေကို ယုံပြီးသားပါကွယ်"

◆





လက္ခယ်နေ့မတိုင်ခင် တစ်ရက်အလိုမှာ တာတေတို့ ခရမ်းကို ရောက်ခဲ့ကြတယ်။

ခရမ်းက ကိုကံပိုင်ကိုခေါ်ပြီးမှ လက္ခယ်နေ့ ညနေမှာ သိမ်ကုန်းကို ထွက်လာခဲ့ကြတယ်။ သိမ်ကုန်းကိုရောက်တော့ နွားရိုင်းသွင်းချိန်ပေါ့ဗျာ။ ဆရာကြီးက တမင်ကို ချိန်ဆပြီး ထွက်လာခဲ့တာဗျို့။ ကဝေမကြီးကို ဆရာကြီးက လျှော့မတွက်ဘူးဗျ။ တစ်သက်လုံး သူတတ်ထားတဲ့ ကဝေပညာနဲ့ ကြေးစားလူသတ်သမား လုပ်ခဲ့တဲ့ ကဝေမကြီးဟာ ကျုပ်တို့ လာတာကိုလည်း ကြိုသိနိုင်တယ်လို့ ဆရာကြီးက ပြောတယ်ဗျ။

သိမ်ကုန်းရောက်ရောက်ချင်းပဲ ကိုကံပိုင်က မောင်အုန်းနဲ့ တွေ့တယ်။ မောင်အုန်းက ဆရာကြီးကို ကန်တော့ပြီးတော့ သူတွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေကို ပြောပြတယ်။

"ကဲ မောင်အုန်း မင်းသွားရမယ့်အချိန် ရောက်အောင် သွားသာသွား၊ ဘာမှမကြောက်နဲ့။ ဆရာကြီးတို့က မင်းနဲ့ ခပ်လှမ်းလှမ်းက လိုက်လာခဲ့မယ်။ မင်းက သူခိုင်းတဲ့အတိုင်းသာ လုပ်ပေးလိုက်။ အချိန်ရောက်တာနဲ့ ဆရာကြီးတို့ မင်းဆီကို လာခဲ့မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မောင်အုန်းက ပုဆိုးလေးတစ်ထည် ခေါင်းပေါင်းပြီး တောထဲကို ဝင်သွားတယ်ဗျ။ ဆရာကြီးရယ်၊ ဆရာနွံဖရယ်၊ ကိုကံပိုင်ရယ်၊ ကျုပ်ရယ်၊ မောင်အုန်းရဲ့နောက် ခပ်ခွာခွာက လိုက်ခဲ့ကြရတာဗျို့။

ဟော တွေ့ပြီဗျို့။ ကဝေမကြီးနေတဲ့ တဲကလေးဗျ။ ဟော



www.burmeseclassic.com

www.burmeseclassic.com



မောင်အုန်း တဲထဲကိုဝင်သွားပြီဗျို့။ ကျုပ်တို့က ခပ်လှမ်းလှမ်းက သစ်ပင်ကြီးတွေနောက်မှာ ပုန်းနေကြရတယ်။ အားလုံးရဲ့မျက်လုံးတွေကတော့ တဲကလေးကိုပဲ ကြည့်နေတာဗျို့။

ခုထိတော့ ဘာမှထူးထူးခြားခြား မရှိသေးပါဘူး။ တဖြည်းဖြည်း မှောင်လာပြီဗျ။ ဒါပေမဲ့ တဲကလေးထဲမှာ ဘာမှမထူးခြားသေးပါဘူးဗျာ။ တဖြည်းဖြည်းနဲ့ သိမ်ကုန်းရွာလေးဘက်က ခွေးဟောင်သံတွေ တိတ်ဆိတ်လာတယ်ဗျ။ သက်ကြီးခေါင်းချချိန် ကြက်တွန်သံတွေကို ခပ်သဲ့သဲ့ ကြားလိုက်ရတယ်။ ညကိုးနာရီလောက်တော့ ရှိပြီပေါ့ဗျာ။

"ဟာ မီးလုံးကြီး၊ မီးလုံးကြီး"

ကျုပ်က လေသံကလေးနဲ့ ပြောလိုက်တယ်ဗျ။ ကဝေမကြီးနေတဲ့ တဲကလေးရဲ့ ခေါင်းမိုးပေါ်မှာ မီးလုံးကြီးတစ်လုံးဗျ။ ခေါင်မိုးနဲ့ မထိတထိကလေး ရွှေ့နေတာဗျို့။

ဆရာကြီးနဲ့ ဆရာနွံဖက အသာကလေးကြည့်နေကြတယ်။ ဆရာကြီးက လေသံကလေးနဲ့ပဲ ပြောတယ်။

"တော်တော်ကို မှော်အဆင့်မြင့်တဲ့ ကဝေကွ၊ အဲဒါ ကဝေမီးလို့ ခေါ်တယ်။ နည်းနည်းမှ မလှုပ်ကြနဲ့နော်၊ တွေ့သွားလို့ကတော့ အသေပဲ သိလား"

ဆရာကြီး ပြောတော့မှ ကျုပ်ဖြင့် ကြောက်လိုက်တာဗျာ။ ကြက်သီးတွေတောင် ထသွားတယ်ဗျို့။ မီးလုံးကြီးက ကြည့်နေရင်းမှာပဲ တဖြည်းဖြည်း ကြီးလာတယ်ဗျို့။ ဝတွေ့စက ခြင်းလုံးလောက်ပဲရှိတာဗျ။ အခုတော့ သပိတ်လုံးလောက် ရှိနေပြီ။





ဟော ဟော ခေါင်းမိုးနဲ့ တစ်တောင်လောက်အကွာမှာ နိမ့်လိုက် မြင့်လိုက် လုပ်နေတယ်ဗျို့။ ပျံတက်သွားပြီဗျို့။ သစ်ပင်တွေအပေါ်မှာ ဝဲနေတာဗျ၊ သိပ်အမြင့်ကြီး မဟုတ်ဘူးဗျ။

"ငြိမ်ငြိမ်နေကြနော်၊ အဲဒါ ရန်သူရှာနေတာကွ။ သူနေရာမှာ ရန်သူ ကင်းရဲ့လားလို့ ရှာနေတာ။ ဘာဖြစ်လို့လဲဆိုတော့ တဲထဲမှာ သူ့ခန္ဓာကိုယ်ကို ထားခဲ့ရတာလေ။ ရန်သူကိုသာ တွေ့လို့ကတော့ အသေသတ်တော့မှာပေါ့"

ဆရာကြီးစကား ဆုံးတဲ့အချိန်မှာပဲ မီးလုံးကြီးက တောအုပ်အပေါ်မှာ ဝဲပျံနေရာကနေ အနောက်ဘက်ကို ပျံသွားတယ်ဗျို့။ ဟာ ပျံလာပြန်ပြီဗျို့။ ဟော သူ့တဲမိုးပေါ်ကို နိမ့်ဆင်းလာပြန်ပြီဗျ။ အောင်မယ် တဲကို တစ်ပါတ်ပတ်ပြီး ပျံနေတာဗျို့။ ဟော ပျံတက်သွားပြီ။ ဒီတစ်ခါတော့ စိတ်ချသွားပြီ ထင်တယ်ဗျ။ ဟော သစ်ပင်တွေပေါ်မှာ ဝဲနေရင်းကနေ ပျံသွားပြီဗျို့။ ဒီတစ်ခါတော့ ... ဘက်ကို ပျံသွားတာဗျို့။

ကျုပ်တို့ ဆရာတပည့်တွေ လှုပ်တောင် မလှုပ်ကြ... စောင့်ကြည့်နေတာဗျို့။ ဒီတစ်ခါတော့ ကဝေမီးလုံးကြီး ပြန်... တော့ဘူးဗျ။ နာရီဝက်လောက်တောင် ရှိပြီဗျို့။

"ကဲ သွားကြစို့ဟေ့၊ တဲထဲမှာ မောင်အုန်းတော့ ကမ... စောင့် လုပ်နေရပြီပေါ့"

လို့ပြောပြီး ဆရာကြီးက ရှေ့ကသွားတယ်။ ကျု... ဆရာကြီးနောက်က လိုက်ခဲ့ကြတယ်ဗျ။

ထဲက အတော်ကလေးတော့ ကျယ်သားပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်လယ်ခန်းမှာ ကဝေမကြီးရဲ့ကိုယ်က စန့်စန့်ကြီးပျ။ ဘေးမှာတော့ မောင်အုန်းက ဓားရှည်တစ်ချောင်းကိုင်ပြီး စောင့်နေလို့ပေါ့ဗျာ။

"ဘယ်လိုလဲကွ မောင်အုန်းရဲ့၊ မင်း တော်တော်ကြောက်နေပြီလား"

လို့ ကိုကံပိုင်က မေးတယ်ဗျ။ မောင်အုန်းက စိတ်ပျက်နေတဲ့ ပုံစံနဲ့. . .

"မပြောပါနဲ့တော့ ဆရာကိုကံပိုင်ရယ်၊ စိတ်ပျက်ရတာင် ဘယ်ကမလဲဗျာ၊ ကြောက်လိုက်တာလည်း မပြောပါနဲ့တော့"

"မကြောက်ပါနဲ့တော့ကွာ၊ ကဝေမကြီး သွားပါပြီကွ"

"ဟင် ဆရာတို့ တွေ့လိုက်လို့လား"

"ဟာ တွေ့ပါပြီလား မောင်အုန်းရဲ့၊ မီးလုံးကြီး ပျံထွက်သွားတာကွ၊ တော်တော်နဲ့ သွားတာမဟုတ်ဘူး၊ ဒီအပေါ်မှာ ဝဲနေသေးတာကွ"

"ဟာ မီးလုံးကြီးဟုတ်လား၊ အခု ကျွန်တော် ဘာလုပ်ရမှာလဲ ဆရာ၊ တော်တော်ကြာလို့ ကဝေမကြီး ပြန်လာရင် ကျုပ်ကို သတ်မှာနော်"

ဆရာကြီးက မောင်အုန်းကို ကြည့်လိုက်ပြီး. . .

"ကဲ မောင်အုန်းနဲ့ မောင်ကံပိုင် ရွာပြန်ကြပေတော့၊ မောင်ကံပိုင်က မောင်အုန်းကို သေသေချာချာ စောင့်ရှောက်ပြီး အိမ်အရောက် ပို့ပေးလိုက်ပါကွာ။ အဲဒီဓားကြီးပါ ယူသွားကြ၊ မောင်အုန်းရေ ဘာမှမကြောက်နဲ့ဟေ့၊ မင်း ဘာမှမဖြစ်စေရဘူး၊





ဆရာကြီး တာဝန်ယူတယ်။

ဆရာကြီး အမိန့်အတိုင်း ကိုကံပိုင်နဲ့ မောင်အုန်း နှစ်ယောက်သား ဓားတစ်လက်ထမ်းပြီး ပြန်သွားကြလေရဲ့။

ဒီတော့မှ ဆရာကြီးက ပြောတယ်ဗျ။

"သေသေချာချာကြည့် နွံဖ၊ မင်းတို့ ဒါမျိုးကို တွေ့ရခဲ့တယ်ကွ၊ ဒါ ကဝေထုံကူးနေတာပေါ့၊ သူ့ရုပ်ကြီးက ဒီမှာကျန်နေတာလေ။ နာမ်က တခြားမှာရောက်နေတာကွ။ အဲဒီနာမ်ကလည်း သူ့ရဲ့ ဒီရုပ်အတိုင်းပဲ ရှိနေတာ။ ပညာစကားနဲ့ ပြောရရင်တော့ ဒါက ရုပ်ကြွမ်းကြီးပေါ့ကွာ။ အတွင်းက ရုပ်နုက နာမ်နဲ့အတူတူ ထွက်သွားပြီး သူ့ကိစ္စတွေပြီးလို့ ပြန်လာတော့မှ ဒီရုပ်ကြွမ်းကြီးထဲကို ပြန်ဝင်လာမှာကွ"

"အဲဒီရုပ်နုက ပြန်လာတဲ့အခါ ကျွန်တော်တို့အနေနဲ့ တွေ့နိုင်မှာလား ဆရာကြီး"

ဆရာနွံဖက မေးတယ်ဗျ။ ဒီတော့ ဆရာကြီးက ပြောတယ်။

"ဟာ ဘယ်မြင်နိုင်မလဲ နွံဖရဲ့၊ ရုပ်နုဆိုတာ ရုပ်နုအချင်းချင်းပဲ မြင်နိုင်တာကွ၊ တို့လို ရုပ်ကြွမ်းနဲ့နေတဲ့ သူတွေက သူ့ကိုကို မမြင်နိုင်ဘူး။ အေး ဒါပေမဲ့ ရုပ်နုတွေကတော့ တို့လို ရုပ်ကြွမ်းတွေကို မြင်ရတယ်ကွ"

"ဆရာကြီး ကျုပ်တစ်ခု မေးပါရစေဗျာ"

လို့ ကျုပ်ကလည်း သိချင်တာကို မြိုသိပ်မထားနိုင်တာနဲ့ မေးလိုက်မိတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မေးပါ မောင်တာတေ၊ ဘာများသိချင်လို့တုံးကွဲ့"

"ဟို မစာစောက ကျုပ်တို့မြင်လိုက်တဲ့ မီးလုံးကြီးက ဘာများလဲ ဆရာကြီး"

"အဲဒါလေ မောင်တာတေရဲ့၊ ဒီကဝေမကြီးရဲ့ ဟောဒီရုပ်ကြမ်းကိုယ်ထဲက ထွက်သွားတဲ့ ရုပ်နုလေ။ အဲဒီရုပ်နုနဲ့ အတူတူ ဝိညာဉ်ပါ ပါသွားတာပေါ့။ သူ့ရဲ့ ရုပ်နုကို အရွယ်သေးသေးလေး လုပ်ထားတာလေကွာ။ ဒါမှ သွားချင်ရာကို လျှစ်ခနဲ သွားလို့ရမှာပေါ့။ ပြီးတော့ အပေါက်သေးသေးကလေးတွေကိုလည်း သူဝင်နိုင် ထွက်နိုင်တာပေါ့ကွ။ အဲဒီရုပ်နုရဲ့အားမှာ ထွက်နေတဲ့ အလင်းရောင်က အနီရောင်လေ မောင်တာတေရဲ့။ ဆရာကြီးတို့က ကဝေမကြီးရဲ့ ရုပ်နုကို မတွေ့ရပေမယ့် သူ့အားမှာ ဖြာထွက်နေတဲ့ အနီရောင်တော့ မြင်နေရတယ်လေ။ ဒါကိုတွေ့တော့ လူတွေက မီးလုံးကြီးလို့ ထင်ကြတာပေါ့ကွာ။ တကယ်တော့ ဒါဟာ စုန်းတွေ ကဝေတွေရဲ့ ကိုယ်ထဲက ခွာထွက်လာတဲ့ ရုပ်နုပေါ့။

"ဪ ဒီလိုကိုး၊ ကျုပ်ဖြင့် ဒါတွေ အခုမှပဲ ကြားဖူးတော့တယ်ဗျာ"

လို့ ကျုပ်က တအံ့တသြ ပြောလိုက်တယ်ဗျ။

"ဟာ ဟိုမှာ ဆရာကြီး ဟိုမှာ"

ဆရာနွံဖက အလန့်တကြားပြောပြီး တဲရဲ့အရှေ့ခန်းဘက်ခြမ်း နံရံကို ထိုးပြတယ်ဗျ။

"ဘာတုံး နွံဖရဲ့"

"မှန်လေ ဆရာကြီး၊ မှန် မှန်"





ဆရာကြီးရော ကျုပ်ရော ဆရာနွံဖပြောတဲ့နေရာကို လှမ်းကြည့်လိုက်မိတယ်ဗျို့။ ဟာ ဟုတ်ပါရဲ့ဗျာ၊ စောစောက ဒါကို ကျုပ်တို့ မတွေ့ဘူးဗျ။ လူတစ်ရပ်လောက်မြင့်တဲ့ မှန်ချပ်ကြီးဗျို့။ အောက်မှာ ကနုတ်ပန်းတွေ ဖော်ထားတဲ့ ဘောင်ခွေနဲ့ဗျ။ ကြည့်ရတာတော့ တော်တော်ကို ရှေးကျတဲ့ လက်ရာလို့ တာတေ ထင်တယ်။ မှန်ပေါ်မှာ ပိတ်စအနက်တစ်စနဲ့ ဖုံးထားတာဗျ။ မှန်ရဲ့ဗျက်ကတော့ ၂ ပေလောက်၊ ၂ ပေခွဲလောက် ရှိမယ်ထင်တယ်။

"ဟာ ဟုတ်သားပဲကွ၊ အဲဒါ ကဝေကြေးမုံလို့ခေါ်တဲ့ မှန်ချပ်ကြီးပဲဟေ့၊ အဲဒါကြီးနဲ့ လူသတ်တာကွ။ ဒါကြောင့် မှန်ထောင်ကဝေလို့ ခေါ်ကြတာပေါ့။ မန္တန်ရွတ်ပြီး မှန်ကို အာရုံစိုက်ကြည့်လိုက်တာနဲ့ သူသတ်မဲ့လူရဲ့ပုံက ဒီမှန်ကြီးပေါ်မှာ ခပ်ဝါးဝါး ပေါ်လာတာတဲ့ကွ။ သူ့ရှေ့မှာ ပန်းကန်တစ်ချပ်နဲ့ နှင်းဆီပန်းတစ်ပွင့် ထည့်ထားတယ်ဆိုပဲ။ အဲဒီပန်းကလည်း သွေးသွေးချာချာ စီရင်ထားတဲ့ ပန်းပေါ့။ မှန်ကို စိုက်ကြည့်နေတုန်းမှာ ခပ်ဝါးဝါး မြင်နေရတဲ့ လူပုံစံဟာ တစ်ချက်မှာ ထင်ထင်ရှားရှား ပေါ်လာရောတဲ့ကွ။ အဲဒီအချိန်မှာ ပန်းကန်ထဲက ပန်းကိုယူပြီး မှန်ကိုပေါက်လိုက်ရုံပဲတဲ့ဟေ့။ အဲဒီပန်းခြောက်နွမ်းပြီး ကြွေကျသွားချိန်မှာ မှန်ထဲမှာပေါ်လာတဲ့ လူလည်း သေတာပဲတဲ့။ လုပ်ကြံချင်တဲ့လူက သူတို့ကို ရွှေဒင်္ဂါးပြားတွေ ပေးရတာတဲ့ဗျာ။ ဒါကြောင့် ဒီကဝေမကြီးက မောင်အုန်းကို ရွှေဒင်္ဂါးပြားတွေ ပေးလိုက်တာပေါ့ကွာ။ မှန်ထောင်ကဝေဆိုတာ အင်မတန်ကို ကြောက်စရာကောင်းတာဟေ့"

"ဆရာကြီး ပြောတာနဲ့တင် ကျုပ်တော့ ကျောချမ်း[illegible]"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရယ်"

"ဘာကြောက်စရာရှိလဲ မောင်တာတေ၊ ဆရာကြီးတို့က တော့ ဒင်းကို ရှင်းပစ်ရမှာပဲပေါ့။ ဒီလိုမှမရှင်းရင် အသက်ရာချီပြီး ရှည်တဲ့ ဒီကဝေမကြီးက လူတွေ အများကြီးကို ထပ်ပြီးသတ်နေဦး မှာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်ုပ် ဘာကူညီရမယ်ဆိုတာ သာ ပြောပါ"

ကျွန်ုပ်က ပြောလိုက်တော့ ဆရာကြီးက ခေါင်းညိတ်ပြီး...

"ကဲ နွံဖနဲ့ မောင်တာတေ၊ ခဏလောက် နောက်ဆုတ်နေ ကြပေတော့"

ဆရာကြီးရဲ့စကား ဆုံးတာနဲ့ ကျွန်ုပ်နဲ့ ဆရာနွံဖက နောက် ကိုဆုတ်ပြီး တဲရဲ့ ဓါးခြားထရံဘက်ကို သွားကပ်ရက်နေကြတယ်ဗျ။

ဆရာကြီးက သူလွယ်အိတ်ထဲက မြေဖြူခဲတစ်ချောင်းကို ထုတ်ယူလိုက်ပြီး စန့်စန့်ကြီး ဖြစ်နေတဲ့ ကဝေမကြီးကို စက်ဝိုင်းပုံစံ ဝိုင်းပြီး စည်းချလိုက်တယ်ဗျ။ ပြီးတော့ ဝါးကပ်ကြမ်းခင်းပေါ်မှာပဲ အင်းကွက်တွေချပြီး မန္တန်တွေရွတ်တယ်။ အဲဒီလို ဆရာကြီး မန္တန် တွေရွတ်နေတဲ့အချိန်မှာ ကြမ်းပြင်မှာ မြေဖြူနဲ့ ဆွဲထားတဲ့ အင်း တွေက အရောင်တွေ လက်သွားသလိုပဲဗျ။ ကျွန်ုပ် မြင်လိုက်တာကို ဆရာနွံဖလည်း မြင်ပုံရတယ်။

"အဲဒါ အင်းနှိုးတာကွ တာတေရ၊ အင်းကို အသက်သွင်း တာပေါ့ကွာ၊ အသက်ဝင်သွားလို့ အရောင်တွေ ပြိုးပြိုးပြက်ပြက် ဖြစ်သွားတာကွ။ အဲဒီမြေဖြူတောင့်ကလည်း ဆရာကြီး သေသေ





ချာချာ စီရင်ထားတာ။ ရိုးရိုးမြေဖြူတောင့် မဟုတ်ဘူးလေ"

"ဪ ဟုတ်လား ဆရာနွံဖ"

ဟော ကျွန်ုပ်နဲ့ ဆရာနွံဖ စကားပြောနေတုန်းမှာပဲ ဆရာ ကြီးက ရှေးဟောင်းမှန်ချပ်ကြီးဆီကို သွားတယ်ဗျ။ ပြီးတော့ မှန် ပေါ်မှာ အင်းကွက်တွေ ချလိုက်တယ်။ အဝတ်နက်ကြီးကို ဆရာကြီး ဖယ်လိုက်တဲ့အချိန်မှာ ကျွန်ုပ်ဖြင့် အဲဒီမှန်ကြီးကို ကြည့်တောင် မကြည့်ရဲပါဘူးဗျာ။ ဒါ လူသတ်တဲ့မှန်ကြီးဗျ၊ ရိုးရိုးမှန် မဟုတ်ဘူး လေဗျာ။ ကဝေမှန်ကြီးလေ။ ကျွန်ုပ် ကြောက်နေတာကို ဆရာနွံဖက တွေ့တော့...

"မကြောက်နဲ့ တာတေ၊ အခုအတိုင်းက ရိုးရိုးမှန်ပါပဲကွာ၊ မန္တန်သွင်းလိုက်မှ မှော်ဝင်သွားပြီး ကဝေမှန် ဖြစ်တော့တာကွ"

ဆရာကြီးက မှန်ပေါ်က အင်းတွေကိုလည်း မန္တန်ရွတ်ပြီး အသက်သွင်းတယ်ဗျ။

"ကဲ နွံဖ မျက်ကွင်းဆေးတောင့်ထုတ်ပြီး သွေးပေတော့၊ ပြီးရင် မောင်တာတေကို ဆေးကွင်းပေတော့။ ကဝေမကြီး ပြန်လာ ရင် ကျွန်ုပ် ချထားတဲ့ အင်းတွေကြောင့် သူကိုယ်ထဲကို ပြန်ဝင်လို့ ရမှာမဟုတ်တော့ဘူးကွဲ့။ အဲဒီအတွက်ကြောင့် ကျွန်ုပ်တို့က သူ့ရုပ်နာ ကို မြင်ရမှာ မဟုတ်ဘူးလေ။ ဒါကြောင့် မောင်တာတေက ကြည့်ပြီး သူဘယ်မှာ ဘာလုပ်နေတယ်ဆိုတာကို ပြောပြရမယ်။ ကဝေမကြီး က သူကိုယ်ထဲကို ပြန်ဝင်လို့ မရတော့ရင် ဒေါသတအားထွက်တော့ မှာကွ။ သူရင်ဆိုင်ရမယ့် ရန်သူရဲ့ အဆင့်ကိုလည်း ချက်ချင်းသိ လို့ရသွားမှာ။ ကျွန်ုပ်ကိုလည်း နည်းနည်းမှ ညှာမှာမဟုတ်ဘူး။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



[illegible] နည်းနည်းလေးမှကို နောက်ကျလို့ မရဘူးကွဲ့။ ဒီပွဲဟာ [illegible] ရော အသက်လုပွဲပေါ့ကွယ်။ ကဲ ကဲ နွံ့ဖရော၊ မောင်တာ [illegible] ဆေးတော်ကြီးကွင်းဖို့ လုပ်တော့"

ဆရာနွံ့ဖက မျက်ကွင်းဆေးတော်ကြီးကိုထုတ်ပြီး ကျွမ်းကျွမ်းကျင်ကျင် သွေးတယ်။ ပြီးတော့ ကျုပ်မျက်လုံးနှစ်ဖက်စလုံးကို ဆေးကွင်းပေးတယ်ဗျ။ ဆေးကွင်းပြီးတော့ ဆရာကြီးက ပြောတယ်ဗျ။

"နွံ့ဖ မောင်တာတေကို 'နက်စက်ရောင်' အင်းတစ်ချပ် တိုက်ထားလိုက်ကွဲ့။ ဒါမှ ကဝေမကြီးက သူ့ကို ကဝေစက်တွေနဲ့ ပစ်ရင် ကာကွယ်နိုင်မှာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာနွံ့ဖက အင်းတစ်ချပ်ကို ခပ်မြန်မြန်ထုတ်ပြီး အင်း သောက်ပန်းကန်လုံးကလေးထဲမှာ ပြာချ၊ ရေစင်ဘူးထဲက ရေစင်ထဲ မွှေပြီး ကျုပ်ကို အင်းတိုက်တယ်။

"ကဲ အားလုံးပြီးရင် ကျုပ်တို့ အပြင်ထွက်ကြမယ်၊ ဒီကဝေမကြီး ဘယ်အချိန် ပြန်လာမယ်တော့ မသိဘူးကွဲ့"

ဆရာကြီးက ပြောရင်းဆိုရင်း တဲအပြင်ကို ထွက်တယ်။ ကျုပ်နဲ့ ဆရာနွံ့ဖလည်း နောက်က လိုက်ခဲ့ကြတယ်။

ကဝေမကြီးရဲ့ တဲတောင်ဘက်မှာ မြက်ခင်းတစ်ခု ရှိတယ်ဗျ။ ဆရာကြီးက အဲဒီနေရာကို ရွေးလိုက်တယ်။ ပြီးတော့ မြက်ခင်းရဲ့ဘေးက သရက်ပင်ကြီးတွေနောက်ဘက်ကို ဝင်နေလိုက်ကြတယ်။

ကျုပ်တို့ ဆရာတပည့်တွေ စောင့်နေလိုက်ကြတာ သိမ်ကျုံး





ရှာဘက်က သန်းခေါင်ကြက်တွန်သံ သဲ့သဲ့ကလေးကိုတောင် ကြားနေရတယ်ဗျ။ ကျုပ်စိတ်ထင် ပြောရရင်တော့ သန်းခေါင်ကျော်ပြီး တစ်နာရီလောက်အကြာ ညနာရီပြန်တစ်ချက်လောက်ပေါ့ဗျာ။ ကျုပ်လည်း ဟိုကြည့် သည်ကြည့်နဲ့ ကြည့်နေရတာပေါ့။

"ဟော မီးလုံးကြီး ရောက်လာပြီဗျို့"

တာတေက လေသံကလေးနဲ့ ပြောလိုက်တာဗျ။ ဆရာကြီးရော၊ ဆရာနွံ့ဖပါ တာတေ လက်ညှိုးထိုးပြတဲ့နေရာကို ကြည့်ကြတာပေါ့ဗျာ။

"အေး ဟုတ်တယ်ဟေ့ မောင်တာတေရေ အဲဒါင်သင့်မြင်ပေတော့ဟေ့။ နွံ့ဖက အင်းတွေ ပြင်ထားပေတော့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကောင်းတပည့် ပီသလှတဲ့ ဆရာနွံ့ဖကတော့ ဘာမဆို တစ်ခွန်းပါပဲ။ အလွန်စိတ်ချရတဲ့ ဆရာကြီးရဲ့ တပည့်ပါပဲဗျာ။

ဟော ဟော ကဝေမီးလုံးကြီးက သစ်ပင်တွေအပေါ်မှာ မြူးတူးပြီး ဝဲနေတာဗျို့။ နိမ့်ဆင်းလာလိုက်၊ အပေါ်ကို မြင့်တက်သွားလိုက်၊ အနောက်ဘက်ကို ပျံထွက်သွားလိုက်၊ အရှေ့ဘက်ကို ပျံထွက်သွားလိုက်နဲ့ဗျ။

တာတေဆိုတဲ့ ကျုပ်ကလည်း အရေးပေါ်ပြီဆိုရင် ကြက်သီးက တဖျန်းဖျန်းပဲဗျို့။ ဟာ ဟာ ကဝေမီးလုံးကြီး ကျုပ်တို့ဘက်ကို ပျံလာပြီဗျို့။ ဆရာကြီးရော ကျုပ်တို့အားလုံး သရက်ပင်ကြီးတွေနောက်မှာ ငြိမ်နေကြရတာဗျို့။ ဟော ပျံထွက်သွားပြီဗျ။ ဟာ ဒီ တစ်ခါတော့ တဲခေါင်မိုးပေါ်မှာကပ်ပြီး ဝဲနေတာဗျို့။ ဟော [illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ ငြိမ်သွားပြီ၊ ခေါင်မိုးပေါ်မှာကပ်ပြီး ငြိမ်နေတယ်ဗျို့။ ဟာ တဲထဲကို ခေါင်မိုးဖောက်ပြီး ဝင်သွားပြီဗျို့။

"ဝုန်း ဂလွမ်း ဒုန်း"

ဟာ ပြဿနာတော့ စပြီဗျို့။ ကဝေမကြီးတဲထဲမှာ ခုန်ပေါက်နေပြီ ထင်တယ်ဗျ။ ဆရာကြီး ချထားတဲ့အင်းတွေကြောင့် သူ့ကိုယ်ထဲကို ပြန်ဝင်လို့ မရတော့ဘူးဗျို့။

"ဝုန်း ဝုန်း"

ဟာ တဲထဲမှာ ဝုန်းဒိုင်းကြဲနေပြီဗျို့။ ဟော ဟော ထွက်လာပြီ ထွက်လာပြီဗျို့။

"ဆရာကြီး ကဝေမကြီး တဲရှေ့ကို ထွက်လာပြီဗျ၊ ဆံပင်ဖားလျားကြီးနဲ့ ထဘီက ပေါင်လယ်လောက်အထိ တိုတိုကြီး ဝတ်လို့ဗျ။ ဟာ မျက်လုံးနီနီကြီးတွေနဲ့ လိုက်ကြည့်နေပြီဗျို့"

"အေး ဟုတ်ပြီ၊ မောင်တာတေ၊ မင်းမြင်သမျှကို တစ်ခုမကျန် မြန်မြန်ပြောပေတော့ကွဲ့"

"ဟော ဟော တဲဟိုဘက်ကို ထွက်သွားပြီဗျ၊ ဟာ ပြန်လာပြန်ပြီဗျို့။ လိုက်ရှာနေတာ ဆရာကြီးရေ၊ ကျုပ်တို့ဘက်ကို ခါးကြီးထောက်ပြီး ကြည့်နေတာဗျ၊ ဆရာကြီးတို့ရော မြင်ရလား"

"ဟာ ဘယ်မြင်ရမလဲ မောင်တာတေရဲ့၊ သူ့ကိုယ်ထဲကို ပြန်ဝင်လို့ မရတော့ ဝိညာဉ်အနေနဲ့ပဲ လျှောက်သွားနေတာလေ။ မင်းက မျက်ကွင်းဆေးတော်ကြောင့် မြင်ရတာပေါ့။ ကဲ ကဲ မြင်သမျှသာ ပြောပေး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟာ လာနေပြီ ဆရာကြီးရေ၊ ကျုပ်တို့





ဘက်ကို လာနေပြီဗျို့၊ မြက်ခင်းအလယ် ရောက်နေပြီဗျ"

"အေး ဟုတ်ပြီ၊ ကျုပ်တို့ ထွက်ကြမယ်၊ ဆယ်ပေလောက် အကွာရောက်ရင် ရပ်လို့ပြော၊ မောင်တာတေက မြင်ရတော့ ရပ်ရမယ့်နေရာကို သေသေချာချာ ပြနော်၊ ကဲ လာ ထွက်စို့"

ပြောပြောဆိုဆို ဆရာကြီးက ရှေ့က ထွက်တယ်။ ကျုပ်က ကဝေမကြီး ရပ်နေတဲ့နေရာကို လက်ညှိုးထိုးပြတယ်။ ဟုတ်ပြီ။ သွား သွား ရောက်ပြီ။

"ရပ်တော့ ဆရာကြီး"

ဆယ်ပေလောက်အကွာမှာ ကျုပ်က ရပ်ခိုင်းလိုက်တယ်။ ပြီးတော့ ကဝေမကြီးကို တည့်တည့်လက်ညှိုးထိုးပြလိုက်တယ်။ ဒေါသ အရမ်းထွက်နေတဲ့ ကဝေမကြီးက မျက်လုံးနီကြီးနဲ့ ကြည့်နေတယ်ဗျ။

"လက်နှစ်ဘက်ကို ကြက်ခြေခတ်ယှက်ထားတယ်ဗျ၊ ပါးစပ်ကလည်း မန္တန်တွေ ရွတ်နေတယ်။ ဟာ လက်နှစ်ဘက် ယှက်ထားတဲ့နေရာက ကဝေစက်တွေ ထွက်လာပြီဗျို့"

"မြင်ရတယ် မောင်တာတေရဲ့၊ အဲဒီစက်တွေကိုတော့ ဆရာကြီး မြင်ရတယ်၊ မင်း အသာနောက်ဆုတ်နေတော့"

ဆရာကြီးက ပြောပြောဆိုဆိုနဲ့ သူ့လက်နှစ်ဖက်ကို ကြက်ခြေခတ်ယှက်လိုက်တယ်ဗျ။ လက်ကောက်ဝတ်နေရာမှာ လက်နှစ်ဘက်ယှက်ထားတာ။ ပြီးတော့ မန္တန်ရွတ်တယ်ဗျို့။ ဟာ ဆရာကြီးရဲ့လက်ကလည်း တလက်လက်နဲ့ အရောင်တွေ ထွက်လာတယ်ဗျို့။ အလို ကဝေစက်တွေနဲ့ ဆရာကြီးရဲ့ အလင်းရောင်တွေ တွေ့



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်တဲ့။ ဟာ တွေ့ပြီဗျို့၊ တွေ့ပြီ။

"ဝုန်း ဝုန်း"

"လဲကျသွားပြီဗျို့၊ ကဝေမကြီး ဖင်ထိုင်ရက်ကြီး ကျသွားပြီ ဗျ ဟော ပြန်ထလာပြီ ဆရာကြီးရေ၊ ဟော သူ့ပါးစပ်ကို အကျယ်ကြီး ဟထားတယ်ဗျို့"

"ဟင် ဟုတ်လား၊ ဒါဆို ကဝေမီးတောက်နဲ့ မှုတ်တော့မှာ ကွဲ့၊ နှံ့ဖ ပေးစမ်း ဆရာ့ကို ပထမံရေစင်အင်း"

ဆရာနှံ့ဖက လွယ်အိတ်ထဲက အင်းတစ်ချပ်ကို ကပျာ ကယာ ထုတ်ပေးလိုက်တယ်ဗျ။ ဟာ ဟုတ်ပါရဲ့ဗျာ၊ ကဝေမကြီးရဲ့ ပါးစပ်ထဲက မီးတောက်ကြီး ထွက်လာတယ်ဗျို့။

"ဟာ ဆရာကြီး မီးတောက်ကြီး"

"အေး တွေ့ရတယ်၊ တွေ့ရတယ်၊ မောင်တာတေ မကြောက်နဲ့ဟေ့"

ဆရာကြီးက ပထမံရေစင်အင်းကို လက်ထဲမှာ ဆဖုတ်ရင်း ပတ်လိုက်ပြီဗျို့။ ဟာ အင်းက မီးတောက်တည့်တည့်ကို ဝင်သွားတာဗျာ။

"ဝုန်း ဝုန်း ဝီး ဝီး"

ဟာ ရေတွေ ပန်းထွက်လာတာဗျို့။ ဆရာကြီး ပစ်တဲ့အင်း ကထင်တယ်။ ရေတွေ ပန်းထွက်လာတာဗျ။ ဟော ကဝေ မီးတောက်ကြီးနောက်ကို လွင့်ထွက်သွားပြီဗျို့။ ကဝေမကြီးက နောက်ဘက်ကို ခြေတစ်လှမ်းစာလောက် ခုန်ထွက်သွားတယ်ဗျို့။ ပြီးတော့ ကောင်းကင်ကို မော့ကြည့်ပြီး မန္တန်ရွတ်တယ်ဗျို့။





"ဟာ ဆရာကြီးရေ၊ သူ ထဘီကြီးကိုဖြည်ပြီး မြန်မြန်ချလိုက် ပြီဗျို့၊ ဟာ ခြုံလိုက်ပြီဗျို့၊ ပါးစပ်ကလည်း မန္တန်တွေ ရွတ်နေတာဗျ"

"ဟေ ဟုတ်လား မောင်တာတေ၊ နှံ့ဖ ဒီကောင်မကြီး ငှင်းတလုပ်ပြီး ပြေးတော့မှာကွ။ အိတ်ထဲကို မြန်မြန်နှိုက်စမ်း၊ မော် ဝင်လေးနဲ့ မြားပါကယ်၊ တွေ့လား"

"တွေ့တယ် ဆရာ၊ ဒီမှာ ရော့ ရော့"

ဟင် ကျုပ်ဖြင့် တော်တော်ကို အံ့ဩသွားတာဗျာ။ စိတ် လည်း တော်တော်ပျက်သွားတယ်ဗျို့။ တကယ်ပါ။ ဆရာနှံ့ဖ ထုတ် ပေးလိုက်တဲ့ လေးဆိုတာက တစ်ထွာလောက်ရှိတဲ့ လေးကလေးဗျ။ မြားဆိုတာကလည်း ခြောက်လက်မလောက်ရှည်တဲ့ မြားကလေးဗျ။ ဒါကလေးနဲ့ ဒီကဝေမကြီးကို ဘယ်လိုပစ်မှာတုံးဗျာ။

"ကြည့်ထား မောင်တာတေ၊ မျက်ခြည်မပြတ် ကြည့်ထား ကွဲ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ဟာ ဟုတ်တယ်ဗျို့၊ ကဝေမကြီး ငှင်းတကြီး ဖြစ်သွားပြီဗျ၊ နည်းတဲ့ အကောင်ကြီး မဟုတ်ဘူး ဆရာ ကြီးရေ၊ အတောင်ပံတွေ တခတ်ခတ် လုပ်နေပြီဗျို့"

"ပြစမ်း ပြစမ်း တည့်တည့်လက်ညှိုးထိုးပြ"

ကျုပ်က ငှင်းတကြီးရဲ့ ရင်ဘက်ကို တည့်တည့်ထိုးပြတော့ ဆရာကြီးက သူ့ရဲ့ တစ်ထွာလောက်ရှိတဲ့ လေးကလေးမှာ မြားသေး သေးလေးတင်ပြီး ချိန်တယ်ဗျို့။ ပြီးတော့ မန္တန်တစ်ပုဒ်ကို အသံ အကျယ်ကြီးနဲ့ ရွတ်တယ်ဗျ။ ဟော ဆရာကြီး လေးကို ဆွဲတင်ပြီး ပစ်တော့မယ်ဗျို့။ ဟာ ပစ်ပြီ၊ ပစ်ပြီ။ ဟင် မြားကလေးက ငှင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အသံနဲ့ ပြေးထွက်သွားတာဗျို့။ ဟော အလင်းတန်းကြီးဗျ။ မြားက အလင်းတန်းကြီး ဖြစ်သွားတာဗျို့။ နိုင်ကြိုးပစ်ရင် တွေ့ရတဲ့ အလင်းတန်းမျိုးဗျ။ ထိပြီဗျို့။ ထိပြီ။ အလင်းတန်းကြီးက ငှင်းတကြီး ရဲ့ရင်ဝကို တန်းပြီးဖောက်သွားတာဗျ။

ဟော ငှင်းတကြီး ချာလည်လည်သွားပြီဗျို့။ အတောင်ပံကြီး ခတ်နေတာယ်ဗျို့။ ဟော ငြိမ်သွားပြီဗျ။

"ဝုန်း ဝုန်း ခွမ်း၊ ချလွမ် ချလွမ်"

ဟာ ငှင်းတကြီးက မီးတောက်ကြီး ထတောက်တာဗျို့။ ဝုန်းခနဲကို မြည်သွားတာ။ တစ်ပြိုင်တည်းပါပဲဗျာ။ တဲထဲကလည်း ဝုန်းခနဲ မြည်သွားပြီး ကဝေမကြီးရဲ့ ကိုယ်ကြီးမှာလည်း မီးတောက်ကြီး ထတောက်ပြီဗျို့။ 'ခွမ်း ချလွမ်း' ဆိုတဲ့ အသံကြီးကတော့ ကဝေမကြေးမုံလို့ခေါ်တဲ့ ကဝေမကြီးရဲ့ လှသတ်တဲ့မှန်ကြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားတဲ့ အသံဗျ။

ဟော ကြည့်နေတုန်းမှာပဲ မီးတောက်က ကြီးကြီးလာပြီး တဲကိုပါ စွဲတော့တာဗျို့။

"ဝရမ်းတောက်ကြီး ထတောက်တာဟေ့၊ လာ လာ၊ သရက်ပင်တွေနောက်မှာ ကပ်နေကြ။ သိပ်ပူတဲ့ မီးကွ"

သရက်ပင်တွေနောက်မှာ ကပ်နေရင်း ကျုပ် ကြည့်နေတာဗျို့။ တဲတစ်လုံးလုံး ပြာကျပြီး အားလုံးပျောက်သွားတော့မှ ကျုပ်တို့ သိမ်ကုန်းရွာကို ပြန်ခဲ့ကြတာ။

တာတေ

◆◆◆







## ရှေ့ဆောင်းတာဝေ

ဆရာကြီးဆီမှာ တာတေ မသောင်တင်နဲ့တော့ တော်တော်ကြာပြီဗျ။ ဆရာကြီး ဦးမင်းအောင်ဆိုတာ ခင်ဗျားတို့သိတဲ့အတိုင်း ပေါ့ဗျာ။ တစ်ခါက ကုလသမဂ္ဂရဲ့ ဆရာဝန်ကြီးတစ်ယောက်မို့လား။ နိုင်ငံတော်တော်များများမှာ လှည့်ပြီးဆေးကုသခဲ့တဲ့ ဆေးပညာ တက်ကြီးတစ်ယောက်။ ပြီးတော့ အထက်လမ်းဆေးပညာကို ကမ်းခတ်အောင် တတ်တဲ့ဆရာကြီးဗျ။

ဆိုလို့ သမာဓိဆိုတာ အလွန်ပြည့်စုံတဲ့ပုဂ္ဂိုလ်ဗျ။ အိမ်ထောင်ရက်သားလည်း မပြုခဲ့တဲ့လူမဟုတ်ဘူး။ ဥပမိရုပ်ဆိုတာလည်း "ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားလိုက်ပါဘိဗျာ။ ဗဟန်းမှာ ခြံကြီးဝင်းကြီးနဲ့ နေနိုင်တဲ့လူ။ ဉာဏ်ဦးနန့ ဆိုတာကလည်း ပြည့်စုံပါဘိသနဲ့။

တာတေတာတော့ ဆရာကြီးကို လွတ်ပြီးကြည်ညိုတာဗျ။ ဆရာကြီးရဲ့တပည့် ကျုပ်ရဲ့ဆရာနွံဖကလည်း ဆရာကောင်းတပည့် ပီသပါပေရဲ့။ အင်မတန် သီလ၊ သမာဓိရှိတာကလား။ ဆရာနွံဖကို လည်း တာတေ လွတ်ခင်တာဗျ။ ဆရာနှစ်ယောက်ကလည်း တာတေကို တော်တော်ဂရုစိုက်ကြပါတယ်။

တာတေတောင် ရန်ကုန်မှာ အနေကြာလာလို့လား မသိ ဘူးဗျ။ အသားတွေ ဘာတွေဖောင် လတ်လာတာဗျို့။ ထနောင်း ကုန်းက အဘနဲ့ အမေဆီကိုလည်း ကျုပ် မကြာ မကြာ ပြန်ပါတယ်။ ကျုပ်မို့လို့ ရွာရောက်ရင် ဦးဆုံးသွားတွေ့ရတာက ပုဏ္ဏာရုံဆရာတော် ဗျ။ ကျုပ် ပြန်ပြောပြတဲ့ ကဝေတွေအကြောင်း၊ ဆရာကြီးရဲ့ ကဝေ လိုက်တဲ့အကြောင်းတွေကို ဆရာတော် ဦးဂုဏက လွတ်ကြားချင် တာဗျ။ တာတေ ရွာရောက်ရင် အဲဒီအကြောင်းတွေ ဆရာတော်ကို သွားပြီးပြောပြရတာဗျို့။

တာတေ မှတ်မိသေးတယ်ဗျ။

အဲဒီညက နှင်းတွေ တော်တော်ကျတဲ့ည။ အေးလည်း တော်တော်အေးတယ်။ ဆရာကြီးရဲ့ ခြံဝင်းကို ကိုမောင်အေးက တံခါးစောစောပိတ်လိုက်သဗျ။ ပြီးတော့ အိမ်ကြီးကိုလည်း တံခါး စောစောပိတ်ပြီး ဆရာတပည့်တွေ ဧည့်ခန်းကြီးထဲမှာ ရေနွေးကြမ်း သောက် လက်ဖက်စားရင်း စကားပြောနေကြတာဗျ။ ဒီအချိန်မျိုး ဆိုရင် ဆရာကြီး ပြောပြတဲ့ ကဝေတွေ၊ စုန်းတွေ၊ ဇော်ဂနီကောင်ကြီး





တွေအကြောင်းဟာ တော်တော်ကို နားထောင်ကောင်းတာဗျို့။

"ဆရာကြီး ဆရာကြီး"

ခြံဝက အသံဗျ။ ယောကျ်ားတစ်ယောက်ရဲ့ အသံပဲ။

"ဟင် အချိန်မတော် ဧည့်သည်လာသကွဲ့၊ မောင်အေးရေ ခြံတံခါး ဖွင့်ပါဦးကွယ်၊ နွံဖ လိုက်သွားလိုက်ပါကွာ၊ အခြေအနေ ကြည့်နော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကိုမောင်အေးနဲ့ ဆရာနွံဖ ခြံထဲကို ဆင်းသွားတယ်။ ဆရာကြီးနဲ့ ကျုပ်ကတော့ အသာနားစွင့်နေရတာပေါ့ဗျာ။

"ဘယ်သူတုံး"

ဆရာနွံဖကမေးတော့ တစ်ဖက်က ပြန်ဖြေတဲ့အသံ ကြားရ တယ်။

"ယောက မောင်ပုံပါခင်ဗျာ"

"ဟ ကိုပုံလား၊ မတွေ့တာတောင် ကြာပေါ့"

"ဟင် ဆရာနွံဖလားဗျ"

"ဟုတ်ပဗျာ၊ ဟား ဟား ဟား"

"နို့ ဆရာကြီးရော ရှိရဲ့လားဗျ"

"ရှိပ့ါ ကိုပုံရယ်၊ ရှိပ့ါဗျာ"

"ဟင် ယောက မောင်ပုံပါလား၊ အင်း ကိစ္စတော့ထူးပြီ ထင်တယ်ကွဲ့၊ မောင်တာတေရဲ့"

ဆရာကြီးက ကျုပ်ကိုပြောရင်း ဧည့်ခန်းအဝကို မျှော်ကြည့် နေတယ်ဗျ။ ကျုပ်လည်း ဧည့်သည်ဆိုတာကို မြင်ချင်လို့ ကြည့်နေ တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး နေထိုင်ကောင်းပါရဲ့လားဗျ"

ဟော ရောက်လာပြီဗျို့။ အသားဖြူဖြူ ထောင်ထောင် မောင်းမောင်းနဲ့ လူတစ်ယောက်က စည့်ခန်းဝမှာ ရှိုရိုကလေးရပ်ပြီး ဆရာကြီးကို လက်အုပ်ချီ နှုတ်ဆက်တယ်ဗျ။ မျက်နှာကဝိုင်းဝိုင်း နှုတ်ခမ်းမွှေးကြီးနဲ့ဗျို့။ ဒီလူ့ရုပ်ကလည်း တော်တော်ကို ခန့်ညားတည်ကြည်တဲ့ပုံပဲဗျ။

"လာဟေ့ မောင်ပုံ၊ ရန်ကုန်ကို ဘယ်တုန်းကရောက်လဲကွဲ့"

"ဒီကနေ့ပါပဲ ဆရာကြီး"

ပြောရင်းနဲ့ ကိုပုံက ဆိုဖာတစ်လုံးမှာ ဝင်ထိုင်တယ်ဗျ။

"မောင်ပုံ ထမင်းတွေဘာတွေရော စားပြီးခဲ့ပြီလား"

"ဟုတ်ကဲ့၊ စားပြီးပါပြီ ဆရာကြီး"

"အေး အေး ဒါဆိုရင် လက်ဖက်စား၊ အကြမ်းလေး သောက်ကွ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာနဲ့ဖကလည်း ကျွမ်းဘေးက ဆိုဖာခုံမှာ ဝင်ထိုင်တယ်ဗျ"

"မောင်ပုံ တစ်ယောက်တည်း လာတာလား၊ တခြား ဘယ်သူပါသေးတုံး"

"မပါဘူး ဆရာကြီးရဲ့၊ ကိစ္စက တော်တော်လေးအရေးကြီး လို့ တစ်ယောက်တည်းပဲ တိုးတိုးတိတ်တိတ် ထွက်လာခဲ့တာဗျ"

"ဟင် ဟုတ်လားကွဲ့၊ ဘယ်လိုများ အရေးကြီးလို့တုံးကွဲ့၊ ပြောပါဦး မောင်ပုံရဲ့"





"ဒီလိုပါ ဆရာကြီး၊ ကျွန်တော်တို့နယ်ဘက်မှာ ဋ္ဌင်းတောင်၊ မှန်တောင်၊ မုဆိုးတောင်၊ ဆင်ခေါင်းတောင်၊ ဆေးကြိတ်တောင်၊ သံတောင် ဆိုတာတွေ ရှိတယ်ဗျ။ အဲဒီအထဲက ဆေးကြိတ်တောင်မှာ အခုတလော တော်တော်ထူးဆန်းတာတွေ ဖြစ်နေတယ် ဆရာကြီးရဲ့"

"ဟော ဘယ်လိုများကုံးကွဲ့"

"ဆေးကြိတ်တောင်ဘက်မှာက စားကျက်အားကြီးကောင်းတာ ဆရာကြီးရဲ့၊ ကျွန်တော်တို့ရွာက နွားတွေဆိုရင် အဲဒီစားကျက်ကို လွှတ်တာများတယ်။ အခုတလော နွားကျောင်းသားတွေ ဆေးကြိတ်တောင်ဘက်သွားပြီး နွားကျောင်းရင် ဘာဖြစ်တယ် မသိဘူးဗျ၊ နွားတွေလန့်ပြီး ပြေးတယ်တဲ့။ အခုဆိုရင် ရွာကနွားတွေက အဲဒီဘက်ကို မောင်းလို့ကို မရတော့ဘူးတဲ့ဗျ။ ကြိုးနဲ့ဆွဲခေါ်ရင်တောင် အတင်းရုန်းတာတဲ့"

"အင်း တော်တော်ဆန်းတာပဲကွဲ့"

"အဲဒါ ဟိုတစ်နေ့ကတော့ ငနီဆိုတဲ့ကောင်လေးက သူ့နွားတွေ အဲဒီဘက်လွှတ်လို့မရတော့ ဘာဖြစ်တယ်ဆိုတာ သိချင်လို့ပြီး ဆေးကြိတ်တောင်ကို တစ်ယောက်တည်းသွားပြီး ကြည့်တယ်ပဲ။ အဲဒီမှာတင် တွေ့လာတာတဲ့ဗျ"

"ဘာများတွေ့လို့တုံး ကိုပုံရဲ့"

ဆရာနဲ့ဖကလည်း တော်တော်ကို သိချင်နေပုံပဲဗျး

"ဋ္ဌင်းတကြီးတွေ ဆေးကြိတ်တောင်ပေါ်မှာ အများကြီး ဝဲနေတယ်တဲ့ဗျ။ အဲဒါနဲ့ ငနီက သူမှာပါသွားတဲ့ လေးခွနဲ့ ဋ္ဌင်းတ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကို မစ်လိုက်ရောတဲ့ဗျို့။ အဲဒီဥင်းတကြီးလည်း လောက်စာလုံး ထိသွားရော ဥင်းတငါးကောင်လောက် တစ်ခါတည်း ထိုးဆင်းလာတာတဲ့ဗျို့။ ငနီခေါင်းပေါ်မှာ ဝီ ဝီ ဝီ ဝီ နဲ့ပတ်ပြီး ဝဲနေတာပဲဗျို့။ ငနီလည်း ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးမယ်အလုပ်မှာ ဥင်းတတွေက မြေပေါ်ကို ဆင်းလာကြတယ်တဲ့။ သူ့ကို ဥင်းတငါးကောင်က ဝိုင်းထားတယ်ဆိုပဲ။ အဲဒီအချိန်မှာ သူ့နောက်က 'ဟား ဟား ဟား ဟား' ဆိုတဲ့ ရယ်သံကြီး ထွက်လာလို့ ငနီက နောက်လှည့်ကြည့်လိုက်တော့ သူ့နောက်က ဥင်းတကြီးက ဥင်းတမဟုတ်တော့ဘဲ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ်တဲ့ဗျာ။ ဒါနဲ့ ရှေ့ဘက်ပြန်ကြည့်လိုက်တော့ သူ့ရှေ့က ဥင်းတကြီးတွေလည်း ဆံပင်ဖားလျားနဲ့ မိန်းမတွေ ဖြစ်နေရောတဲ့ဗျာ။ သူ့ကို မိန်းမငါးယောက်က ဆံပင်ဖားလျားကြီးတွေနဲ့ ဝိုင်းပြီးရပ်နေတာကဲ့၊ ဒါပေမဲ့ အဲဒီမိန်းမတွေအကုန်လုံး ရုပ်ချော တော်တော်ချောကြသယ်တဲ့ဗျ"

"ဟင် ကဝေမတွေပါလား"

"ဟုတ်တယ် ဆရာကြီး၊ အဲဒီကဝေမတွေက ငနီကို နင့်ကိုဒီတစ်ခါတော့ အသက်ချမ်းသာပေးလိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ မသာပေါ်ပြီသာ မှတ်ပေတော့။ နင်တို့ရွာသားတွေကိုလည်း ပြောလိုက်၊ ဟောဒီဆေးကြိတ်တောင်ကိုလာတဲ့သူ အသေပဲလို့ ကြားလား ကောင်လေး၊ နင် သွားတော့"

လို့ ပြောသတဲ့ဗျ။ ငနီလည်း နောက်လှည့်မကြည့်တော့ဘဲ တစ်ချိုးတည်းပြေးတာ ရွာရောက်တဲ့အထိပဲတဲ့ဗျာ။ ရွာရောက်တော့





ကောင်လေးခမျာ သတိလစ်သွားလို့ မနည်းကို နှာနှပ်ယူရတာ ဆရာကြီးရဲ့"

ဆရာကြီးက ကိုပုံရဲ့စကားကို ကြားတော့ တစ်ခုခုကို စဉ်းစားနေပုံပဲဗျ။ ပြီးမှ . . .

"မောင်ပုံ မင်းပြောတဲ့ ဆေးကြိတ်တောင်မှာ ကဝေတွေ၊ အရေးကြီးတဲ့ကိစ္စတစ်ခု လုပ်နေပုံရတယ်ကွ"

"ဗျာ ဘယ်လိုကိစ္စများတုံး ဆရာကြီး၊ ကျွန်တော်တို့ရွာတွေမှာ အန္တရာယ်တွေ ဘာတွေများ ရှိသလား ဆရာကြီး"

"ဟာ ရှိပါပြီလား မောင်ပုံရယ်၊ ကဝေဆိုတာ လူတွေကို ဒုက္ခပေးဖို့သက်သက်ပဲကွ။ သူတို့ကိစ္စမှာ အနှောင့်အယှက်ဖြစ်သွားလိုက်တော့ ရွာလုံးကျွတ် ဒုက္ခပေးကြတာ။ ကျုပ် တော်တော်များများတို တွေ့ခဲ့ဖူးပါတယ်"

"ဟင် ဒါဆိုရင် ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ကျုပ်လည်း အဲဒါကို တွေးကြည့်နေတာ မောင်ပုံရဲ့၊ ကျုပ်စိတ်အထင်ပြောရရင်တော့ ဒီကဝေမတွေက အစောင့်အကြပ်အဆင့်ပဲ ရှိတာကွ။ သူတို့ထက် အများကြီး အဆင့်မြင့်တဲ့ ကဝေသခင်ကြီးတို့၊ ကဝေသခင်မကြီးတို့ ဆိုတာတွေ ရောက်နေပုံပဲကွ"

"ဗျာ ဒါဆိုရင် ကျွန်တော်တို့ရွာသားတွေ ဒုက္ခရောက်ပါပြီဗျာ"

"မစိုးရိမ်ပါနဲ့ မောင်ပုံရယ်၊ ကျုပ် လိုက်ခဲ့ပါ့မယ်"

"ဟာ ဝမ်းသာလိုက်တာ ဆရာကြီးရယ်"

ကိုမောင်ပုံဆိုတဲ့လူက သူ့နှုတ်ခမ်းမွေးကြီး ကားသွား



www.burmeseclassic.com

www.burmeseclassic.com



အောင်ကို ဖြုံးဖြုံးကြီးလုပ်ပြီး ပြောတာဗျို့။ တကယ်ကို ဝမ်းသာသွားပုံပဲဗျ။

“နေပါဦး မောင်ပုံရဲ့၊ အဲဒီဆေးကြိုတ်တောင်ကို မင်းအနေနဲ့ နှံ့နှံ့စပ်စပ် ရှိရဲ့လား”

“ဟာ ရှိပါပြီကော ဆရာကြီးရယ်၊ ကျွန်တော်ငယ်ငယ်က နွားသွားကျောင်းနေကြပါ”

“အဲဒါဆိုရင် မင်းကို ကျူပ် တစ်ခုမေးမယ်”

“ဟုတ်ကဲ့ မေးပါ ဆရာကြီး”

“အဲဒီဆေးကြိုတ်တောင်မှာ သဘာဝဂူတွေ ဘာတွေ ရှိသလားကွဲ့”

“သဘာဝဂူ၊ ဟာ ရှိတာပေါ့ ဆရာကြီးရဲ့၊ ဆေးကြိုတ်တောင်ခါးပန်းမှာ ဂူတစ်ခု ရှိတယ်ဗျ။ ဂူဝကို တော်ရုံလူ မမြင်ရဘူး။ သစ်ပင်တွေ၊ ခြုံနွယ်တွေ ပိတ်နေတာ။ ကျွန်တော်သာ စပ်စုတဲ့ ကောင်မို့လို့ တစ်ခါ နှစ်ခါ အထဲဝင်ဖူးတာဗျ”

“အဲဒီဂူက တော်တော်ကျယ်သလားကွဲ့”

“ဟာ ကျယ်တယ် ဆရာကြီးရဲ့၊ အထဲမှာ လိုဏ်ခေါင်းတစ်ခုလည်းရှိတယ်။ အဲဒီကသွားရင် ဘယ်အထိရောက်လဲတော့ မသိဘူးဗျ”

“အင်း မောင်ပုံ မှတ်မိသေးလားကွဲ့၊ အဲဒီဂူထဲမှာ ဘာတွေ ထူးထူးခြားခြား တွေ့ခဲ့တုံးဆိုတာ”

“ကြာတော့ ကြာပြီ ဆရာကြီးရဲ့၊ အဲ နေဦးဗျ၊ ဂူထဲမှာ ရေကန်လိုလို ရေအိုင်လို တစ်ခုရှိတယ်။ အဲဒီရေကန်ဘေးမှာ ထင်း





ချောင်းနဲ့ မီးဖိုထားတာ တွေ့ဖူးတယ်ဗျ။ ဟိုတုန်းက လူတွေ ခိုကြဲ့လို့ဝင်နားတာ ထင်ပါရဲ့ဗျာ”

“ဟုတ်ပြီ မောင်ပုံ၊ ဟုတ်ပြီ၊ ဆရာကြီး မှန်းမိပြီကွဲ့”

“ဘာများတုံး ဆရာကြီးရဲ့”

ကိုပုံက မျက်လုံးပြူးပြီး ဆရာကြီးကို မေးတယ်ဗျ။

“အဆင့်တော်တော်မြင့်တဲ့ ကဝေတစ်ယောက် ဂူအောင်းပြီး ထုံကူးတာ ဖြစ်လိမ့်မယ်ကွဲ့၊ ဒါကြောင့် သူတို့သခင် ကဝေကြီး လား၊ ကဝေမကြီးလားတော့ မသိဘူးကွဲ့။ ထုံအောင်ဖို့ စိုင်းပြီးစောင့်ကြပ်နေကြပုံရတယ်။ ဒီအချိန်မျိုးဆိုတာ ဆတ်ဆတ်ထိ မခံကြဘူးကွ။ မင်းပြောတဲ့ ငနိုက လေးခွနဲ့တောင် သွားပစ်လိုက်သေးတာကံကောင်းလို့ သတ်မပစ်တာပေါ့”

“ဒါထက် မင်းတို့ရွာက ဘာရွာခေါ်တုံး၊ ပြီးတော့ အဲဒီနားမှာ ရွာတွေ ဘယ်လောက်များတုံးကွဲ့”

“ကျွန်တော်တို့ရွာက ငှက်ကျရွာ၊ ကျွန်တော်တို့ ဟိုဘက်မှာက ကန်တောင်၊ အလယ်တောင်နဲ့ နဘူးရွာတော့ရှိတယ် ဆရာကြီးရဲ့။ ကျွန်တော်တို့ရွာက ဆေးကြိုတ်တောင်နဲ့ အနီးဆုံးဗျ”

“အင်း ကဝေသခင်ကြီး ထုံမအောင်လို့ကတော့ အဲဒီနားက ရွာတွေကိုဝင်ပြီး မွေကြ၊ နှောက်ကြ၊ ဒုက္ခပေးကြတော့မှာ သေချာတယ်ကွဲ့”

“ဟင် ဟုတ်လား ဆရာကြီး”

“ဟုတ်ပါပြီလား မောင်ပုံရယ်၊ ဒီအတွက်တော့ [illegible] ကွယ်၊ ကျူပ်က လုပ်ပြီဆိုရင် အမှုန့်တောင် မကျန်အောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



စစ်တဲ့သူပါ"

"ဆရာကြီး ဒီကိစ္စကို ဆရာကြီးနဲ့ ကျွန်တော် နှစ်ယောက်တည်းနဲ့ နိုင်ပါ့မလား၊ ကဝေမတွေ ငါးယောက်ကလည်း ရှိနေတယ်ဆိုတော့"

"ရပါတယ်ကွဲ့ နွံဖရဲ၊ မင်းကို ဆရာကြီး ပေးထားတဲ့ ပညာတွေ နည်းတော့တာမှ မဟုတ်ဘဲ။ အင်း နွံဖရေ ဒီတစ်ခါတော့ နာနာရုပ်အတတ်တွေ၊ ရုပ်ပြောင်းရုပ်လွှဲအတတ်တွေ သုံးရတော့မယ် ထင်တယ်ကွ"

"ဟင် ဟုတ်လား ဆရာကြီး"

"အေး အဲဒီပညာတွေလည်း နှိုးထားဦး နွံဖရေ"

ဆရာကြီးတို့ပြောတဲ့ နာနာရုပ်တို့ ရုပ်ပြောင်းရုပ်လွှဲတို့ ဆိုတာတွေတော့ တာတေ ဘာမှနားမလည်ဘူးဗျ။

◆

တာတေတို့ ယောကို ရောက်ကြပြီ။

ကိုပုံတို့ရွာ ငှက်ကျကို မရောက်ခင်မှာ နဘူးတို့၊ အလယ်တောင်တို့ ကန်တောင်တို့ ဆိုတဲ့ ရွာတွေကို ကျုပ်တို့ ဖြတ်ကြရတယ်။ ဆရာကြီးက လမ်းတစ်လျှောက်လုံးမှာ ရွာတွေကို အာရုံခံကြည့်တယ်ဗျ။

"မောင်ပုံရေ ဒီရွာတွေမှာတော့ ရွာခံကဝေ မရှိပါဘူးကွာ စုန်းလောက်ပဲ ရှိပါတယ်။ အင်း စုန်းဆိုတာကတော့ ရွာတွေ တော်တော်များများမှာ ရှိကြတာပါပဲ"





"ဟုတ်ကဲ့ ဆရာကြီး၊ ဒါဆိုရင် ဒီကဝေတွေ ဘယ်လိုဖြစ်လို့ ကျွန်တော်တို့ဘက်ကို ရောက်လာကြတာလဲ မသိဘူးနော်"

"ဒီလိုဖြစ်လိမ့်မယ်ကွ၊ အဲဒီဆေးကြိုတ်တောင်က ဂူကြီးဟာ ဟိုအရင်ကတည်းက ကဝေကြီးတွေ၊ ပညာအမြင့်ဆုံးကိုတက်တဲ့နေရာ ဖြစ်လိမ့်မယ်ကွဲ့။ ဒီလိုအဆင့်မြင့်ကဝေ ဖြစ်ဖို့က သိပ်မလွယ်လှဘူးလေကွယ်။ ဒီတော့ ဒီဘက်ကို သိပ်မရောက်လို့ ဖြစ်မှာပေါ့။

"ဆရာကြီး ဟိုရှေ့ကရွာက ကျွန်တော်တို့နေတဲ့ ငှက်ကျရွာပဲဗျ။ ဟိုရှေ့မှာ မြင်ရတဲ့ တောင်ထွတ်ကြီးက ဆေးကြိုတ်တောင်ကြီးလေ ဆရာကြီးရဲ့"

"ဪ ဆေးကြိုတ်တောင်ဆိုတာ ဒါကိုး"

ဆရာကြီးက မှိုင်းညို့ညို့တောင်ကြီးကို လှမ်းကြည့်တယ်ဗျ။ ကျုပ်တို့လည်း ကြည့်ကြတာပေါ့ဗျာ။ တောင်က အတော်ကလေးကြီးသားဗျ။ မြင့်လည်း မြင့်တယ်။ တောကလည်း ထူပါ့ဗျာ။

ဒီလိုနဲ့ ကျုပ်တို့တွေ ကိုပုံတို့အိမ်ကို ရောက်လာတယ်ဗျ။ ကိုပုံက လူပျိုကြီးပဲ။ အဖေအိုး အမေအိုတွေကို လုပ်ကိုင်ကျွေးနေတဲ့သူတဲ့ဗျို့။ သူမှာ ကိုယ်နဲ့လိုခေါ်တဲ့ ညီတစ်ယောက်ရှိတယ်။ သူနဲ့တော့ ရုပ်ချင်း ခပ်ဆင်ဆင်ပါပဲ။

ကိုပုံတို့အိမ်ကြီးက တော်တော်ကျယ်တာဗျ။ လွှတ်လွတ်လပ်လပ်ကို နေလို့ရတာဗျို့။

"မောင်ပုံရေ မင်းပြောတဲ့ နွားကျောင်းသား ငနီကို သွားခေါ်ချေကွယ်၊ အခြေအနေလေး ခန့်မှန်းလို့ ရတာပေါ့"

လို့ ဆရာကြီးက ပြောလိုက်တော့ ကိုပုံက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ပါ ဆရာကြီး၊ ကျွန်တော် ခဏဆိုရင် သွားခေါ်လိုက်ပါမယ်၊ ဆရာကြီးတို့ အမောပြေအောင် ဆိတ်နို့သောက်ကြပါ။ ဒါ ကျွန်တော်တို့ ခြံထွက်ပါ"

လို့ ပြောပြီး ကိုပုံနဲ့ ကိုပုံတာ ကျုပ်တို့ကို ဆိတ်နို့နဲ့ ဧည့်ခံတယ်ဗျို့။ ပြီးတော့ ကိုပုံက ကိုယုံကို လွှတ်ပြီး ငနီကို ခေါ်ခိုင်းတယ်ဗျ။

"ကဲ ဆရာကြီး ဟောဒါ ငနီပါပဲ၊ ကဝေမတွေကို တွေ့ခဲ့တာ သူပါပဲဗျာ"

ကိုယုံ ပြန်လာတော့ အသက်ဆယ့်ငါးနှစ်လောက်ရှိတဲ့ ကောင်လေးတစ်ယောက် ပါလာတယ်။ ခေါင်းမှာတော့ သျှောင်ထုံးကလေးနဲ့ဗျ။

"ငနီလားကွဲ့"

ငနီက ဆရာကြီးကို ကန်တော့လိုက်တဲ့အချိန်မှာပဲ ဆရာကြီးက မေးလိုက်တယ်။

"ဟုတ်ပါတယ်ဗျ"

"မင်းက ဆေးကြိတ်တောင်ကို သွားတော့ ဘာတွေ တွေ့ခဲ့တုံးကွဲ့"

"ငှင်းတကြီး ငါးကောင် ပျံနေတာ တွေ့တယ်ဗျ"

"အေး ဒီတော့ မင်း ဘာလုပ်လိုက်တုံး"

"ကျုပ် လေးခွနဲ့ ငှင်းတတစ်ကောင်ကို ပစ်လိုက်တယ်ဗျ"

"ဟို ထိရော ထိရဲ့လားကွဲ့"

"ထိပါတယ်ဗျာ၊ ဘုန်းခနဲမြည်ပြီး ... မြည်သွားတာ"





"ဟေ ဒီတော့ ဘာဆက်ဖြစ်တုံးကွဲ့"

"ငှင်းတကြီးတွေ ကျုပ်ဆီကို ထိုးဆင်းလာတော့ ကျုပ် ထွက်ပြေးတာဗျ။ ဒါပေမဲ့ မလွတ်ပါဘူးဗျာ။ ကျုပ်ကို သူတို့က ဝိုင်းလိုက်ကြတာ၊ ပြီးတော့ မိန်းမတွေ ဖြစ်သွားရောဗျ။ ဆံပင်ဖားလျားကြီးတွေနဲ့ဗျ"

"ရုပ်ဆိုးဆိုးကြီးတွေလားကွဲ့ ငနီရဲ့"

"ရုပ်ဆိုးဆိုးတွေ မဟုတ်ဘူး ဆရာကြီးရဲ့၊ မိန်းမငါးယောက်လုံး ရုပ်ချောချောတွေချည်းပဲ။ အကျႌ ထဘီကလည်း တောက်တောက်ပြောင်ပြောင် ဝတ်စားထားတာဗျ"

"အင်း ကျုပ်ထင်တဲ့အတိုင်းပါပဲ နှမဖရာ"

"ဟင် ဆရာကြီး ဘယ်လိုထင်ထားလို့လဲ"

ဆရာနှမဖက ဝင်ပြီးမေးလိုက်တယ်ဗျ။ ဒီတော့ ဆရာကြီးက ခေါင်းကလေးညိတ်ပြီး . . .

"အဲဒါ ကဝေသခင်ကြီး ဆိုတာပဲကွ။ ပညာအကွတ်အထိပ်ရောက်ဖို့ ဒီမှာလာပြီး ဂူအောင်းတာကွ။ ဂူအောင်းပြီး ထုံကူးတာပေါ့ကွာ။ ဒီကဝေအသက်လည်း သုံး,လေးရာတော့ ရှိလိမ့်မယ် ထင်တယ်။ ငနီပြောတဲ့ ရုပ်ချောချော ကဝေမတွေက သူ့မယားတွေပေါ့ကွာ။ သူထုံကူးတာ အောင်ဖို့ သူ့မယားကဝေမ ငါးယောက်က အသက်ပေးပြီး ကာကွယ်နေကြတာပေါ့"

"ဟာ ဒီကဝေက မိန်းမငါးယောက်တောင် ယူထားတာလား ဆရာကြီး"

လို့ ကျုပ်ကလည်း ဝင်မေးလိုက်မိတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မောင်တာတေရယ်၊ တစ်ချို့ကဝေတွေဆိုရင် ယူထားတဲ့မိန်းမတွေ ရေတောင်မရေနိုင်ဘူးကွဲ့"

"ဩော် ဒီလိုကိုး"

"နှမ ကျုပ်ထည့်ခိုင်းတဲ့ သံကဝေရုပ်နဲ့ ကဝေလည်ပြတ်ဘီလူးရုပ်ရော ပါခဲ့ရဲ့လားကွဲ့"

"ပါပါတယ် ဆရာကြီး၊ ကျွန်တော် သေသေချာချာကို ထည့်ယူခဲ့ပါတယ်"

"အေး အေး ဟုတ်ပြီ နှမ၊ အင်းတော်တွေ၊ ဆေးတော်တွေရော စုံအောင်ယူခဲ့ရဲ့လားကွဲ့"

"စုံပါတယ် ဆရာကြီး၊ အားလုံးစုံပါတယ်"

"ကောင်းပြီ၊ ကောင်းပြီ၊ ဒီပွဲမှာ လွယ်လွယ်တော့ ရမှာမဟုတ်ဘူး နှမ။ ပြီးတော့ ညှာညှာတာတာ လုပ်လို့လည်း ရမယ့်ပုံမပေါ်ဘူးကွဲ့။ အစစအရာရာတော့ သတိထားကွဲ့။ မောင်တာတေကို သံကဝေဆေးတော်ကြီး နည်းနည်းတိုက်ထားလိုက်စမ်း နှမ။ သံကဝေဆေးတော်ကြီး သောက်ထားလိုက်ရင် မောင်တာတေကို ဘယ်လိုကဝေမျိုးမှ ဒုက္ခပေးလို့ မရတော့ဘူးကွဲ့။ နည်းနည်းမှ မကြောက်နဲ့ မောင်တာတေရေ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ် မကြောက်ပါဘူး"

လို့ ကျုပ်က ပြန်ပြောလိုက်တယ်ဗျ။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ သိနေတယ်ဗျာ။ ဒီတစ်ခါ ဆရာကြီး လိုက်မယ့်ကဝေက ပေါ့သေးသေးတော့ မဟုတ်ဘူးဆိုတာပေါ့ဗျာ။ ဆရာကြီးကိုယ်တိုင် တော်တော်ကို စဉ်းစားချင့်ချိန်နေပုံပဲဗျ။





နောက်တစ်နေ့မနက် ကျုပ်တို့ အိပ်ရာက နိုးရုံပဲ ရှိသေးတာဗျ။ ဆရာကြီးတောင် ဘုရားခန်းက ထွက်မလာသေးဘူး။

"ကိုပုံ ကိုပုံ ကိုပုံ ရှိလားဟေ့"

ဆိုတဲ့အသံကို အိမ်အောက်ကနေ ကြားလိုက်ရတယ်ဗျ။ အိမ်က ခြေတံရှည်အိမ်ကြီးဆိုတော့ ကျုပ်တို့အားလုံးက အိမ်ပေါ်ထပ်မှာပေါ့ဗျာ။

"ဘယ်သူတုံး၊ စောစောစီးစီးပါလား"

"မောင်ယုံလား၊ ငါပါကွ၊ မောင်မိုးပါ၊ မင်းအစ်ကိုကော ရှိလားကွ"

"ရှိပါတယ်ဗျ၊ ဧည့်သည်တွေစားဖို့ မနက်အစောကြီးထပြီး ကောက်ညှင်းပေါင်းတာဗျ။ အိမ်နောက်ဝင်သွားလို့ရှိမယ်။ ကိုမိုးကြီး လာလေဗျာ၊ အပေါ်တက်ခဲ့လေ"

"အေး အေး ဧည့်သည်တွေရှိတာ ကျုပ်က အားနာလို့ပါဗျ"

"ဟာ ရပါတယ်ဗျ၊ လာပါ လာပါ"

ကိုမိုးဆိုတဲ့သူ အိမ်ပေါ်ရောက်လာတယ်ဗျ၊ အရပ်ပုပုပြတ်ပြတ်၊ ဆံပင်ဘုတ်သိုက်နဲ့ အသက်လေးဆယ်လောက် ရှိမယ်ထင်တယ်။

"ဟော ကိုမိုးပါလား၊ စောစောစီးစီး ဘယ်သွားမလို့တုံး"

နောက်ဖေးချောင်က ထွက်လာတဲ့ ကိုပုံက ကိုမိုးလို့ ဆီးကြိုလိုက်တယ်ဗျ။

"မင်းဆီလာတာ မောင်ပုံရဲ့၊ ကိစ္စရှိလို့ ငါ့ညီရ"

"ဟင် ဘာကိစ္စများတုံး ကိုမိုးရဲ့၊ ကိစ္စရှိရင် ပြောပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးဆိုတဲ့လူက ကျုပ်နဲ့ ဆရာနှံ့ဖကို အကဲခတ်ကြည့်လိုက်တယ်ဗျို့၊ ပြောသင့် မပြောသင့် စဉ်းစားနေပုံပဲဗျ။

"ကိုမိုး ဒါ ဆရာတွေပါ၊ ကျုပ်တို့ ဆေးကြိတ်တောင်ကိစ္စအတွက် ကျုပ် သွားပင့်လာတဲ့ ဆရာတွေပါ"

ကိုပုံက ကျုပ်ကိုပါ ဆရာလို့ထင်တယ်နဲ့ တူပါရဲ့ဗျာ။

"အေး အခုလည်း ဆေးကြိတ်တောင် ကိစ္စပဲကွ"

"ဟင် ဘယ်လိုဗျ၊ ဆေးကြိတ်တောင်ကိစ္စ ဟုတ်လား"

"အေး မင်းက ပြောဆိုမှတော့ ပြောဖို့ပေါ့ကွာ။ ဒီလိုဟေ့ မောင်ပုံရေ ရွာအနောက်ပိုင်းက ဦးစိန်တို့၊ ဒေါ်တုတ်တို့သမီး သိန်းကြည်လေးကို မင်းသိတယ်မို့လား"

"ဩော် ကိုမိုးကြီးနှယ်၊ တစ်ရွာတည်းနေတဲ့လူတွေ မသိရှိပါမလားဗျာ။ သိန်းကြည် ဆိုတာက ညိုညိုကလေးမလား၊ ဖြူဖြူကလေးမလားဗျ။ သူတို့မယ် ညီအစ်မနှစ်ယောက် ရှိတယ်မို့လား"

"အေး ညိုညိုကလေးမက သိန်းရီကွ၊ ဖြူဖြူကလေးမကမှ သိန်းကြည်။ ငါ အခုပြောတာ အဲဒီဖြူဖြူကလေးမကွ"

"ဟင် ဒီကလေးမက ရုပ်တော်တော်ချောတာကလား။ လုံးကြီးပေါက်လှဗျ၊ ကိုမိုးကြီးရဲ့၊ နို့ ဘာဖြစ်လို့တုံး"

"မနေ့က မင်းတို့ ဒီရွာမရောက်ခင် ရွာပေါ်မှာ ဥင်းတသုံးကောင် ဝဲနေတယ်ကွ၊ ရွာသားတွေဆိုတာ ကြောက်လို့ အိမ်ပြင်ကို မထွက်ရဲကြဘူးကွ။ နောက်တော့ အဲဒီကလေးမ သိန်းကြည်ဆိုတာက ယာထဲကနေ ရွာကို ပြန်အလာမှာ ဥင်းတကြီးတွေက သူ့ခေါင်းပေါ်မှာ ခပ်နိမ့်နိမ့် ဝဲနေတယ်ဆိုပဲ။ ခဏကြာတော့ အဲဒီ





ဥင်းတကြီးတွေ ပျံတဲ့နောက်ကို သိန်းကြည်က လိုက်သွားတယ်ဆိုပဲ"

"ဟာ ဟုတ်လား၊ ရွာကလူတွေ လိုက်မဆွဲကြဘူးလားဗျ"

"ဟာ မောင်ပုံရာ လူတွေက အိမ်ထဲကတောင် အပြင်ကို မထွက်ရဲကြပါဘူးဆိုမှကွာ"

"အေး ပြောပါဦး ကိုမိုးရဲ့၊ နောက် ဘာဖြစ်တုံး"

"ဟာ အဲဒီကလေးမလေး ဆေးကြိတ်တောင်ဘက် ရောက်သွားပြီး ပျောက်သွားတယ်လေကွာ။ ညက စောင့်နေကြတာ တစ်ညလုံး ပြန်မလာဘူးလေ။ ဒါကြောင့် ဒီသတင်း မင်းကို လာပြောတာကွ"

"အို ဘယ်လိုဖြစ်ရတာတုံးဗျာ၊ ကျုပ်တို့ရွာသားတွေတော့ ဒုက္ခရောက်ပြီ ထင်ပါရဲ့ဗျာ"

"သိပ်လည်း မစိုးရိမ်ပါနဲ့ မောင်ပုံရာ၊ ဒီကိစ္စတွေကို ကျုပ် နှိမ်နင်းပါ့မယ်။ မင်းတို့ ပြောနေတာတွေကို ဘုရားခန်းထဲကနေ ကျုပ် အားလုံးကြားပြီးပါပြီ"

ဘုရားခန်းထဲက ထွက်လာတဲ့ ဆရာကြီးက ခေါင်းရင်းဘက်မှာ ခင်းထားတဲ့ သင်ဖြူးဖျာကလေးပေါ်မှာ ထင်ပလ္လင်ခွေ ဝင်ထိုင်လိုက်တယ်ဗျ။

မောင်မိုးဆိုတဲ့လူလည်း ဆရာကြီးကို ပျာပျာသလဲ ရှိခိုးတော့တာပဲဗျာ။ ကိုပုံတို့ ကိုယုံတို့ ညီအစ်ကိုတွေကလည်း ရှိခိုးကြတယ်။

"အဲဒါ ဂူအောင်းနေတဲ့ ကဝေသခင်ကြီးဆိုတဲ့အကောင်က သူ့ရဲ့ ပညာအတွတ်အထိပ်ရောက်တဲ့ပွဲမှာ ကြင်ရာအသစ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တော်တောက်တော့မယ့် သဘောပေါ့ကွာ။ အဲ ဒီကလေးမလေးက ရုပ်ချောချောကလေးဆို"

"ဟုတ်ပါတယ် ဆရာကြီး"

"အေး အဲဒါ သူ့အရင်မယားငါးယောက်က သူတို့လင် ကဝေကောင်အတွက် နောက်မယားတစ်ယောက် ရှာပေးရတာကွဲ့။ ဒါဆိုရင် ဒီကဝေကောင် ဒီနေ့ မနက်ဖြန် ဂူထွက်တော့မှာကွ။ အဲဒီကလေးမလေးကို ကဝေမတွေက ဆေးတိုက်ကြမှာကွ။ ကလေး မလေးက အဲဒီဆေးသောက်ပြီးရင် သူ့နောက်ကြောင်းတွေကို ဘာမှ သတိမရတော့ဘဲ အဲဒီကဝေကောင်ရဲ့ မယားအဖြစ် ရောက်တော့ မှာ။ ပြီးရင် ကဝေပညာတွေ သင်ပေးပြီး ကဝေမတစ်ကောင် ဖြစ် လာမှာပေါ့ကွာ"

"ဟာ သိန်းကြည်လေးတော့ ဒုက္ခရောက်ပြီပေါ့ကွာ၊ တောက်"

ကိုမိုးဆိုတဲ့လူက ဝမ်းနည်းပက်လက်ပြောပြီး တောက် ခေါက်တယ်ဗျ။ ကျုပ်လည်း ကြားရတာ တော်တော်ကို စိတ်မကောင်း ဖြစ်သွားတယ်ဗျာ။ ကဝေတွေကိုလည်း သတ်ပစ်ချင်စိတ်တွေကို ပေါ်နေတာဗျို့။

"ကဲ ကျုပ်တို့အတွက် အချိန်ကျပြီကွဲ့၊ ကဲ နွံဖ ပစ္စည်းတွေ စုံအောင်ယူတော့၊ မောင်တာတေက မင်းဆရာကို ကူလိုက်ကွဲ့။ ပြီးရင် ကျုပ်တို့ ဆေးကြိတ်တောင်ကို သွားကြမယ်။ မောင်ပုံကတော့ ကျုပ်တို့ကို လိုက်ပြီးလမ်းပြမှ ဖြစ်လိမ့်မယ်။ ဘယ်လိုလဲ မောင်ပုံ လိုက်မယ်မို့လား"





"ဟာ ဆရာကြီးရာ ကျွန်တော်က ဒီပွဲမျိုးကို နွှဲချင်နေတာဗျ"

"ကဲ ဒါဆိုရင် ခရီးထွက်ဖို့ ပြင်ပေတော့ မောင်ပုံရေ"

◆

တကယ်တော့ ဆေးကြိတ်တောင်နဲ့ ငှက်ကျရွာနဲ့က သိပ် ဝေးလှတာ မဟုတ်ဘူးဗျ။ အများဆုံးရှိမှ ခွေးတစ်ဟောင်ပါပဲ။

ဆရာကြီးရယ်၊ ဆရာနွံဖရယ်၊ ကျုပ်ရယ်၊ ကိုပုံရယ် တောင် ခြေရောက်တော့ ကိုပုံက တောထူတဲ့လမ်းကိုရွေးပြီး တောင်ပေါ်ကို တက်လာခဲ့ကြတယ်ဗျ။ ကျုပ်တို့ တောင်ခါးပန်းရောက်တော့ တွေ့ပြီ ဗျို့။ ငှင်းတကြီးတွေ၊ အားလုံး ငါးကောင်ဗျ။ တောင်ခါးပန်းမှာ ဝဲနေတာဗျို့။ ကျုပ်တို့က ခြုံပုတ်တွေနောက်မှာ ပုန်းနေကြတာလေ။

"အဲဒီငှင်းတတွေ ဝဲနေတဲ့နေရာမှာ ဂူရှိတယ် ဆရာကြီး"

"အေး သေချာတာပေါ့ကွယ်"

"ကဲ ကျုပ်တို့ ဒီနေရာမှာ ခဏနားကြစို့ပေါ့၊ မောင်တာတေ က ခြုံထဲကနေ ထောက်လှမ်းနေကွဲ့၊ သိပ်လှုပ်လှုပ်ရှားရှားတော့ မလုပ်နဲ့ပေါ့၊ ကဝေမတွေ ချက်ချင်းရောက်လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ မောင်ပုံ မင်းယူလာတဲ့ ကောက်ညှင်းပေါင်း ထုတ် တွယ်၊ အဆာပြေ နည်းနည်းစားလိုက်ရအောင်၊ မွန်းတည့်ချိန်ကျမှ ကျုပ်တို့လုပ်ငန်း စကြတာပေါ့"

ကိုပုံက သူယူလာတဲ့ ငှက်ပျောဖက်ထုပ် ကြိုးပြေပြီး ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက် မီးဖုတ်ကို ဆရာကြီးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွေးတယ်ဗျ။ ကျုပ်ကတော့ ရွာမှာတတည်းက အဝကြွတ်ခဲ့တာဆိုတော့ မဆာဘူးဗျို့။ ကျုပ်က ကင်းစောင့်နေတာပေါ့ဗျာ။

ငှင်းတကြီးငါးကောင်ကတော့ သစ်ပင်တွေပေါ်မှာ ဝဲနေတာပဲဗျို့။ ကျုပ်စိတ်ထဲမှာ သိန်းကြည်ဆိုတဲ့ ကလေးမကို ဘယ်မှာများ ထားတယ်ဆိုတာ တွေးနေမိတယ်ဗျ။

"ဟော ဆရာကြီး ငှင်းတကြီးတွေတော့ ပျောက်သွားပြီဗျို့"

"ဟင် ဟုတ်လား မောင်တာတေ၊ အင်း ဟုတ်သားပဲကွဲ့၊ ကဝေမတွေ အနားယူနေတာထင်တယ်ကွ၊ မွန်းတည့်ချိန်ဆိုရင် ကဝေတွေက အားချိနဲ့တယ်လေကွာ။ အခု မွန်းတည့်ကာနီးလာပြီလေ။ ကဲ ဒီအချိန်ဟာ ကျုပ်တို့သွားဖို့ အကောင်းဆုံးပဲဟေ့။ မောင်ပုံရေ ဂူဆီကို အမြန်ရောက်အောင်သာ သွားတော့ဟေ့"

ကိုပုံက ရှေ့ကလမ်းပြ၊ ကျုပ်တို့က နောက်ကလိုက်၊ သွက်လိုက်တဲ့ ခြေထောက်တွေဆိုတာ မပြောပါနဲ့တော့ဗျာ၊ ကွမ်းတစ်ယာညက်သာသာဆို ဂူနားကို ကျုပ်တို့ ရောက်သွားတာပဲဗျ။ ဂူနားမှာ ကဝေမတွေရဲ့ အရိပ်အရောင်တောင် မတွေ့ရဘူးဗျ။

ကျုပ်တို့ ဆရာတပည့်တွေ ဂူနဲ့ မလှမ်းမကမ်းမှာ အသာရပ်ပြီး အကဲခတ်နေတုန်း 'ဝီ ဝီ ဝီ ဝီ' ဆိုတဲ့ အသံတွေ ကျုပ်တို့ခေါင်းပေါ်က ကြားလိုက်ရတယ်ဗျ။

"ဟာ ဘာသံကြီးတွေလဲဗျ"

လို့ ကျုပ်ပါးစပ်က လွှတ်ခနဲ ပြောလိုက်တော့ ဆရာကြီးက . . .

"မောင်ပုံနဲ့ မောင်တာတေ နောက်ကို နည်းနည်းဆုတ်





လိုက်၊ ကဝေမငါးကောင် ကျုပ်တို့ကို တွေ့သွားပြီကွဲ့၊ အဲဒါ သူတို့ရဲ့ စက်တွေ လွှတ်နေတာ နောက်ဆုတ်နေကြ"

ကျုပ်နဲ့ ကိုပုံ နောက်ကို ခြေနှစ်လှမ်းလောက် ဆုတ်လိုက်ကြတယ်ဗျ။ ယိန်ပင်ကြီးတစ်ပင်ဘေးမှာ အသာကပ်နေလိုက်ကြတယ်။ ဆရာကြီးရော ဆရာနွံဖရော လက်ဝါးနှစ်ဖက်ကိုပွတ်ပြီး မန္တန်တွေ ရွတ်နေကြတယ်ဗျ။

"ဝီ ဝီ ဝီ ဝီ"

ဟာ လာကြပြန်ပြီဗျို့။ ဘာမှမမြင်ရပေမဲ့ ကြားရတဲ့ အသံကြီးက ကြောက်စရာကြီးဗျို့။ ဟော လုပ်လိုက်ပြီဗျို့။ ဆရာကြီးတို့နှစ်ယောက် လက်တွေကို အပေါ်မြှောက်ပြီး ကြက်ခြေခတ်ပုံစံ လုပ်လိုက်ကြတယ်ဗျ။ ဟာ စောစောက ဘာမှမမြင်ရတဲ့ ကျုပ်တို့ခေါင်းပေါ်မှာ အရောင်တွေ ဝင်းကနဲ ဝင်းကနဲ ဖြစ်သွားတယ်ဗျို့။ ပြီးတော့ ဝီ ဝီ ဝီ ဝီ ဆိုတဲ့ အသံကြီးလည်း ပျောက်သွားတယ်ဗျ။

"ကဲ ထွက်ခဲ့ကြစမ်း၊ ထွက်ခဲ့ကြစမ်း"

ဆရာကြီးရဲ့ အသံကြီးထွက်လာလို့ ကျုပ်လည်း ဟိုကြည့် သည်ကြည့် ကြည့်လိုက်တဲ့အခါ ကိုပုံပြောတဲ့ ဂူရှိတယ်ဆိုတဲ့နေရာနား နေ မိန်းမတွေ ထွက်လာကြတယ်ဗျို့။ အားလုံးပေါင်း ငါးယောက်ဘူး ငနီပြောတာ ဟုတ်သားဗျ။ မိန်းမငါးယောက်လုံး မိန်းမချောတွေ လုံးကြီးပေါက်လှတွေချည်းပဲဗျို့။ ဆရာကြီးကို စူးစူးဝါးဝါး ကြည့် ကြတယ်ဗျို့။

ကြည့်ရတာတော့ ဆရာကြီးကို နည်းနည်းမှတို ...



www.burmeseclassic.com

www.burmeseclassic.com



ပုံမပေါ်ဘူးဗျို့။ ရှေ့ကိုတစ်လှမ်းချင်း တိုးလာကြပြဗျ။

မဟော ဟော ဆရာကြီးနဲ့ ပါးစာစ်ရိုက်လောက်အကွာကို ရောက်တော့ အားလုံးရပ်သွားပြီး လက်ဝါးတွေ ပွတ်နေကြတယ်ဗျို့။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ရွတ်နေကြတာဗျို့။ ဟာ ပစ်လိုက်ပြီဗျို့။ လက် လက် လက် လက်နဲ့ အလင်းတန်းကလေးတွေဗျ။ ဆရာကြီးဟာ သူ့ရဲ့ညာဘက်လက်ဝါးကို ဖြန့်ပြီး ကာလိုက်တယ်ဗျ။ တလက်လက်နဲ့ ပြေးလာတဲ့ အလင်းတန်းကလေးတွေ တုံ့ကနဲရပ်ပြီး 'ဖုန်း'ကနဲ အသံကြီးမြည်ပြီး အခိုးတွေ ထွက်လာတယ်ဗျို့။ ကဝေမငါးယောက်က နောက်ကို ခြေနှစ်လှမ်းလောက် ဆုတ်သွားကြတယ်ဗျို့။ ဆရာကြီးကိုလည်း မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေကြတယ်ဗျ။ ပြောရဦးမယ်ဗျို့၊ ကဝေမ ငါးယောက် စလုံး အပေါ်အနက် အောက်အနက် ဝတ်ထားတာဗျို့။ အားလုံး အနက်ရောင်တွေချည်းပဲဗျ။

ဟော တစ်ယောက်က လက်ဝါးနှစ်ဖက်ကို ဖြန့်ခံပေးလိုက်တယ်ဗျ။ ကျန်တဲ့လေးယောက်က သူတို့လက်ဝါးတွေကို စောစောက လိုပဲပွတ်ပြီး လက်နှစ်ဖက် ဖြန့်ထားတဲ့ ကဝေမရဲ့လက်ထဲကို ထည့်နေကြတာဗျို့။ ဟော ဟော လက်ဝါးဖြန့်ထားတဲ့ ကဝေမက အားလုံးကို စုယူလိုက်ပြီး ဆရာကြီးဆီကို ပစ်ပြီဗျို့။ ဟာ ဒီတစ်ခါ တော်တော်ကို အရောင်တွေ လက်တယ်ဗျို့။ ဆရာကြီးက လက်ထဲမှာ ဆေးတော်လား၊ အင်းလားတော့ မသိဘူးဗျ။ အသင့်ကိုင်ပြီးစောင့်နေတာ။ ဟော ဆရာကြီး ပစ်လိုက်ပြီဗျို့။

"ဝုန်း"





ဟာ ကဝေမတွေပစ်တဲ့ ကဝေစက်နဲ့ ဆရာကြီးပစ်တဲ့ ဆေးတော်ကြီးနဲ့ ထိပ်တိုက်တွေ့ပြီး အသံကြီး မြည်သွားတာဗျို့။

ဟာ ကဝေမတွေ ဖင်ထိုင်ရက်ကို လဲကျန်တာဗျို့။

"နွံဖ သံကဝေ ပေးစမ်းဟေ့"

ဆရာကြီးက လက်ဝါးဖြန့်ပြီး တောင်းတယ်ဗျ။ ဆရာနွံဖကလည်း အဆင်သင့်ပါပဲဗျာ။ ဆေးသားနဲ့ ထုထားတဲ့ သံကဝေရုပ်ကလေးဗျ။ ရွှေချထားတာလေ။ အဲဒီအရုပ်ကလေး ဆရာကြီးလက်ထဲကို ထည့်ပေးလိုက်တယ်။ 'ဝုန်း'ဆို မြည်သွားတဲ့ အချိန်မှာ ထွက်လာတဲ့ အခိုးတွေက ကဝေမတွေကို ဖုံးသွားတယ်ဗျို့။ ဟာ ကဝေမတွေပြေးပြီဗျို့။ ငှင်းတင့်ကတ်တွေ့ပုံ ဖန်ဆင်းပြီး ပျံထွက်သွားကြပြီဗျို့။ သူတို့ကိုယ်တွေဘေးမှာလည်း အရောင်တွေ တဝင်းဝင်းနဲ့ဗျ။ ကောင်တွေ ကဝေစက်တွေ ဖြန့်ထားတာထင်တယ်။

ဆရာကြီးက သံကဝေရုပ်ကလေးကို လက်ဝါးပေါ်မှာတင်ပြီး မန္တန်ရွတ်နေတယ်ဗျ။ ဟော သံကဝေရုပ်ကလေးက အရောင်တွေ တဝင်းဝင်း ထွက်လာပြီဗျို့။ ဒါ သံ့ကဝေစက်ဆိုတာ ထင်တယ်ဗျ။ ဟာ သံကဝေရုပ်ကလေး ပျောက်သွားပြီဗျို့။ ဆရာကြီးက ပျံထွက်သွားတဲ့ ငှင်းတကြီးငါးကောင်ဆီကို လက်ညှိုးထိုးထားပြီး. . .

"အသင် သံကဝေ လူတွေကို ဒုက္ခအမျိုးမျိုး ပေးနေတဲ့ ကဝေသခင်ရဲ့ မယားငါးယောက်ကို သင်ကိုယ်တိုင် နှိမ်နင်းလိုက်ပေတော့"

ဆရာကြီးရဲ့ အမိန့်ပြန်စကား ဆုံးတာနဲ့ ငှင်းတကြီးငါး



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဟာ ကောင်းကင်ကနေ ဖောက်ထိုးကြီးဖွေ ထိုးကျသွားတယ်ဗျို့။ ဟာ လေထဲမှာတင် မီးတွေတောက်သွားပါရောလား။ ငှင်းတငါးကောင်လုံး မီးတွေ ဟုန်းဟုန်းတောက်ပြီး ပြုတ်ကျသွားပြီဗျို့။

ဆရာကြီးက သူ့လက်ကို ရှေ့ထုတ်ပြီး လက်ဝါးဖြန့်ထားတယ်ဗျ။ ဟော လာပြီ၊ လာပြီ အရောင်တွေ တဝင်းဝင်းနဲ့ သံကဝေ ရုပ်ကလေး ပြန်လာပြီဗျို့။ ဆရာကြီးရဲ့ လက်ဝါးထဲကို ဘုတ်ကနဲ ကျလာတာဗျို့။ ဟော စောစောကလိုပဲ သာမန်အရုပ်ကလေးတစ်ရုပ် အတိုင်းပဲဗျ။ ဘာမှမထူးခြားသလိုပါပဲဗျာ။ ဆရာကြီးက ရွှေချထားတဲ့ သံကဝေရုပ်ကလေးကို ဆရာနွံဖကို လှမ်းပေးလိုက်တယ်။ ဆရာနွံဖက ရိုရိုသေသေနဲ့ လှမ်းယူပြီး လွယ်အိတ်ထဲကို ထည့်လိုက်တယ်။

"ကဲ နွံဖ၊ ဂူထဲဝင်ပြီး ဂူအောင်းနေတဲ့ ကဝေသခင်ကြီးဆိုတဲ့ ငရဲကောင်ကို ဒီအပြင်ရောက်အောင် ခေါ်ခဲ့ပေတော့"

"ဟုတ်ကဲ့ ဆရာကြီး"

"မောင်တာတေက ဆရာနွံဖဆီက နတ်ကြီးရေစင်ပုလင်းကိုယူပြီး ဂူဘေးမှာကပ်ပြီး ပုန်းနေကွဲ့။ မောင်ပုံက မောင်တာတေနဲ့ လိုက်သွား။ ကဝေကောင်ကို နွံဖက အပြင်ရောက်အောင် ခေါ်ထုတ်လာတဲ့အခါ မောင်တာတေက ဂူထဲတိုဝင်ပြီး ဟိုကလေးမကို ရှာကွဲ့၊ တွေ့လိမ့်မယ်။ သူ့မျက်နှာကို နတ်ကြီးရေစင်နဲ့ဖျန်း၊ ပြီးတော့ အထက်ဆရာကြီးအမိန့် မူလအတိုင်း ပြန်ရောက်စေလို့ အမိန့်ပေးလိုက်။ ကလေးမ သတိရလာလိမ့်မယ်။ ကလေးမလေး ဘာမှ မဖြစ်သေးဘူးကွဲ့။ ချက်ချင်းဂူထဲက ခေါ်ထုတ်ခဲ့။ ပြီးရင် မောင်ပုံကို





အပ်လိုက်။ မောင်ပုံက ကလေးမလေးကိုခေါ်ပြီး ရွာအရောက် ပြန်ပေတော့။ ကျုပ်တို့က ကိစ္စအားလုံးပြီးမှ လာခဲ့မယ် ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျုပ်ရော ကိုပုံပါ ပြိုင်တူပြောလိုက်တယ်ဗျ။ ပြီးတော့ ဆရာနွံဖပေးတဲ့ နတ်ကြီးရေစင်ပုလင်းကိုယူပြီး ကိုပုံနဲ့ ကျုပ်နဲ့က ဂူဘေးမှာ ကပ်နေကြတယ်။ ဆရာနွံဖကတော့ ရဲရဲဝံ့ဝံ့ပဲ ဂူထဲတို ဝင်သွားတယ်ဗျို့။

"ဝေါင်း ဝေါင်း"

အမယ်လေး ဂူထဲက ကျားဟိန်းသံကြီး နှစ်သံဗျို့။

"ဝေါင်း ဟီး ဟီး ဟီး ဝေါင်း"

ဟာ ဒါလည်း ကျားဟိန်းသံပဲဗျ။ ဟာ ဂူထဲမှာ ကျားကြီးနှစ်ကောင်ထင်တယ်ဗျာ။

"ဝေါင်း ဝေါင်း"

ဟာဗျာ နည်းတဲ့အသံကြီးတွေ မဟုတ်ဘူးဗျို့။ ကျုပ်ဆိုတာ ဆီးကျာထဲမှာကို စိမ့်ကနဲ စိမ့်ကနဲ ဖြစ်သွားတာဗျို့။ ကိုပုံကိုကြည့်တော့လည်း မျက်နှာသေးသေးလေး ရှိတော့တာဗျို့။

"ဝုန်း ဝုန်း ဝုန်း"

ဟာ ဂူထဲမှာ ကျားကြီးနှစ်ကောင် ကိုက်နေကြပြီဗျို့။ ဟာ ပြေးပြီဗျို့၊ ပြေးပြီ။ ဟာ လိုက်တယ်ဗျို့။ ရှေ့ကကျားကြီးတစ်ကောင်ကပြေးပြီး နောက်က တစ်ကောင်က လိုက်တယ်ဗျို့။ အောင်မယ်လေး ကြောက်စရာကောင်းလိုက်တာဗျာ။ ဟာ ရှေ့ကသွားတာ ဆရာကြီးဘက်ကို ပြေးတာဗျို့။ နောက်က ကျားကလည်း ထပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြွှာတို့ လိုက်တာဗျာ။ ဟာ ကျုပ်သိပြီဗျို့။ လက်စသတ်တော့ ရှေ့ကကျားက ဆရာနှံဖပဲကိုး။ နောက်ကကျားက ကဝေကောင်ကြီး ပဲ။ ဆရာကြီးပြောတဲ့ ရုပ်ပြောင်းရုပ်လွှဲဆိုတာ ဒါပဲကိုးလို့ ကျုပ် တွေးမိတယ်ဗျ။ ဒါပေမဲ့ ကျုပ်တာဝန်ကို လုပ်ရဦးမှာဆိုတော့ ဖြစ် ချင်ရာဖြစ်ကွာလို့တွေးပြီး ကျုပ် ဂူထဲကို ပြေးဝင်လိုက်တယ်။ ဟာ ဂူကြီးက အထဲမှာ တော်တော်ကို ကျယ်တာဗျာ။ ခပ်လှမ်းလှမ်းမှာ ရေကန်ကလေးဗျ။ ဟာ ရေကန်ဘေးမှာ ကလေးမတစ်ယောက် ထိုင်နေတယ်ဗျို့။ သိန်းကြည်ဆိုတာ သူပဲထင်ရဲ့။ ကျုပ်လည်း ဘာမှ တွေးမနေဘဲ လက်ထဲက နတ်ကြိုးရေစင်ပုလင်းကို အဖုံးဖွင့်လိုက် တယ်။ သိန်းကြည်ကလေးက ဘာကိုမှ ကြားပုံ၊ သိပုံ၊ မြင်ပုံ မပေါ် ဘူးဗျ။ ငိုင်ငိုင်ကလေး ထိုင်နေရှာတယ်။ ကျုပ်လည်း သူ့မျက်နှာကို ရေစင်နဲ့ ပက်လိုက်ပြီး 'အထက်ဆရာကြီးအမိန့်၊ မူလအတိုင်း ပြန် ဖြစ်စေ' လို့ အမိန့်ပေးလိုက်တော့ ဟာ ကလေးမလေးက အခုမှ အရုပ်တစ်ရုပ် အသက်ဝင်လာသလိုပဲဗျို့။ ကျုပ်ကို အလန့်တကြား ကြည့်နေတယ်။

"ဟဲ့ နင် သိန်းကြည်လား"

လို့ ကျုပ်ကမေးတော့မှ ခေါင်းညိတ်ပြတယ်။

"ဒါဆိုရင် အခုထ၊ ငါ့နောက်လိုက်ခဲ့၊ အပြင်မှာ နင်တို့ ရွာသား ကိုပုံ စောင့်နေတယ်။ လာ ခပ်မြန်မြန်လို့ပြောပြီး ကျုပ်က ရှေ့က ပြေးထွက်၊ သူကလည်း နောက်က ပြေးလိုက်လာတယ်ဗျ။ ဂူပြင်ရောက်တော့ အသင့်စောင့်နေတဲ့ ကိုပုံလက်ထဲကို သိန်းကြည် ကို အပ်ပေးလိုက်ရတယ်။





"ကဲ ကိုပုံ ဆရာကြီးပြောတဲ့အတိုင်း ကလေးမကလေး ခေါ်ပြီး ခင်ဗျား ပြန်ပေတော့"

ကိုပုံလည်း သိန်းကြည်မလက်ကိုဆွဲပြီး တစ်ချိုးတည်း ပြေး တော့တာပဲဗျို့။ ကျုပ်ကတော့ ဆရာကြီးဆီကို သုတ်ခြေတင်ရတာ ပေါ့ဗျာ။

ကျုပ်ရောက်တော့ ဆရာကြီးရှေ့ ဝါးတစ်ရိုက်လောက်မှာ မာန်ဖီနေတဲ့ ကျားကြီးဗျာ။ အတောင်ဆယ့်နှစ်တောင်လောက် ရှိမှာ ဗျ။ စောစောက ကျားအသွင်ပြောင်းထားတဲ့ ဆရာနှံဖကတော့ ဆရာကြီးနောက်မှာကပ်ပြီး ရပ်နေတယ်ဗျို့။ ခါတိုင်းလိုပဲ လွယ် အိတ်ကြီး လွယ်လို့ဗျ။

"ဟီး ဟီး ဟီး"

ကျားကြီးက တဟီးဟီးနဲ့ အော်ပြီး ဆရာကြီးကို စိုက်ကြည့် နေတယ်ဗျို့။ ဟာ ကျားပါးစပ်ထဲကအရောင်တွေ တလက်လက် ထွက်လာပြီဗျို့။ ဟာ နည်းတဲ့အရောင်တွေ မဟုတ်ဘူးဗျို့။ ကဝေ စက်တွေ ထွက်လာပြီဗျို့။

"ဝေါင်း"

ဟာ ကျားကြီးက ပါးစပ်ကြီးဖြဲပြီး ဟိန်းလိုက်တာဗျို့။ ကဝေ စက်တွေ ဝင်းဝင်း ဝင်းဝင်းနဲ့ ဆရာကြီးဆီကို ပြေးဝင်လာပြီဗျို့။

ဆရာကြီးကလည်း အဲဒီအချိန်ကို အသင့်စောင့်နေတာ ဗျာ။ လက်ထဲမှာ အသင့်ကိုင်ထားတဲ့ အင်းတစ်ချပ် ကျားခေါင်း တည့်တည့်ကို ပစ်ထည့်လိုက်တာဗျ။

"အဲဒါ ကဝေစက်ဖြတ် မှော်အင်းကြီးတဲ့ဟေ့၊ မြည်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေတော့"

"ဝုန်း"

ဟာ မိုးကြိုးပစ်လိုက်သလားလို့တောင် ထင်ရတယ်ဗျာ။ အခိုးတွေထွက်ပြီး ဘာမှကို မမြင်ရတော့ဘူးဗျို့။

ဟာ ကဝေကြီး လဲနေပြီဗျို့။ ကျားအသွင်ကနေ လူအသွင် ပြောင်းနေပါပေါ့လား။ ဟော ဟော လှုပ်လာပြီဗျို့။ ဟာ ပြန်ထလာပြီဗျ၊ ဒယီးဒယိုင်နဲ့ ထလာတာဗျ။

ဟာ မီးတန်းကြီးဗျ။ ကြည့်စမ်း၊ အမှတ်မထင်ကို လုပ်လိုက်တာဗျို့။ ဆရာကြီးကို အငိုက်မှာ ပစ်ထုတ်လိုက်တာဗျာ။ ဆရာကြီးသာ သတိမရှိရင်တော့ ပွဲခြင်းကိုပြီးသွားမှာ သေချာတယ်ဗျို့။

ဟာင် ဘယ်လိုဖြစ်တာလဲဗျ။ ကဝေကောင်ကြီးက သျှောင်ထုံးကြီးနဲ့ဗျ။ ပုဆိုးက ကွက်တုံးကြီးဝတ်လို့ဗျို့။ နှုတ်ခမ်းမွေးကားကားကြီးနဲ့ ရှေးဗမာကြီးတစ်ယောက်ရဲ့ ရုပ်ပဲဗျ။ ဆရာကြီးကို စားတော့ဝါးတော့မလိုကို ကြည့်နေတာဗျို့။ သူပစ်လိုက်တဲ့ မီးတန်းကြီးက အရှိန်နဲ့ ပြေးထွက်လာပေမယ့် ဆရာကြီးနဲ့ သူနဲ့ကြား လမ်းတစ်ဝက်လောက်မှာပဲ ရပ်သွားတယ်ဗျို့။

"ကဝေသခင်ဆိုတဲ့အကောင် နင့်စက်တွေကို စောစောက ကဝေစက်ဖြတ်မှော်အင်းကြီးက အားလုံးဖျက်လိုက်ပြီ။ နင် ဘာတတ်နိုင်သေးလို့တုံး။ နင့်မယားကဝေမတွေလည်း အားလုံးသေကုန်ပြီ။ နင့်ပညာကို အကုန်စွန့်မလား၊ အသေခံမလား ဒါပဲပြော"

"ဟဲ့ မလောက်လေး မလောက်စား ကောင်လေး၊ ငါက အသက်သုံးရာကျော်ပြီ။ နင့်ပညာလောက်ကို ငါ မမှုဘူး။ နင်က





လက်ဦးသွားလို့ ငါခံလိုက်ရတာ။ နင့်ရှေ့မှာ ဒူးထောက်ပြီး ငါ့ပညာတွေ စွန့်မယ့်အစား အသေခံမယ်ဟေ့"

အရုပ်ကတော့ တော်တော်ရှည်တာဗျို့။ ကျုပ်စိတ်အထင် ခုနစ်ပေလောက်ကို ရှိမယ်ထင်တယ်ဗျ။ ပါးစပ်က သွေးတွေတောင် စီးကျလာတယ်ဗျို့။

"နွံဖ ကဝေလည်ဖြတ်ဆေးတော်ရုပ် ပေးစမ်းဟေ့"

ဆရာနွံဖက ဆေးတော်ရုပ်ကို ရိုရိုသေသေ ပေးတယ်ဗျ။ ဆရာကြီးက လက်ဝါးကြီးဖြန့်ပြီး ကဝေလည်ဖြတ်ရုပ်ကို ယူလိုက်တယ်။

ပြီးတော့ ပါးစပ်က မန္တန်ရွတ်နေတယ်ဗျို့။ ဟာ ကဝေကြီးကလည်း မန္တန်ရွတ်နေပြီဗျို့။ ဟာ သူ့ကိုယ်ကနေ အရောင်တွေ လက်ပြီးလာနေပြီဗျ။ ဟာ ပျောက်သွားပြီဗျို့။ အလင်းလုံးကြီး တစ်လုံး တက်သွားတာဗျ။ ဆရာကြီးလက်ဝါးထဲက ကဝေလည်ဖြတ်ရုပ်ကလေးကလည်း အရောင်တွေ ထွက်လာပြီဗျို့။ ဟာ အရုပ်ကလေး ပျောက်သွားပြီဗျ။

"မင်း ပြေးလို့လွတ်မယ်ထင်ရင် ပြေးကြည့်လေကွာ၊ အဲဒါ ကဝေလည်ဖြတ်ရုပ်ကွ"

"အုန်း"

ဟာ ကောင်းကင်မှာ မြည်သွားတာဗျို့။ နေရောင်အောက်မှာကို တလင်းလင်းနဲ့ အရောင်တွေ လက်သွားတာဗျို့။ ဘာတွေဖြစ်နေတယ်ဆိုတာ ကျုပ်တော့ တွေးတောင် မတွေးတတ်တော့ပါဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျုပ်တို့ရှေ့ ဝါးနှစ်ပြန်လောက်မှာ အုန်းကနဲ ကျသွားတာဗျို့။

"အင်း သွားပြီပေါ့ကွာ"

ဆရာကြီးက ပြောပြီး လက်ဝါးကို ဖြန့်ထားတယ်ဗျ။ ဟော ကဝေလည်ပြတ်ရုပ်ကလေး ဆရာကြီးလက်ထဲကို ပြန်ရောက်နေပြီဗျို့။ ဆရာကြီးက ဆေးဖော်ရုပ်ကလေးကို ဆရာနွံမဆီ ပြန်ပေးလိုက်တယ်ဗျ။

ကျုပ်လည်း စောစောက ပြုတ်ကျတဲ့ဟာကြီးကို ပြေးပြီး ကြည့်လိုက်တယ်ဗျာ။ ဟာ စောစောက ကပေကောင်ကြီးပဲဗျ။ အလို ခေါင်းမပါတော့ဘူးဗျို့။ လည်ပင်းကနေ ငုံးတိကြီး ပြတ်နေတာဗျ။

"အုန်း"


ဟာ မီးတွေထတောက်ပြီဗျို့။ ဒါတော့ ကျုပ် သိပြီးသားဗျာ။ ဒါ ငရဲမီးတောက်ပဲ။ ကဝေကြီးတွေသေရင် ထတောက်နေကြလေဗျာ။ ဂူအောင်းတဲ့ ကဝေကြီးတော့ ငရဲမီးတောက်အောက်မှာ တဖြည်းဖြည်း ပျောက်သွားလေရဲ့။

**တာတေ**

◆◆◆







**တန်ဆော်ကဝေမ**

ဆရာကြီး ဦးမင်းအောင်ရဲ့ ကဝေတိုက်ပွဲတွေက ဆက်နေတာဗျ။ ကာတေကောင် ရွာပြန်မရောက်တာ အတော်ကြာနေပြီ။ ဆရာကြီးဆီ ရောက်တော့မှပဲ လောကကြီးမှာ မှော်ပညာဆိုတာ တကယ်ရှိမှန်း သိလာတာဗျ။ ပြီးတော့ အလင်းမှော်ပညာသည်နှင့် အမှောင်မှော်ပညာသည်တွေအကြောင်းကိုလည်း သိလာရတာပေါ့။

လူတွေ ပြောပြောနေတဲ့ အထက်လမ်းနဲ့ အောက်လမ်းဆိုတာ ကိုယ်တွေ့ကြုံတော့မှပဲ တာတေ ယုံတော့တာဗျ။ တာတေတို့



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးတဲ့ အထက်လမ်းဆရာ ဆိုတာက သက်သတ်လွတ်ကလေးစား သီလကလေး ဆောက်တည်၊ ပုတီးကြီးတစ်ကုံး တချောက်ချောက် စိပ်နေတဲ့သူတွေကိုးဗျ။ သူတို့တွေက စုန်းပြုစားတာတို့၊ မယောဂ ကပ်တာတို့ကို မေတ္တာစကားလေး ပြောဆိုပြီး ပညာစွန့်ခိုင်း၊ ရေ တစ်ခွက်လောက်တိုက်ပြီး သစ္စာဆိုခိုင်းကြတာ။

ဆရာကြီး ဦးမင်းအောင်တို့လို ကဝေတွေသတင်းနားစွင့်၊ တိတိကျကျ ကြားပြီဆိုရင် မီမိရရလိုက်ပြီး သူသေ ကိုယ်သေ တိုက်ကြ၊ ခိုက်ကြ၊ လက်စအပြီးတုံးပစ်ကြတဲ့ တကယ့်အလစ်းမှော်ပညာရှင်ကြီးမျိုးကို တာတေ အခုမှတွေ့ဖူး ကြုံဖူးတာဗျ။ ဒီတော့မှလည်း အမှောင်တိုက်၊ အမိုက်တိုက်ထဲမှာ အသက်ရာနဲ့ချီပြီး ရှည်ကြတဲ့ အောက်လမ်း မှော်ပညာသည်ကြီးတွေကို တာတေ တွေ့ဖူး ကြုံဖူးတာပါ။ အခုမှပဲ ဒီလူ့လောကကြီးမှာ အင်မတန်ကြောက်စရာကောင်းတဲ့ အောက်လမ်းမှော်ပညာဆိုတာ တကယ်ရှိနေတာပါလား လို့ တာတေ သိလာတာဗျ။

အခုလည်း ကြည့်လေ။

ကျုပ်ရယ်၊ ဆရာနန္ဒဖရယ် ဆရာကြီးရဲ့ ဗပာန်းကခြံဝင်းကြီးထဲက ကံ့ကော်ပင်ကြီးနှစ်ပင်အောက်က အုတ်ထိုင်ခုံကလေးမှာ ထိုင်နေကြတာဗျ။ လေကလေးတဖြူးဖြူးနဲ့ ဆရာတပည့်နှစ်ယောက် စကားပြောနေကြတာပေါ့ဗျာ။

"ဆရာနန္ဒဖ ဆေးကြိတ်တောင်မှာ ဂူအောင်းကဝေကြီးကို နှိမ်နင်းတုန်းက ကျားကြီးတစ်ကောင်လို ဖန်ဆင်းလိုက်တာ ဘယ်လို ပညာမျိုးလဲဆရာ"





"တာတေ အဲဒါ မှော်ပညာတွေထဲက ရုပ်ပြောင်းရုပ်လွှဲ အတတ်လို့ ခေါ်တယ်ကွ"

"ဆရာနန္ဒဖ အဲဒီပညာတွေ တတ်ထားတာ ကြာပြီလားဗျ"

"အင်း မင်းတို့ရွာမရောက်ခင်ကတည်းက တတ်ပြီးသားပါကွာ"

"ဒါဆိုရင် သစ်စုန်းပင်လိုက်တုန်းက ဆရာနန္ဒဖ မဖဲဝါကို သာသာကလေးနိုင်တာပေါ့ ဟုတ်လား"

"နိုင်ပါတယ် မောင်တာတေ"

"ဟင် ဒါဆိုရင် ဆရာနန္ဒဖ အဲဒီတုန်းက ဘာဖြစ်လို့ ထွက်ပြေးတာတုံး"

"ဟာ မောင်တာတေကလည်း အထက်လမ်းမှော်ပညာရှင်ဆိုတာ ကိုယ်နိုင်တိုင်း အနိုင်မယူရဘူးကွဲ့၊ သစ်စုန်းပင်ဆိုတာ မဖဲဝါတို့ပိုင်နက်မှာ ပေါက်တာလေ။ ကျုပ်က အဲဒီသစ်စုန်းပင်ကို ဝင်မှ ယူတာ မဟုတ်လား၊ ရအောင်ယူပြီး လွတ်အောင်ပြေးရတာပေါ့ မောင်တာတေရဲ့။ အဲဒီလိုမဟုတ်ဘဲ ကျုပ်တတ်ထားတဲ့ ပညာတွေနဲ့ မဖဲဝါကို ဒုက္ခပေးလိုက်ရင် ကျုပ်က လက်နက်အားကိုးနဲ့ မတရား အနိုင်ကျင့်တဲ့ ဓားပြဖြစ်သွားမှာပေါ့"

*(တာတေနဲ့ ဆရာနန္ဒဖတို့ သစ်စုန်းပင်လိုက်တာကို ဖတ်ချင်ရင်တော့ 'ကိုယ်တွေ့မဖဲဝါ' မှာ ဖတ်ရှုနိုင်ပါတယ်။)*

"ဩော် ဒီလိုလား"

ကျုပ်က ဒီတော့မှ နားလည်တာဗျ။ အင်း ပြောရရင်တော့ ကျုပ် မသိတာက ခပ်များများရယ်ဗျို့။ ကျုပ်နဲ့ ဆရာနန္ဒဖ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေတုန်းမှာပဲ ခြံတံခါးတွန်းဖွင့်ပြီး ဆရာကြီး ဝင်လာတယ်ဗျ။

“ဟာ ဆရာကြီးတောင် ပြန်လာမှကိုး”

ဆရာနှံ့ဖက ဆရာကြီးလက်ထဲကအိတ်ကို ပျာပျာသလဲ ထပြီး ယူတယ်ဗျ။ ကျုပ်ကတော့ ဆရာကြီးလက်ထဲက ထီးကောက်ကြီးကို ဆီးယူတယ်။

“အေးကွ နှံ့ဖရ၊ နေသိပ်မပူခင်ဘဲ စောစောပြန်ခဲ့ရတယ်”

“ဆရာကြီး အပြင်သွားတာ ကျွန်တော်ဖြင့် သိတောင်မသိလိုက်ဘူးဗျ။ မောင်အေးပြောမှသိတာ”

“အေး ဟုတ်တယ်၊ မင်းနဲ့ မောင်တာတေတို့ အိပ်ကောင်းနေတာနဲ့ ကျုပ်မပြောတော့တာ။ ဒီလိုကွ နှံ့ဖရဲ့၊ တားကရာတိုက်က ဆရာတော်က ကျုပ်ကို ခေါ်ခိုင်းလို့ လိုက်သွားရတာ”

“ဩော် ဟုတ်လား ဆရာ”

“အေးကွ၊ တားကရာတောရလေကွာ။ စမ်းချောင်းက ကျောင်းတိုက်ကြီးပေါ့။ အဲဒီရောက်တော့ အညာက ဘုန်းကြီးတစ်ပါး ရောက်နေတာတွေ့တယ်။ အဲဒီဘုန်းကြီးရဲ့ဘွဲ့က ဦးဥာဏတဲ့ကွ။ သူတို့မြို့မှာ ရေကန်ကြီးတစ်ကန် ရှိတယ်တဲ့။ အဲဒီကန်ကြီးကို ကန်တော်လို့ ခေါ်တယ်ဆိုပဲ။ အဲဒီဘုန်းကြီးရဲ့ကျောင်းက ကန်တောင်ဘက်မှာ ရှိတာတဲ့။ သူ့ကျောင်းကိုတော့ မြို့သူမြို့သားတွေက ကန်တော်ကျောင်းလို့ ခေါ်ကြတယ်တဲ့။ သူ့ကျောင်းကြီးက ကျောင်းဝင်းကလည်း အကျယ်ကြီးဆိုပဲ။ ကျောင်းဝင်းထဲမှာ သရက်၊ မရမ်း မာလကာ၊ ဩဇာ၊ သစ်တို၊ သစ်ဆိမ့် စုံလို့ဆိုပဲ။ ဒကာ ဒကာမတွေကလည်း အမြဲမပြတ်သွားလာ ဝင်ထွက်နေကြတာတဲ့။ အခုနောက်





ပိုင်းတော့ မြို့ထဲကလူတွေဟာ ကန်တော်ဘက်ကိုရော ဘုန်းကြီးရဲ့ ကန်တော်ကျောင်းဘက်ကိုရော အလာအသွား သိပ်မလုပ်ကြဘူးတဲ့ကွ”

“ဟင် ဘာဖြစ်လို့လဲ ဆရာ”

“အေး ဒီလိုကွ နှံ့ဖရဲ့၊ အဲဒီကန်တော်ထဲမှာ ကန်တော်ကဝေမ ဆိုတာ ရောက်လာတယ်ဆိုပဲ”

“ဗျာ ကန်တော်ကဝေမ ဟုတ်လားဆရာ”

“အေး ဟုတ်တယ် နှံ့ဖ၊ ဒီကဝေမ ရောက်လာတာ သိပ်မကြာသေးဘူးတဲ့ကွ၊ တစ်ခါတလေဆိုရင် အဲဒီကဝေမက ရေပေါ်မှာ လမ်းလျှောက်နေတာတဲ့ကွ၊ လူတော်တော်များများကို မြင်ဖူးတာဆိုပဲ။ အခုကြွလာတဲ့ ဘုန်းကြီးဦးဥာဏ ဆိုတာ မကြာ မကြာ မြင်ရတယ်ဆိုပဲ။

တစ်ခါတလေကျတော့ ဝံပုလွေလိုလို ခွေးအလိုလို အကောင်ကြီးတစ်ကောင် ကန်ထဲကို ခုန်ချသွားတာ တွေ့တဲ့လူက တွေ့သတဲ့။ တစ်ခါတလေကျတော့လည်း ချောချောလှလှ မိန်းကလေး တစ်ယောက်ပုံစံနဲ့ ကဝေမက မြို့ထဲလျှောက်သွားနေတယ်ဆိုပဲ။

လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ ညသန်းခေါင်လောက်ကြီးမှာ ဆံပင်ဖားလျားကြီးချပြီး ထဘီပေါင်လယ်လောက်နဲ့ မြို့ထဲမှာ ပြေးသွားတာ တွေ့သတဲ့။ တစ်ချို့လူတွေက လိုက်ကြည့်ကြတယ်ဆိုပဲ။ အဲဒီဆံပင်ဖားလျားကြီးက ကန်ထဲကို ခုန်ချသွားတာ တွေ့တယ်တဲ့။ လိုက်ကြည့်တဲ့လူတွေက အရိပ်အခြေ စောင့်ကြည့်နေတုန်းမှာ တန်လယ်မှာ ‘ဝုန်း’ကနဲ မြည်သွားပြီး မိချောင်းကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတယ်တဲ့ကွ။ လူတွေလည်း စွတ်ပြေးကြတာပေါ့။

အခုတော့ အဲဒီသတင်းတွေ သူတို့ တစ်မြို့လုံး ပျံ့နေပြီ။ လူတွေဆိုတာ ကျိုးလန့်စာစား ဖြစ်နေကြတယ်ဆိုပဲ။ မိန်းမချောချော တွေ့လည်း ဒါ ကန်တော်ကဝေမများလား။ ရုပ်ဆိုးဆိုးမိန်းမကြီး တွေ့လည်း ဒါ ကန်တော်ကဝေမလား။ နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ၊ ခွေးကြီးကြီးတစ်ကောင် တွေ့ရင်တောင် ဒါ ကန်တော်ကဝေမလားလို့ ထထိတ်ထိတ် တလန့်လန့် ဖြစ်နေကြသတဲ့ဟေ့။ အဲဒီကန်တော်ဘက်တော့ လူတွေ ခြေဦးတောင် မလှည့်ကြတော့ဘူးဆိုပဲ။ ကန်တော်တစ်ဝိုက်မှာ တိတ်ဆိတ်ခြောက်ကပ်နေတာတဲ့ဟေ့။ ဦးဉာဏကျောင်းကိုလည်း လူတွေ အဝင်အထွက် မရှိကြတော့ဘူးတဲ့"

"ဟာ တော်တော်ကို ဆိုးပါလား ဆရာ"

"အေး အဲဒါ ငါ စဉ်းစားနေတာ နွံဖရဲ၊ ဒီကဝေမဟာ ဘယ်ကရောက်လာတာလဲ၊ ပြီးတော့ ဒီမြို့မှာ ဘာလာလုပ်တာလဲ ဆိုတာပေါ့ကွာ"

"ပညာအဆင့်တော့ တော်တော်မြင့်ပုံပဲ ဆရာကြီးရဲ့၊ ရေပေါ်တောင် လမ်းလျှောက်နိုင်တယ်ဆိုတော့"

ကျုပ်ကလည်း ကျုပ်တွေးမိတာကလေးကို ဝင်ပြောလိုက်တာပေါ့ဗျာ။

"မှောင်တာဘောရဲ့၊ ကဝေတော်တော်များများဟာ ပညာအမြင့်စခန်းရောက်လာရင် ရေပေါ်မှာ လျှောက်နိုင်ကြတယ်ကွဲ့"

"ဟာ ဟုတ်လား ဆရာကြီး"





"ကျုပ်စိတ်ထင် ပြောရရင်တော့ ဒီကဝေမဟာ ဒီမြို့မှာ ကြာကြာတော့နေမယ် မထင်ဘူးကွဲ့၊ ကိစ္စတစ်ခုခု ရှိလို့သာ လာနေတာဖြစ်မယ်။ အဲဒီကိစ္စက ဘာများဖြစ်နိုင်မလဲဆိုတာ ကျုပ် တွေးနေတာ"

ဆရာကြီးရော ဆရာနွံဖပါ ငြိမ်သွားကြတယ်ဗျ။ ဆရာကြီးက ကျုပ်နဲ့ ဆရာနွံဖ ထိုင်နေတဲ့ အုတ်ခုံကလေးနဲ့ မျက်နှာချင်းဆိုင်က အုတ်ခုံကလေးမှာ ထိုင်နေတယ်။ တော်တော်ကလေးကြာအောင်ကို ငြိမ်နေတာဗျို့။

"ဟာ ကျုပ်တွေးမိပြီ နွံဖရေ၊ ကျုပ် တွေးမိပြီ"

ဆရာနွံဖရော ကျုပ်ပါ ဆရာကြီးကို ငေးကြည့်နေကြတာဗျို့။ ကျုပ်တို့နှစ်ယောက်စလုံး ဆရာကြီး ဘာများပြောမှာလဲဆိုတာ စောင့်နေကြတာဗျ။ ကျုပ်ကတော့ လွှတ်ကို သိချင်နေတာဗျို့

"ကျုပ်တွေးတာသာ မှန်လို့ကတော့ ကန်တော်ကဝေမ သက်တမ်းသုံးရာလောက်တော့ အနည်းဆုံးပဲကွဲ့"

"ဟင် ဟုတ်လား ဆရာကြီး"

"အဲဒီကန်အောက်မှာ ကျောက်မီးခြောင်းရှိ ဒီကဝေမက သူ့အသက်ကို အဲဒီကျောက်မီးခြောင်းထဲမှာ ဖြစ်လိမ့်မယ်။ ဒီကျောက်မီးခြောင်းက အနှစ်တစ်ရာမှာ အသက်ဝင်တာကွဲ့။ အဲဒီအချိန်မှာ အပျိုစင်တစ်ယောက် စတေးရတယ်"

"ဗျာ ရေစတေးတယ်ဆိုတာ ဘာလဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဆရာကြီးရဲ့စကားကို နားမလည်လို့ မေးလိုက်တယ်ဗျ။

"ရေစကြေးကယ်ဆိုတာ အရှင်လတ်လတ် ရေထဲချပြီး သတ်တာပေါ့ကွဲ့"

"ဟင် ဟုတ်လား"

"အေး အဲဒါလည်း တနင်္ဂနွေသမီး အပျိုစင်ကို စတေးရတာကွဲ့။ အဲဒီအချိန်မှာ မော်နဲ့စီရင်ထားတဲ့ ကျောက်မီချောင်းက အသက်ဝင်လာပြီး တနင်္ဂနွေသမီးရဲ့ ဝိညာဉ်ကို စုပ်ယူသွားရောကွ။ လူကောင်ကို နည်းနည်းမှ စားတာမဟုတ်ဘူး။ ရေထဲမှာ အလောင်းက ဒီအတိုင်းပေါ်လာတာ။ အဲဒီလို တစ်ခါလုပ်တိုင်း အဲဒီကဝေမက အနှစ်တစ်ရာ အသက်ထပ်ရှည်သွားရောဟေ့"

"ဟာ ဆရာကြီး ဒါတွေကို သိတယ်နော်"

လို့ ကျုပ်က ပြောတော့ ဆရာကြီးက ခေါင်းညိတ်ပြီး . . .

"ကျုပ် လန်ဒန်မှာနေတုန်းက ကျုပ်ကို အထက်လမ်းမှော် ပညာတွေ ထပ်သင်ပေးတဲ့ မစ္စတာ ကမ်ဘယ်လာ ဆိုတဲ့ လူမည်းကြီး တစ်ယောက် ပြောပြဖူးတယ်ကွ။ မစ္စတာ ကမ်ဘယ်လာကိုယ်တိုင် ကြုံခဲ့ဖူးတဲ့ လူဖြူကဝေမတစ်ယောက်ဆိုရင် တောင်ကြားက ရေကန်ကြီးတစ်ခုထဲမှာ ကျောက်မီချောင်းကြီးတစ်ကောင် ဖန်ဆင်းပြီး သူ့အသက်ကို အဲဒီမှာ ထားတာဆိုပဲ။ သူ့ကို ဘယ်သူသတ်လို့မှ မသေဘူးတဲ့ဟေ့။ အသက်လည်း ငါးရာယောက်ရှိပြီတဲ့ကွ"

"ဒါဆိုရင် ဒီကန်တော်ကဝေမကို လွယ်လွယ်နဲ့ လုပ်လို့ရပါ့မလား ဆရာ"





"အင်း နည်းလမ်းတော့ ရှာရမှာပေါ့ နွံဖရယ်၊ အသက်ဝှက်နိုင်တဲ့ အဆင့်ဆိုတာ နည်းနည်းနောနော ပညာတော့ မဟုတ်ဘူးကွဲ့၊ ကျုပ် တစ်ခုတော့ စီရင်ရမှာပေါ့လေ"

"ဘာများလဲ ဆရာကြီးရဲ့"

ကျုပ်ကလည်း သိချင်မိပြီဆိုရင် လွှတ်သိချင်တဲ့ကောင်ဗျ။

"မောင်တာတေ ရေမှုဆိုးကြီးတွေ မိချောင်းဖမ်းတဲ့အခါ သုံးတဲ့သန္တပ်ဆိုတာ ကြားဖူးလား"

"ဟာ ကြားဖူးရုံတင် ဘယ်ကမလဲ ဆရာကြီးရဲ့၊ ကျုပ် သေသေချာချာကို ကိုင်ဖူးတာဗျ။ ကျုပ်ပင်လယ်ဘက်ကို လိုက်သွားဖူးတယ်။ အဲဒီမှာ ဦးမိုးလို့ခေါ်တဲ့ ရေမှုဆိုးကြီးအိမ်မှာ တွေ့ခဲ့တာဗျ။ မိချောင်းထိုးတဲ့ သန္တပ်ဆိုလို့ ကျုပ် သေသေချာချာ ကိုင်ကြည့်ခဲ့တာ"

"ဟုတ်ပြီ မောင်တာတေရေ အဲဒီသန္တပ်ကို ကျုပ်တို့ လုပ်ကြရလိမ့်မယ်။ ရိုးရိုးသံနဲ့တော့ လုပ်လို့မရဘူးကွဲ့၊ ငွေနဲ့ လုပ်ရမှာ။ ငွေတောင် ရိုးရိုးငွေ မဟုတ်ဘူးကွ၊ ဘုရားအမြဲ ဆွမ်းတော်၊ ရေတော်၊ ဆွမ်းတော်ကပ်တဲ့ ငွေလင်ပန်းတို့ ငွေရေဖလားတို့၊ ငွေညောင်ရေအိုးတို့ကို အရည်ကျိုပြီး သန္တပ်လုံ့သွားလုပ်ရမှာ"

"ဟာ လွယ်ပါ့မလား ဆရာ"

ဆရာနွံဖက ဝင်ပြီး မေးတယ်ဗျ။

"လွယ်ပါတယ် နွံဖရဲ့၊ ကျုပ်မှာ အဲဒီပစ္စည်းတွေ စုထားတာ အများကြီး ရှိတယ်ကွဲ့။ ပန်းပဲဆရာနဲ့ ပန်းထိမ်ဆရာပေါင်းပြီး လုပ်ခိုင်းရမှာပဲ"

◆




www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ကြာတော့ ဆရာကြီး လုပ်ခိုင်းထားတဲ့ သန္ဓပ် ရပြီဗျို့။ အောင်မှာ တော်တော်တော့ လေးသားဗျ။ သန္ဓပ် ထိပ်က လုံသွားကလည်း ချွန်မြနေတာဗျို့။ အရိုးနောက်မှာ ကွင်း တစ်ခု ပါတယ်ဗျ။ အဲဒီမှာ ကြိုးတုပ်ရမှာလေ။ မိချောင်းကို ထိုးပြီး ရင် အဲဒီကြိုးကနေ သန္ဓပ်ကို ပြန်ဆွဲယူရတာဗျ။ ဒီလိုဗျာ ဟောဒီလို ပုံစံလေး။



ငွေသန္ဓပ်ကို ဆရာကြီးက သေသေချာချာ စီရင်တယ်ဗျ။ မန္တန်တွေ ရွတ်တယ်။ သက်ဆိုင်ရာ အစောင့်အရှောက်တွေကို အပ် တယ်။

ကျုပ်တို့သုံးယောက် အဲဒီမြို့ကိုရောက်တော့ ကန်တော်ကို လိုက်ပို့မယ့် မြင်းလှည်းတောင် ခေါ်လို့မရလို့ မြင်းလှည်းတော်တော် ရှာယူရတယ်ဗျ။ နောက်တော့ အသက်ကြီးကြီး မြင်းလှည်းသမား တစ်ယောက်က သူလိုက်ပို့မယ်လို့ ပြောသဗျ။ ဒါနဲ့ တာတေတို့ တန်တော်ကျောင်းက ဘုန်းကြီးဉာဏဆီကို ရောက်ခဲ့ကြတယ်။ ဘုန်း ကြီးဉာဏက သက်တော်ငါးဆယ်ကျော်ကျော်ပဲ ရှိသေးတာပါ။





ကျုပ်တို့ကိုတွေ့တော့ ဘုန်းကြီးက လွတ်ဝမ်းသာသွားတာ ဗျို့။

"ဟာ ဒကာကြီးတို့ ရောက်လာပြီလား၊ လာကြ၊ လာကြ။ ဘုန်းကြီးက ဒကာကြီးတို့ကို နေ့တိုင်းကို မျှော်နေတာဗျ"

ကျုပ်တို့လည်း ဘုန်းကြီးကို ဝတ်ပြုပြီး ပြောင်လက်နေတဲ့ ကြမ်းပြင်မှာပဲ ထိုင်လိုက်ကြတယ်။ ဆရာကြီးပြောတဲ့အတိုင်းပါပဲ ဗျာ။ ဘုန်းကြီးကျောင်းဝင်းက အတော်ကို ကျယ်တာဗျ။ အထဲမှာ လည်း သီးပင်စားပင်တွေနဲ့ ကျောင်းဝင်းကြီးတစ်ခုလုံး စိမ်းစိုအေး မြနေတာပါဗျာ။

"ဒီကျောင်းမှာက သံဃာခုနစ်ပါးနဲ့ ကိုရင်ဆယ်ပါး ရှိတယ် ဒကာကြီးရဲ့၊ ကျောင်းသားကလေး ငါးယောက်လည်း ရှိတယ်။ သံဃာတစ်ချို့နဲ့ ကိုရင်တွေက ဟိုအနောက်ဘက်က ကျောင်းကြီး မှာ သီတင်းသုံးတယ်။ ဘုန်းကြီးနဲ့ သံဃာသုံးပါးပဲ ဒီကျောင်းမှာ သီတင်းသုံးတာ။ ဒကာကြီးတို့က ဟောဒီကျောင်းကြီးအပေါ်ထပ်မှာ လွတ်လွတ်လပ်လပ် တည်းခိုနေထိုင်ကြ။ စားဖို့သောက်ဖို့ အားလုံး ပြည့်စုံပါတယ်။ ဒကာကြီးတို့ ဆောင်ရွက်မယ့်ကိစ္စကိုသာ အေးအေး ဆေးဆေး လုပ်ကြပေတော့"

"မှန်ပါဘုရား၊ အခုရက်မှာ ဘာထူးခြားသေးတုံးဘုရား" လို့ ဆရာကြီးက ဘုန်းကြီးဦးဉာဏကို လျှောက်တယ်ဗျ။

"ဟာ ထူးပါပြီလား ဒကာကြီးရာ၊ ဒီကဝေမကြီး မိန်းမချော ချောပုံစံပြောင်းပြီး မြို့ထဲမှာ သွားလာနေဆိုပဲဗျ။ ပြီးတော့ ကလေး မလေးတွေကိုတွေ့ရင် ရောနှောပြောဆိုပြီး ဘာနေ့သမီးလဲ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုခေါ်လဲနဲ့ မေးဆိုပဲဗျ"

"ဟာ"

ကျုပ်ပါးစပ်က အသံထွက်တောင်သွားတယ်ဗျို့။ ဘုန်းကြီးကတောင် တာတေကို လှမ်းကြည့်သဗျ။

"မှန်ပါ့ဘုရား၊ ဒီကဝေမဟာ ကိစ္စတစ်ခုကို ဆောင်ရွက်ဖို့ ဒီကန်တော်ကို ရောက်နေတာပါဘုရား၊ အရှင်ဘုရားဆီက ကြားရတဲ့ သတင်းအရဆိုရင်တော့ သူ့ကိစ္စဆောင်ရွက်ဖို့ သိပ်မကြာတော့ဘူးထင်တယ်ဘုရား။ ဪ ဒါထက် ဒီကန်တော်လို့ခေါ်တဲ့ ကန်ကြီးဟာ ဘယ်တုန်းကတည်းက ရှိတာလဲဘုရား"

"ဟာ ဒကာကြီးနှယ် ဒီမြို့က မြို့ဟောင်းကြီးလေ။ အင်းဝခေတ်လောက်ကတည်းက တည်တဲ့မြို့ဗျ။ ရှေးဘုရင်တွေလက်ထက်တော်က မြို့စားကြီးတွေ ခန့်အပ်ပြီး အုပ်ချုပ်တဲ့မြို့ဗျ။ ဒီရေကန်ကြီးက မြို့မတည်ခင်ကတည်းက ရှိတဲ့သဘာဝကန်ကြီး ဒကာကြီးရဲ့။ တောင်ကျရေ အမြဲဝင်နေတာ၊ စမ်းပေါက်တွေနဲ့ ဆက်နေတာလို့ ပြောကြတယ်။ ဘယ်တော့မှ ရေမခန်းဘူးဗျ။ ပြီးတော့ မိုးဘယ်လောက်ကြီးကြီး ရေလျှံတယ်ဆိုတာလည်း မရှိဘူးဗျ။ အင်မတန်ထူးတဲ့ ကန်ကြီးဗျ။ ဒါကြောင့်လည်း ရှေးဘုရင်တွေလက်ထက်တော်ကတည်းက ဒီကန်ကို ကန်တော်လို့ ခေါ်ကြတာပေါ့"

"ဪ ဒါဆိုရင် ဒီကန်ရဲ့ သက်တမ်းက ကြာပြီပဲ၊ ဒါထက် ဒီမြို့မှာ ဒီကန်အောက်ကို ရေတွေ ဘာတွေ ငုပ်ဖူးတဲ့သူ ရှိသလားဘုရား"

"ဟာ ဒကာကြီးနှယ် ဘယ်မှာလာပြီး ရေငုပ်ရဲပါ့မလဲဗျာ၊





ဒီကန်ထဲမှာ ဥစ္စာစောင့်သိုက် ရှိသလို မိချောင်းကြီး ရှိသလိုကို ယုံနေကြတာဗျ။ ရေဆင်းကူးဝံ့တဲ့သူတောင် မရှိဘူး ဒကာကြီးရဲ့"

"အရှင်ဘုရားမိန့်တဲ့အထဲမှာ မိချောင်းဆိုတာ ပါသွားသလားဘုရား"

"ဟုတ်တယ် ဒကာကြီးရေ၊ ဒီလို ဒီလို တစ်ခါက ဒီမြို့မှာ ခပ်ပေပေ ခပ်ရွှတ်ရွှတ် လူတစ်ယောက်ရှိတယ်။ သူက မြင်းလှည်းသမားဗျ။ ပြီးတော့ ဒီလူက အောက်ပြည်က ပြောင်းလာတာဗျ။ သူပြောတော့ ပင်လယ်မှာနေခဲ့တာ ရေငုပ်သိပ်ကျွမ်းတယ်ဆိုပဲ။ ဒါနဲ့ တစ်နေ့တော့ မြင်းလှည်းဂိတ်မှာ အလောင်းအစား လုပ်ကြသတဲ့ဗျို့။ ဒီလူက ရေအောက်မှာ ငါးမိနစ် ငုပ်နိုင်တယ်ဆိုပဲ။ အဲဒါကို ကျန်တဲ့လူတွေက မယုံဘူးဗျ၊ ဒါနဲ့ အလောင်းအစား လုပ်ကြတာပေါ့ဗျာ။

ဟောဒီကျောင်းရှေ့မှာ မြင်းလှည်းတွေမှ တန်းစီပြီးရပ်ထားတာဗျို့။ လူတွေမှ လိုက်လာပြီးကြည့်ကြတာ မနည်းဘူးဗျ။ အဲဒီလူက အကျီချွတ်ပြီး ခါးတောင်းကလေးမြှောင်အောင်ကြိုက်၊ ရေထဲ ဝုန်းကနဲခုန်ချ၊ ကုန်းပေါ်က လူတွေက နာရီမှတ်ပေါ့ဗျာ"

"ဟာ သူနိုင်ရောလားဘုရား"

ဆရာနွံဖက ဝင်ပြီးမေးတယ်ဗျ။ ဘုန်းကြီးဦးဉာဏက ပြုံးပြုံးကြီးလုပ်ပြီး ပြောတယ်ဗျ။

"ဘယ်လာနိုင်မတုံး ဒကာကြီးရာ၊ ရေထဲဆင်းရုံ ရှိသေးတယ်ဗျ၊ ရေအောက်မှာ ဝုန်း ဝုန်း ဝုန်း ဝုန်း နဲ့ ကြားတာဗျ။ ဆော နေတော့ ဒီလူ မောကြီးပန်းကြီးနဲ့ ကုန်းပေါ်ကို ဒရကူးပြီး တက်လာ



www.burmeseclassic.com

www.burmeseclassic.com



ဘာ လူဆိုတာ မေ့ပြီး ဟောဟဲ လိုက်နေတာဗျို့။

"ဘာတုံး ဘာတွေ့လို့တုံးလို့ ဝိုင်းမေးတော့ မိချောင်းကြီး၊ မိချောင်းကြီးလို့ နှစ်ခွန်းအော်ပြီး သတိလစ်သွားလိုက်တာ ပြန်ကို လည်မလာတော့ဘူးဗျို့"

"ဟာ သေရောလားဘုရား"

"သေပါရောလား ဒကာရဲ့"

"ဟင် ကုန်းပေါ်ကလူတွေကရော အဲဒီမိချောင်းကို တွေ့ လိုက်ရသလား ဘုရား"

"ဘယ်သူမှ မတွေ့ပါဘူးဗျာ၊ အဲဒီကတည်းက ကန်ထဲမှာ မိချောင်းရှိတယ်ဆိုတဲ့ သတင်းကကျော်ထွက်သွားပြီး ရေစပ်ကို တောင် မဆင်းဝံ့ကြတော့ဘူးဗျို့"

ဆရာကြီးပြောတာ ဟုတ်လိုက်တာလို့ ကျုပ်စိတ်ထဲမှာ ခတွေးနေမိတာဗျို့။

ဘုန်းကြီးဦးဉာဏရဲ့ ကျောင်းကြီးအပေါ်ထပ်ကနေ ကြည့် လိုက်လို့ရှိရင် ကန်တော်တစ်ခုလုံးကို အပေါ်စီးကကို မြင်နေရတာ ဗျို့။ အဲဒီညက ကျုပ်နဲ့ ဆရာနွံဖနဲ့ တစ်ယောက်တစ်လဲ မအိပ်ဘဲကို ထိုင်ကြည့်တာဗျို့။ ဆရာကြီးကတော့ ဘုရားခန်းမှာ တစ်ညလုံး တရားထိုင် ပုတီးစိပ်ပဲ လုပ်နေတာဗျ။ လကသာတော့ ရေကန်ကြီး တစ်ခုလုံးကို မြင်နေရတာဗျ။

ညသန်းခေါင်ကျော်တော့ ကျုပ်အလှည့်ဗျ။ ဆရာနွံဖက ခဏအိပ်တယ်။ ကျုပ်က ကျောင်းမီးတွေ အကုန်ပိတ်ထားပြီး မှောင် ယဲမှာ ခုံတစ်လုံးနဲ့ထိုင်ပြီး ရေကန်ကြီးကို စောင့်ကြည့်နေတာဗျ။





ဟာ ဘာတုံးဟ။ ကျုပ်ကြည့်နေတုန်းမှာ ကန်လယ်မှာ ရေပွက်ကြီးတစ်ခု ထသွားတယ်ဗျို့။ ကျုပ်လည်း မျက်တောင်မခတ် ဘဲကို ကြည့်နေတာဗျ။ ဟော ရေပွက်ကြီးတွေ တစ်ခုပြီးတစ်ခု ထလာတာဗျို့။ ဟာ ရေဂယက်တွေအလယ်က ခပ်ဖြူဖြူကြီးဗျ။ ဘာလဲမသိဘူး။ ဟင် လူရိပ်ဗျ။ ဒါ လူပဲ။ ဟင် ကဝေမထင်တယ်။ ခပ်ဖြူဖြူကြီး ကျုပ် ဆရာနွံကို ကပျာကယာ နှိုးလိုက်တယ်။

"ဆရာနွံဖ ထ ထ၊ ဟိုမှာ ဟိုမှာ"

"ဟင် ဘာတုံးကွ၊ တာတေရ"

"ဖြူဖြူကြီးဗျ၊ ကန်လယ်မှာ ရေထဲက ပေါ်လာတာထင် တယ်"

"ဘယ်မှာတုံး"

ဆရာနွံဖ အိပ်ရာကနေ လူးလဲထတယ်ဗျ။ ကျုပ်ကြည့်နေ တဲ့ ပြတင်းပေါက်နားကို လာတယ်။

"ဟာ ဟုတ်သားပဲကွာ၊ ဟင် ရေပေါ်မှာ လမ်းလျှောက်နေ တာကွ၊ ဒါကန်တော်ကဝေမပေါ့။ တာတေ သွား သွား၊ ဘုရားခန်း မှာ ဆရာကြီးကို သွားပြော"

ကျုပ်လည်း ဘုရားခန်းကို တန်းသွားပြီး ဆရာကြီးကို ပြော ပြလိုက်တယ်။ ဆရာကြီးလည်း ချက်ချင်းကို ထလိုက်လာတာဗျို့။

"ဟင် ဟုတ်တာပေါ့ကွာ၊ အဲဒါ ကန်တော်ကဝေမပေါ့ကွ၊ ကြည့်စမ်း ရေပေါ်မှာ အေးအေးဆေးဆေး လမ်းလျှောက်နေတာ ဟော့၊ အရှေ့နဲ့ အနောက်ကို အဆုံးလျှောက်နေတာကွ။ ဒီနေ့ဘယ် နှရက်တုံး နွံဖ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ၁၃ ရက်လေ ဆရာ၊ သန်ဘက်ခါဆို လပြည့်ပြီလေ။ တန်ဆောင်မုန်းလပြည့်ပေါ့ ဆရာ"

"ဪ ဒါကြောင့် လှုပ်ရှားနေတာကိုး။ သန်ဘက်ခါ တန်ဆောင်မုန်းလပြည့်ဆိုတော့ သူ့အစီအရင်ကြီးကို သန်ဘက်ခါ လုပ်မှာ သေချာပြီကွဲ့။ မနက်ဖြန်မှာ ကျုပ်တို့ လုပ်စရာတွေ အပြီး လုပ်ထားရမယ်။ သန်ဘက်ခါ ညသန်းခေါင်ချိန် လမွန်းတည့်တာနဲ့ အလုပ်စကြရလိမ့်မယ်။ ကဝေမတော့ အခုလောက်ဆိုရင် တနင်္ဂနွေသမီး အပျိုစင်ကို ရှာထားပြီးလောက်ပြီ နွံ့ဖရဲ့။ ကဲ အိပ်ချင်ရင် အိပ်ကြတော့၊ အိပ်ကြတော့"

ဆရာကြီးလည်း အိပ်ရာဝင်သွားပြီး ကျုပ်နဲ့ ဆရာနွံ့ဖလည်း အိပ်ကြပြီဗျို့။

နောက်တစ်နေ့ မုနစ်နာရီလောက်မှာ ကျုပ် အိပ်ရာကနိုးလာတယ်။ ကိုရင်လေးတစ်ပါးက ကျုပ်ကို လာခေါ်တယ်။ ဘုန်းကြီးဦးဉာဏက. . .

"ကဲ ဒကာလေးနာမည်က မောင်တာတေဆို"

"မှန်ပါ့ဘုရား တာတေပါ"

"အေး မောင်တာတေရဲ့ ဆရာကြီးများကတော့ ကိစ္စရှိလို့ဆိုပြီး မြို့ထဲကို သွားတယ်။ ဒကာ လာ ဒီမှာ မနက်အစာစာ စားလိုက်ဦး"

ကျုပ်က ဘုန်းကြီးပြတဲ့ဝိုင်းကို ဝင်လိုက်တယ်။ ထမင်းတွေရော ဟင်းတွေပါ စုံပါ့ဗျာ။ အချိုပွဲကလည်း မုန့်သုံး,လေးမျိုးဗျ။

"ကဲ စား မောင်တာ[illegible]၊ [illegible]ကြီးတို့ကတော့ စောစောဲ





စားသွားကြပြီကွဲ့"

ကျုပ်လည်း ဆာဆာနဲ့ တစ်ဝစားလိုက်မိတယ်ဗျ။ ကျုပ်စားသောက်ပြီးရုံ ရှိပါသေးတယ်။ ဆရာကြီးနဲ့ ဆရာနွံ့ဖ ပြန်ရောက်လာကြတယ်ဗျ။

"ဟာ မောင်တာတေတောင် နိုးပြီကိုး၊ ဘယ့်နှယ်လဲကွ၊ အိပ်ရေးဝရဲ့လား"

"ဟုတ်ကဲ့၊ ဝပါတယ် ဆရာကြီး"

ကျုပ်တို့သုံးယောက် ဘုန်းကြီးကို ရှိခိုးပြီး ကျောင်းကြီးပေါ်ကို တက်ခဲ့ကြတယ်။ အပေါ်ထပ်ကိုရောက်တော့မှ. . .

"ဆရာ နွံ့ဖတို့ မြို့ထဲသွားတာလား"

လို့ ကျုပ်က ဆရာနွံ့ဖကို မေးလိုက်တယ်။ ဆရာနွံ့ဖက ကျုပ်ကို ကြည့်ပြီး. . .

"အေး မြို့ထဲဆိုပါတော့ကွာ၊ ဒါပေမဲ့ သွားတာက မြို့ဦးကို သွားတာကွ၊ ဒီမြို့ရဲ့ သက်ဆိုင်ရာ နတ်ကြီးတွေကို အကျိုးအကြောင်း ပြောပြရတာ။ မနက်ဖြန်မှာ ဒီကဝေမကို ရှင်းပစ်မယ့်အကြောင်း အကြောင်းကြားတာပေါ့ကွာ"

"ဪ အဲဒီလို လုပ်ရတာလား"

"တောထဲ တောင်ထဲတော့ မလိုဘူးပေါ့ကွာ။ ဒီလို မြို့ကြီးပြကြီးတွေကြတော့ မြို့စောင့်နတ်ကို အကြောင်းကြားရတယ်ကွ"

"ကျုပ်ဖြင့် မနက်ဖြန်ညကို မြန်မြန်ရောက်ချင်နေပါပြီဗျာ"

"အေး ဒီနေ့ပြီးရင် မနက်ဖြန်ရောက်မှာပဲပေါ့ကွာ တာတေရာ၊ ဪ ဒါနဲ့ မောင်တာတေက အညာကဆိုတော့ ရေတွေဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ကျွမ်းကျင်ရဲ့လား"

"ဟာ ဆရာနွံ့ဖ၊ တာတေက အညာသားပေမယ့် ပင်လယ်မှာလည်း နေခဲ့ဖူးတာဗျ။ ရေကူးလည်း ကျွမ်းတယ်၊ ရေငုပ်လည်း ကျွမ်းတယ်ဗျ။ ရေအောက်မှာ ပုစွန် စမ်းနေကြလေ ဆရာနွံ့ဖရဲ့"

"ဒါဆို နေရာကျတာပေါ့ကွာ၊ မနက်ဖြန်ညမှာ မောင်တာတေ ရေထဲဆင်းရမှာကွ၊ ဟိုဟာကြီးလေကွာ၊ ဆရာကြီး လုပ်လာတဲ့ ငွေသနွပ်ကြီးနဲ့ မင်း အလုပ်ရှုပ်ရလိမ့်မယ်"

"ဟင် ဟုတ်လား ဆရာနွံ့ဖ၊ အို တွေ့ကြသေးတာပေါ့ဗျာ၊ တာတေက အဲဒီလိုပွဲမျိုးကို သိပ်တွေ့ချင်နေတာဗျ"

ကျုပ်နဲ့ ဆရာနွံ့ဖ ပြောနေတာကို ဆရာကြီးက ကြားသွားပြီး. . .

"မောင်တာတေရဲ့ သတ္တိကိုတော့ ဆရာကြီး ယုံပြီးသားပါကွယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ တော်တော်ကို သတိထားရမယ်ကွဲ့ မောင်တာတေရဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ နွံ့ဖ မောင်တာတေကို အခုနတ်ကြီးလေးပါးအင်း ဘိုဇ်ထား၊ ညရောက်ရင် ကဝေသိုက်ဖျက်အင်းတော်ကြီး တိုက်လိုက်။ မောင်တာတေလည်း ဒီနေ့တစ်နေ့လုံး ပုတီးစိပ်နေကွဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ရတာ တော်တော်ကို ဂရုတစိုက်လုပ်ရမယ့်ပုံပဲ။ တာတေလည်း သေသေချာချာ ပုပ်ရမယ်ထင်တယ်ဗျို့။





တာတေ နတ်ကြီးလေးပါးအင်းသောက်ပြီး တစ်နေကုန် ပုတီးစိပ်နေတယ်ဗျ။ ဆရာကြီးနဲ့ ဆရာနွံ့ဖလည်း ထမင်းစားချိန်က လွဲရင် ဘုရားခန်းက မထွက်ဘဲ ပုတီးစိပ်နေကြတယ်။

ညရောက်တော့ တာတေ့ကို အင်းထပ်ချပ်တိုက်တယ်။ လူခြေတိတ်ချိန်ရောက်တော့ တာတေကျောင်းကြီးပေါ်ကနေပြီး ကန်ထဲကို ကြည့်တယ်။ ဒီည လပိုသာတယ်ဗျို့။ ကန်ကြီးတစ်ခုလုံး လင်းနေတော့တာဗျ။ ညသန်းခေါင်ကျော်တော့ မနေ့ကလိုပဲဗျို့။ ကန်လယ်မှာ လှိုင်းဂယက်တွေထလာပြီး ဖြူဖြူကြီး ပေါ်လာတယ်။ ပြီးတော့ ရေပေါ်မှာ လမ်းလျှောက်ပြီး သွားလာနေလေရဲ့။ တာတေလည်း တံခါးအကွယ်ကနေ သေသေချာချာကြည့်တယ်။ ဆရာနွံ့ဖကတော့ ပုတီးစိပ်နေရတော့ ခေါ်မပြရတော့ပါဘူး"

ဟာ တာတေ ကြည့်နေတုန်းမှာ အဲဒီဖြူဖြူကြီးက အလင်းရောင်တွေ ထွက်လာတယ်ဗျို့။ အဲဒီအလင်းတန်းတွေက ကန်ကြီးတစ်ခုလုံးကို ဖြန့်ထွက်ပြီး မိုးလိုက်သလိုပဲဗျ။ ဒါကဝေစက်ပဲ ထင်တယ်လို့ တာတေ တွေးမိတယ်ဗျ။ ဘာပဲဖြစ်ဖြစ် မနက်ကျရင်တော့ ဆရာကြီးကို ဒီအကြောင်းပြန်ပြောရတော့မှာပဲ။ ကဝေမ ဘာလုပ်တယ်ဆိုတာ ဆရာကြီးမှ သိမှာမို့လား။

တာတေ မအိပ်ဘဲကို စောင့်ကြည့်နေတာဗျို့။ မနက် သုံးနာရီလောက်အထိ ကဝေမက သူ့စက်တွေကို ကန်ပေါ်မှာ ဖြန့်နေတာဗျ။ နောက်မှ ပျောက်သွားတာ။

မနက်ရောက်တော့ ညက တာတေ တွေ့ခဲ့တာကို ဆရာကြီးနဲ့ ဆရာနွံ့ဖကို ပြောပြတော့ ဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စဉ်းစားတယ်ဗျ။

"အင်း ဒါဆိုရင် ဒီညတော့ သေချာပြီဟေ့၊ နွံဖရေ အဆင်သင့်သာ ပြင်ကြပေတော့"

"ဟုတ်ကဲ့ ဆရာ၊ အဆင်သင့်ဖြစ်ပါပြီ"

"မောင်တာတေကတော့ မင်းရဲ့သတ္တိကို အစွမ်းကုန်အောင် ပြရမယ့် ညပဲကွဲ့။ မင်းနဲ့ မင်းဆရာနွံဖက ကန်ထဲကို ဆင်းကြရလိမ့်မယ်။ နှစ်တစ်ရာပြည့်တဲ့ညမှာ အသက်ဝင်လာမယ့် ကျောက်မိချောင်းကြီးကို မင်းတို့ဆရာတပည့်က ဆင်းပြီး ကိစ္စတုံးကြပေတော့။ ကျုပ်ကတော့ ကန်တော်ကဝေမ ခေါ်လာမယ့် ကလေးမလေးကို လမ်းကနေဖြတ်ပြီး တားမယ်။ ပြီးရင် ကန်တော်ကဝေမနဲ့ ပညာချင်းပြိုင်ကြရမှာပေါ့ကွယ်။ သတိတော့ထား နွံဖရေ၊ ကျောက်မိချောင်းက ဝိညာဉ်စားမယ့်အချိန်မှာ မစားရရင် ဒေါသူပုန်ထတော့မှာကွဲ့။ မင်းတို့နှစ်ယောက် တစ်ချက်မှ သတိမလစ်စေနဲ့ဟေ့"

"စိတ်ချပါ ဆရာကြီး"

လို့ ကျုပ်က ပြောလိုက်တယ်ဗျ။ စောင့်နေလို့ ကြာတာလားတော့ မသိဘူးဗျို့။ အဲဒီနေ့က တော်တော်နဲ့ကို မိုးမချုပ်ဘူးလို့ ကျုပ်က ထင်နေတာ။

ဒါပေမဲ့ သဘာဝတရားကတော့ ပုံမှန်ပါပဲဗျာ။ ခါတိုင်းလို နေဝင်သွားပြီးတဲ့နောက်မှာ ခါတိုင်းလိုပဲ မိုးချုပ်သွားတာပါပဲ။

ကျုပ်တို့ဆရာတပည့်သုံးယောက် ညစာတောင် မစားကြဘူးဗျို့။ ဗိုက်ထဲမှာ အစာတွေရှိနေရင် လှုပ်ရှားရမှာ ခက်မစိုးလို့ပေါ့ဗျာ။





ကျုပ်တို့ တန်ရိုပ်ကိုနင်းမိတော့ ညဆယ်နာရီလောက်ရှိပြီဗျ။ ဆရာတပည့်တွေ အင်းဝခေတ်ကတည်းက ရှိနေခဲ့တဲ့ သဘာဝရေကန်ကြီးကို ငေးကြည့်နေကြတာဗျို့။ ကန်တစ်ဖက်ကဖြတ်ပြီး တိုက်လာတဲ့ လေအေးကလေးက ကျုပ်တို့ကို စိမ့်ကနဲ ဖြစ်သွားစေတယ်ဗျ။

ဒါက ကျုပ်ထင်တာနော်။ ဆရာကြီးကတော့ အတွေ့အကြုံတွေ များနေပြီဆိုတော့ ချက်ချင်းကို ပြောတာဗျ။

"သတိထားတော့ဟေ့၊ ဒီလေအေးက သာမန်မဟုတ်ဘူးကွ၊ အအေးဓာတ်က များလွန်းနေတယ်"

ဟုတ်ပါ့ဗျာ၊ ဆရာကြီးစကား ဆုံးရုံပဲရှိသေးတယ်၊ ကန်ရေပြင်တွေ ကယက်ထလာရောဗျို့။ ပထမတော့ ဂယက်က ခပ်ငယ်သေးပဲဗျ။ ကြည့်ရင်း ကြည့်ရင်းနဲ့ ဂယက်တွေ ကြီးကြီးလာတာ။

"ဖျန်း"

ဟာ ဘာကြီးတုံးဟ။ မည်းမည်းကြီးပါလား။ ကန်လယ်မှာ ရေဂယက်ကြီးထပြီး ပေါ်လာတာဗျ။ ရေကို ဖျန်းကနဲ ရိုက်ချလိုက်တာ။

"နွံဖ ကျောက်မိချောင်းတော့ အသက်ဝင်နေပြီကွ၊ ဝိညာဉ်ကို စုပ်ယူဖို့ စောင့်ထနေပြီ၊ ဒါဟာ နှစ်တစ်ရာပြည့်တဲ့အချိန်ပဲကွ။ သန်းခေါင်မကျော်မချင်း မင်းတို့ မဆင်းနဲ့၊ သန်းခေါင်ကျော်လို့မှ သူစောင့်တတဲ့ဝိညာဉ် မစုပ်ယူရရင် ဒီကောင် အားအင်ချိနဲ့လာလိမ့်မယ်။ အဲဒီအချိန်ဟာ မင်းတို့အတွက် အချိန်ကောင်းပဲကွ"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာနွံဖက ဆရာကြီးကို ရိုရိုသေသေ ပြောတယ်ဗျ။ ပြီးတော့ သူလွယ်ထားတဲ့ ဆေးလွယ်အိတ်ကို ဖြုတ်ယူပြီး ဆရာကြီးကို အပ်လိုက်တယ်။ ပြီးတော့ ကျုပ်ဘက်ကို လှည့်ပြီး. . .

"ရော့ တာတေ မင်းကိုင်ရမယ့် ငွေသန္နပ်၊ အပေါ်ကပတ်ထားတဲ့စက္ကူတွေ ခွာလိုက်တော့"

ကျုပ်လည်း ဆရာနွံဖပေးတဲ့ ငွေသန္နပ်ကို ရိုရိုသေသေ လှမ်းယူလိုက်တယ်။ ပြီးတော့ အပေါ်ကနေ လူမမြင်အောင်ပတ်ထားတဲ့ စက္ကူတွေကို ခွာလိုက်တယ်။ လရောင်အောက်မှာ ဝင်းလက်နေတဲ့ ငွေသန္နပ်ကြီး ပေါ်လာတယ်။ ဆရာကြီးကိုယ်တိုင် သေသေချာချာ စီရင်ထားတဲ့ ငွေသန္နပ်ဗျာ။ ကျုပ်က သန္နပ်ကို လက်ထဲမှာ ဆကြည့်လိုက်တယ်။ အပေါ်က အင်္ကျီတွေကို ကျုပ်ရော ဆရာနွံဖပါ ချွတ်ပစ်လိုက်ကြတယ်။

ပုဆိုးတွေကို ခါးတောင်းမြှောင်အောင် ကျိုက်လိုက်ကြတယ်ဗျ။ ကျုပ်က သန္နပ်ကြီးကို ကျုပ်ခါးမှာ ချည်လိုက်တယ်။ လက်ထဲက သန္နပ်လွတ်ကျသွားရင် ပြန်ဆွဲယူလို့ရအောင်ပေါ့ဗျာ။

"ဟော ရေထဲက ဖြူဖြူကြီး တက်လာပြီ ဆရာကြီး"

"ခြေအားပြုတ်တယ် နွံဖ၊ အဲဒါ ကန်တော်ကဝေမပဲ သွေးစိတ်ချ၊ ဒီကောင်မကြီးကို ကျုပ်တာဝန်သာထား"

"ဟော ကဝေမက ရေပေါ်မှာ ပြေးနေပြီဗျို့"

"အသာငြိမ်နေ မောင်တာတေ၊ ဒီကဝေမရဲ့နောက်ကို ကျုပ် လိုက်သွားမယ်"

ပြောပြောဆိုဆို ဆရာကြီးက ကန်တော်ကဝေမ ထွက်



သွားတဲ့ဘက်ကို ဆေးလွယ်အိတ်တစ်လုံးလွယ်ပြီး လိုက်သွားသေးရဲ့၊ ကျုပ်နဲ့ ဆရာနွံဖပဲ ကျန်နေတာဗျို့။ မကြာခင်မှာပဲ လမှုန်းတည်းပြီဗျ။

"ဝုန်း"

ဟာ ရေထဲက လှိုင်းလုံးကြီး ထသွားတာဗျို့။ ဟာ မိချောင်းကြီးပါလား။ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာ။ ခေါင်းတိုကြီးဗျ၊ ခေါင်းကကို တင်းတောင်းလောက် ရှိမလားပဲဗျ။ ဆရာနွံဖက ပါးစပ်က မန္တန်တွေ ရွတ်နေပြီဗျို့။ သန်းခေါင်ကျော်အောင် စောင့်နေပုံပဲဗျ။

"ဝုန်း၊ ဖျန်း"

အလို ရေထဲကနေ ခေါင်းကြီး ထိုးထွက်လာပြီး အမြီးမည်းမည်းကြီးနဲ့ ရေကို ဖျန်းကနဲရိုက်ပြီး ပြန်ငုပ်သွားတာဗျို့။ ဆရာနွံဖက လက်ကို တစ်ချက်မော့ကြည့်တယ်ဗျ။

"ဝုန်း"

ဟော ပေါ်လာပြန်ပြီဗျ။ ဟုတ်ဘူးဗျို့၊ သန်းခေါင်ကျော်သွားလို့ထင်တယ်။ လှုပ်ရှားတာ စောစောကလောက် မကြမ်းတော့ဘူးဗျ။ တာတေတော့ လက်ထဲက ငွေသန္နပ်ကြီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတယ်ဗျို့။

"တာတေ အချိန်ကျပြီ ငါ အရင်သွားမယ်၊ ငါနဲ့ ဒီကောင်နဲ့ သေသေချာချာ ခွဲနေ၊ ငါက အဖြူ ဟိုကောင်က အမည်း မမှားနဲ့ ကြားလား"

ဆရာနွံဖ ဘာကိုပြောလိုက်မလဲ့ ကျုပ် စဉ်းစားနေတုန်းမှာ





www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဆရာနွံဖ ရေထဲကို ခုန်ချသွားတယ်ဗျ။

"ဝုန်း၊ ဖျန်း"

ဟာ ရေထဲက လှိုင်းလုံးကြီးထပြီး ခေါင်းကြီးပေါ်လာပြီ။ ရေကို အမြီးကြီးနဲ့ ရိုက်လိုက်တယ်ဗျ။ ဟင်ဒါ မိချောင်းဖြူကြီးပါလား။

သြော် ဒီလိုကိုး။ ဒီတော့မှ တာတေ ဆိုတဲ့ကောင်က သဘောပေါက်သွားတာဗျို့။ ဆရာနွံဖက ရုပ်ပြောင်းရုပ်လွှဲ မှော်ပညာနဲ့ မိချောင်းဖြူကြီးအသွင်ယူပြီး တိုက်ခိုက်မှာကိုး။ ကဲ ကျုပ်အလှည့်ပေါ့ဗျာ။ ကျုပ် ငွေသန္တပ်ကို လက်ထဲမှာ တင်းတင်းဆုပ်ပြီး ရေထဲကို ခုန်ချလိုက်ပြီဗျို့။

"တာတေတဲ့ဟေ့"

"ဝုန်း"

ရေထဲရောက်ရောက်ချင်းတော့ တာတေ ဘာကိုမှမမြင်ရဘူးဗျို့။ ခဏပဲ။ ခဏကလေးပဲ။ လရောင်ကြောင့်လား၊ တာတေ သောက်ထားတဲ့ အင်းတွေရဲ့ အစွမ်းလားတော့ မသိဘူးဗျ။ ရေအောက်ကို တာတေ မြင်နေရတယ်ဗျ။ ဟာ လှိုင်းလုံးကြီးတွေ တာတေ့ကို ပြေးဆောင့်ပြီဗျို့။ ကျုပ်ဖြင့် နောက်ကို တစ်လံလောက် တောင် လွင့်ထွက်သွားသဗျ။ ဟာ မိချောင်းကြီးနှစ်ကောင် လုံးထွေးနေတာဗျို့။ တစ်ကောင်က အမည်းကြီးဗျို့၊ တစ်ကောင်က ဖြူဖြူကြီးဗျ။ အမည်းကြီးက ကျောက်မိချောင်းကြီးပေါ့ဗျာ။ အဖြူကြီးက ကျုပ်ဆရာ နွံဖပေါ့။





"ဝုန်း ဝုန်း ဝုန်း"

ဟာ တိုက်ပွဲကတော့ တော်တော်ကို ပြင်းထန်နေပြီဗျို့။ ကျုပ်လည်း ငွေသန္တပ်ကို သေသေချာချာကိုင်ပြီး အနားတိုးသွားလိုက်တယ်ဗျ။

"ဝုန်း ဖျန်း အား"

ဝုန်းဆိုတာက မိချောင်းကြီးနှစ်ကောင် ဟုန်းလိုက်တဲ့အသံဗျ။ ဖျန်းဆိုတာက အမည်းကောင်ကြီးရဲ့ အမြီးနဲ့ ကျုပ်ကို ရိုက်လိုက်တာဗျို့။ အားဆိုတာက ရေထဲမှာ ကျုပ် လန့်အော်လိုက်တဲ့အသံ။ ရိုက်မိတဲ့အရှိန်နဲ့ ကျုပ်က ရေပေါ်ကို တစ်လံလောက် ပြန်တက်သွားတာလေ။ ဒီတော့ ကျုပ်အော်လိုက်တဲ့ အသံကြီးက လေထဲမှာ လွင့်ထွက်သွားတာပေါ့ဗျာ။

ကျုပ်ရေထဲကို ပြန်အကျမှာ ရေထဲကို ချက်ချင်းငုပ်ပြီး မိချောင်းကြီးတွေကို လိုက်ရှာရတာပေါ့ဗျာ။ ဟာ တွေ့ပြီဗျို့။ ကန်အောက်ခြေက နွံထဲမှာ နှစ်ကောင်သား လုံးနေတာဗျို့။ အမည်းကောင်ကြီးက အပေါ်ရောက်လာလိုက်၊ အဖြူကြီးက အပေါ်ပြန်ရောက်လာလိုက်နဲ့။ ကျုပ် အသက်ကို နာနာအောင့်ပြီး အနားကို ကပ်လာခဲ့တာပေါ့ဗျာ။ ဆေးဆေးက ရေပေါ်ကို မြောက်အတက်မှာ ကျုပ်က အသက်ကို တစ်ဝကြီး ရှူလာတာဗျို့။

ဟော အမည်းကြီးက အပေါ်ကနေပြီး အဖြူကောင်ကြီးကို ဖိကိုက်နေတာဗျ။ တွေ့ကြသေးတာပေါ့ကွာ။ ငါ့ဆရာနွံဖကို ကိုက်တဲ့အကောင်၊ ကျုပ်ဆရာ ခံနေရတာတွေ့တော့ ကျုပ်ဒေါသတွေ ချက်ချင်းဆူပွက်သွားပြီး ငွေသန္တပ်ကို လက်နဲ့စုံကိုင်ပြီး မိချောင်း



www.burmeseclassic.com

www.burmeseclassic.com



မည်းကြီးရဲ့ လက်ပြင်ကနေ အားကိုစိုက်ထည့်လိုက်တာဗျို့။

"ကဲကွာ ကဲ သေပေတော့"

အသားထဲကို စိုက်ဝင်သွားတဲ့ သန္တပ်ပင်ကြီးကို ကျုပ်အားနဲ့ ထပ်ဖိပြီး သွင်းလိုက်တာဗျို့"

"ဝုန်း"

မိချောင်းကြီး ချက်ချင်းကို ထွန့်ထွန့်လူးသွားတာဗျို့။ မိချောင်းဖြူကြီးက ချက်ချင်းရုန်းထွက်ပြီး အမည်းကောင်ကြီးကို ကိုက်တော့တာပဲဗျ။ အမည်းကောင်ကြီးက ကန်ထဲမှာ လှည့်ပတ်ပြေးတာပေါ့ဗျာ။ ကျုပ်လည်း ထပ်ပြီးအသက်မအောင့်နိုင်တော့တာနဲ့ ရေပေါ်ကို ပေါ်ခဲ့ရတာပေါ့ဗျာ။

ဒါပေမဲ့ သန္တပ်ကြီးက ကျုပ်ခါးမှာ ချည်ထားတာဆိုတော့ ကျုပ်က ရေပေါ်ပြီး အသက်ရှူလိုက်၊ အောက်ကမိချောင်းကြီးက ဆွဲတော့ ရေထဲပြန်ပြုတ်လိုက် ဖြစ်နေရောဗျို့။ မိချောင်းမည်းကြီးက ကန်ကိုပတ်ပြီး ကူးပြေးနေသေးတာဗျ။ ခဏကြာတော့မှ ငြိမ်သွားတယ်။ မိချောင်းဖြူကြီးကလည်း ဟောက်လျှောက်ကို လိုက်ကိုက်နေတာဗျို့။ ဟော ငြိမ်သွားပြီ၊ ငြိမ်သွားပြီ၊ ဟာ မိချောင်းကြီးက ကျောက်ရုပ်ကြီး ဖြစ်သွားပြီဗျို့။ ကျုပ်ရဲ့ ငွေသန္တပ်ကြီးလည်း ကျွတ်ထွက်သွားပြီဗျ။ ကျုပ်က ကြိုးကနေကိုင်ပြီး ငွေသန္တပ်ကို ပြန်ဆွဲယူထားလိုက်တယ်။ ကျုပ်လက်ထဲကို သန္တပ်ပြန်ရောက်ပြီ။

ဟာ ကွဲသွားပြီဗျို့၊ ကျောက်မိချောင်းကြီးက အက်ကြောင်းကြီးတွေပေါ်လာပြီး ကွဲထွက်သွားပြီဗျို့။ ဟင် မိချောင်းဖြူကြီး ချက်ချင်းရေပေါ်ကို ထိုးထွက်သွားပြီဗျ။ ကျုပ်လည်း ရေပေါ်ကိုပေါ်ပြီး





ကန်စပ်ကို ကူးရတာပေါ့ဗျာ။ ကန်စပ်ကို တက်လိုက်တော့ သစ်ပင်တစ်ပင်မှာ မှီပြီးထိုင်နေတဲ့ ဆရာနှံဖကို တွေ့လိုက်ရတယ်။ တော်ပါသေးရဲ့ဗျာ။

"တာတေရေ မင်းရဲ့သတ္တိကတော့ ပြိုင်စံရှားပါပဲကွာ"

လို့ ဆရာနှံဖက ဆီးပြီးပြောတယ်ဗျ။

"ကဲ တာတေ မင်းခါးမှာ ချည်ထားတဲ့ သန္တပ်ကြိုး ဖြုတ်လိုက်ကွ၊ ဆရာကြီးနောက်ကို လိုက်ကြဦးစို့ရဲ့"

ကျုပ်လည်း ခါးကသန္တပ်ကြိုးကို ဖြုတ်တယ်။ သန္တပ်ကိုတော့ လက်က ကိုင်လာတယ်ဗျ။ လိုကာမယ်ကာပေါ့ဗျာ။ ဆရာတပည့်နှစ်ယောက်လုံးကတော့ ရွှေအရွဲသားနဲ့ပေါ့ဗျာ။ ဟော တွေ့ပြီဗျို့၊ ကန်ရဲ့အရှေ့ဘက်မှာ ကဝေမကြီးနဲ့ ဆရာကြီးနဲ့ အပြင်းအထန်ကို တိုက်နေကြတာဗျို့။

"ဟဲ့အကောင် ဆရာစုတ်၊ နင့်လူတွေ ငါ့ရဲ့မိချောင်းကို ကိစ္စတုံးလိုက်ကြပြီမို့လား၊ အေး နင့်ကိုငါ ကိစ္စကူးပြီသာ မှတ်တော့ ဆရာစုတ်"

"ငါက နင့်အသက် နင့်ကိုယ်ထဲဝင်လာအောင် တမင်စောင့်နေတာပေါ့ ကဝေမရဲ့၊ ဒါမှ နင့်ကို ငါ ကိစ္စတုံးလို့ရမှာ"

"ခြော် ဒီလိုလား၊ ရော့ ဟောဒီကဝေစက်က ငါကိုယ်ပိုင်စက်ပေါ့၊ ရော့"

ကဝေမကြီးက မျက်လုံးကရော၊ ပါးစပ်ကပါ တဝင်းဝင်းနဲ့ စက်တွေ ထုတ်လွှတ်လိုက်တာဗျို့။ ဆရာကြီးက လက်ဝါးကို ဖြန့်ကားလိုက်ပြီး ပြန်တွန်းပေးလိုက်တော့ ကဝေမကြီးရဲ့စက်တွေက မြေ

www.burmeseclassic.com



ဆက်မတိုးနိုင်ဘဲ ကဝေမကြီးဖါ ဖင်ထိုင်ရက်လဲကျသွားရောဗျို့။ ကဝေမကြီးကား လဲနေရာကနေ ပြန်ထမယ်အလုပ်မှာ ဆရာကြီးက ရှေ့ကို ပြေးဝင်သွားပြီး သူ့လက်ထဲက ဆေးတောင့်နဲ့ တအားပေါက်ချလိုက်တယ်ဗျို့။

"ဝုန်း ဝုန်း"

ဟာ မီးတောက်ကြီး ပါ ထသွားတာဗျို့။ ကဝေမကြီးလည်း မီးတောက်ထဲမှာ လှိမ့်နေရောဗျာ။

"အဲဒါ မီးမှော်လို့ခေါ်တယ် ကဝေမရေ နင်က ရေထဲက လာတဲ့ ပညာသည်ဆိုတော့ နင့်ကို မီးမှော်နဲ့ တိုက်လိုက်တာလေ။ မီးများ မီးနိုင်၊ ရေများ ရေနိုင်တဲ့။ ကဲ နင်ရအောင် ငြိမ်းပေးတော့"

ကဝေမကြီးက လက်ကြီးတွေ ကွေးကောက်ပြီး ပါးစပ်ကြီးဟပြီး ရေတွေ မှုတ်ထုတ်တယ်ဗျ။ ဒါပေမဲ့ သူ့ပါးစပ်က ထွက်လာတဲ့ ရေက မီးတောက်ကြီးကို လုံးဝမငြိမ်းနိုင်တော့ဘူးဗျို့။ မီးတောက်ကြီးက ကြီးသထက်ကြီးလာပြီ။

"အား"

ကဝေမကြီး အသံနက်ကြီးနဲ့ အော်လိုက်တာ အနီးနားက ကျီးကန်းတွေတောင် လန့်ပျံကုန်ကြတာဗျို့။

"အား အား အား အား အား"

ကျီးပျံတဲ့အသံတွေက ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားတော့တယ်ဗျာ။

"ဟင် ဟိုမှာ မိန်းကလေးတစ်ယောက် လဲနေပါလား ဆရာနှံဖ"





"ဟေ ဟုတ်သားပဲကွ၊ အသာကြည့်နေ တာတေ"

နောက်ဆုံးတော့ မီးတောက်ကြီးက ကန်တော်ကဝေမကြီးကို ပြာဖြစ်အောင် လောင်မြိုက်သွားတော့တာပေါ့ဗျာ။

"ဟင် ဟိုကလေးမလေး ထလာပြီဗျ"

ကျုပ် ကြည့်နေတုန်းမှာပဲ လမ်းဘေးမှာ လဲနေတဲ့ မိန်းကလေးက သတိရသွားပြီး ငုတ်တုတ်ကလေး ထထိုင်တယ်ဗျ။ ပြီးတော့ ဟိုကြည့် သည်ကြည့် လုပ်နေတယ်။

"နှံဖနဲ့ မောင်တာတေ လာကြကွဲ့၊ ဒီကလေးမကို ကျောင်းကိုခေါ်ခဲ့၊ ဘုန်းကြီးဦးဉာဏဆီ အပ်လိုက်ကြ"

ကျုပ်တို့ ကျောင်းပြန်ရောက်တော့ ဘုန်းကြီးဦးဉာဏနဲ့ ဦးပဉ္စင်းတွေက ကျုပ်တို့ကို ဆီးကြိုနေကြတာဗျ။ သူတို့တွေ ကန်ထဲကတိုက်ပွဲကို လရောင်အောက်မှာ မြင်နေရတာဆိုပဲ။ ဆရာကြီးရဲ့ တိုက်ပွဲကို တွေ့မမြင်ရပေမယ့် ပြောဆိုကြွေးကြော်သံတွေကို အတိုင်းသား ကြားနေကြရတယ်တဲ့ဗျ။

နောက်တစ်နေ့ရောက်တော့ ကဝေမကြီးစက်လွှတ်ပြီး ခေါ်လိုက်တဲ့ ကလေးမကလေးကို သူ့အိမ် ပြန်ပို့ပေးကြတယ်။ ကန်တော်ကဝေမကြီး မရှိတော့တဲ့အကြောင်းကိုတော့ ဘုန်းကြီးဦးဉာဏက ပြောပြလေရဲ့။ ကျုပ်တို့ ဆရာတပည့်တွေကတော့ ရန်ကုန်ကို ပြန်ခဲ့ကြတာပေါ့ဗျာ။

တာတေ

◆◆◆



www.burmeseclassic.com